ငါးမည်ရပြည်ဇတို တောင်ကြီးမြို့အရှေ့ဖျား

# ရွှေဘုန်းပွင့်ဘုရား

## သမိုင်း



ဘဒ္ဒန္တ ဝါသေဋ္ဌ

ကမ္မဋ္ဌာနာစရိယ(ပြည်တွင်း/ပြည်ပသာသနာပြု)
ရွှေဘုန်းပွင့်ဘုရားကျောင်းတိုက်၊ တောင်ကြီးမြို့

| သာသနာ | ကောဇာ | ခရစ် |
|---|---|---|
| ၂၅၄၉ | ၁၃၆၇ | ၂၀၀၅ |



ဒုတိယအကြိမ် ကြေးထီးတော်နှင့် ဦးဝိဇယ

# မကောင်းမှုမှန်သမျှ လုပ်ဝံ့သူ

ဧကံ ဓမ္မံ အတီတဿ ၊ မုသာဝါဒိဿ ဇန္တုနော။
ဝိတိဏ္ဏပရလောကဿ၊ နတ္ထိ ပါပံ အကာရိယံ။

ဓမ္မပဒ.၁၇၆

For one who transgresses the Truth, and is given to lying,
and who is unconcerned with the life hereafter
there is no evil that he dare not do.

(D.m.p-176)


သစ္စာအမှန်တရားကိုလွန်၍ ၊ မဟုတ်မမှန် မုသားစကားကို လွန်ကျူးပြောဆိုတတ်သော ၊ နိဗ္ဗာန်၏ ဆန့်ကျင်ဘက်ဖြစ်သော အပါယ်လေးဘုံကိုလည်း မကြောက်တတ်သော ပုဂ္ဂိုလ်သည် ၊ အဘယ်မျှကြီးလေး အဘယ်မျှကြီးကျယ် အကုသိုလ်ဝယ် ၊ သူမလုပ်နိုင် သူမစွမ်းနိုင်စရာ ၊ ပညာမျက်စိ ဖွေရှာကြည့် တကယ်မရှိပါတကား--။

အမှန်ပြောရမှာကိုကြောက်၊ လိမ်ညာမုသားစကားနောက်၊
ကောက်ကောက်လိုက်သူ၊ ငရဲမကြောက်သူ-အသင်လူ၊
သင်မလုပ်နိုင်စရာ အကုသိုလ်ဟာ၊
ဘယ်မှာရှာရှာ-မရှိပါတကား။

တခွန့ ဝါသေ့၌
ရွှေတုန်းပွင့်ဆရာတော်
တောင်ကြီးမြို့



ငါးမည်ရပြည်ဖဟို တောင်ကြီးမြို့အရှေ့ဖျား ရွှေဘုန်းပွင့်ဘုရား



ဒုတိယကြေးထီး ဌာပနာနေရာ
အောင်မင်္ဂလာလာဘ်ပေါ်ကပ်ကျော်စေတီတော်

ငါးဆက်မြောက်

# ယက္ကန်းစင်တောင်ဆရာတော်ဘုရားကြီး

## ဦးဩဘာသ မဟာထေရ်




" ငါးမည်ရ ပြည်ဇာတို ၊ တောင်ကြီးမြို့ အရှေ့ပျား ၊ ရွှေဘုန်းပွင့်ဘုရား" တည်အပြီး ၁၃၃၂-ခုနှစ်၊ တန်ခူးလပြည့်၊ အင်္ဂါနေ့ နောက်ဆုံး ရိုက်ကူးထားသောပုံတော် တန်ခူးလပြည့်ကျော်(၃)ရက်၊ သောကြာနေ့တွင် ပျံလွန်တော်မူသည်။



နဂါးနှစ်ကောင် ရေထွက်



ဆင်တဲရေကန်ဖွင့်ပွဲ




သမိုင်းပြုစုသူ ဘဒ္ဒန္တ ဝါသေဋ္ဌ



တရုတ်နတ်စစ်သူကြီး



ဗုဒ္ဓဝင်ပြပွဲပြလို့ ဗျာဒိတ်ပေးတည်စို့



ဖျာဒိတ်ပေးဘုရားတည်အပြီး အနေကဇာတင်ပွဲ ⬆




ဖျာဒိတ်ပေးဘုရား ဂန္ဓကုဋီထီးတော် မတင်မီအပူဇော်ခံ ⬆




တည်ပြီးစ ကြည်ညိုဖွယ်ရာ ဗျာဒိတ်ပေး ရုပ်ပွားတော် မျက်နှာတော်


ရွှေဘုန်းပွင့်တောင်ပိုင်ဘိုးဘိုးကြီး

ဂိုဒ္ယဝ္ယဝ္ဒးထွာ ရှၦ်ယြေဇေလင္ဝ္ဒ်





ယာယီဗျာဒိတ်ပေးဘုရားနှင့် မင်းကွန်းဆရာတော်



ဒေဝယက္ခ



ရှင်သီဝလိမထေရ်



ရှင်ဥပဂုတ္တမထေရ်



ယက္ကန်းစင်တောင်
ဆရာတော်
တောင်ကြီးမြို့သို့
စတင်ကြွလာစဉ်



တောင်ကြီးမြို့ သစ်တောရပ်ကွက်၊ ကျောက်တစ်လုံးလမ်း။
ဦးစောလှ-ဒေါ်မွှားရဲ့တွင် ဆရာတော်ကြီး သီတင်းသုံးနေစဉ်





စေတီပန္နက်တင်မင်္ဂလာ




မူလဘူတ နွားလားဥသဘတောင်(ခေါ်) ဘိုးမင်းတောင် ↑



→ ဘုရားတည်ရန် တောင်ဘို့ကို ဖြိုချနေစဉ်



ဘုရားတည်ရန်
ဘိုးမင်းခေါင်ထိပ်
တောင်ကမူကို မြေညှိနေစဉ်



ရှင်ပြု ပန္နက်တင်မှ
ဦးတင်ဝင်း+ဒေါ်စန်းစန်းနွယ်
နှင့်
သားနှစ်ယောက်



ဖောင်ဖေးရှင်း တူးအပြီး ဒုတိယအကြိမ် ဆရာတော်ကြီး တောင်ကြီးမြို့သို့ ကြွလာစဉ် ⬆



ဘုရားတည်ရန် တောင်ဘို့ကို ဖြိုချနေစဉ် ⬆

ငွိဗလၤဖျိးမှာ်ပှၤဝဲၤဝဲၤဒၣ် လးနံၣ်ကွၢ်ထီၣ်ခံနံၣ်ဃ ၁၉၆၉-၄၆၆၄





ပင်မစေတီနေရာ ကြက်ခြေခတ်သဏ္ဍာန် အုတ်မြစ်ချနေစဉ်



စေတီတော်ကြီးအောက် ပလ္လင်တော် ⬆



ကျောက်တုံးများသည်၍ ဝမ်းစာဖြည့်နေကြစဉ် ⬆




ဝမ်းစာဖြည့်ရင်း
ကုသိုလ်ယူ

ပထမအကြိမ်
ဘုပနာပိတ်ပွဲ





ဌာပနာပစ္စည်းများကို ကြည်ညို့နေကြစဉ်



ပထမအကြိမ် ဌာပနာပစ္စည်းများကို အကြည်ညိုခံနေကြစဉ်



ပထမအကြိမ် ဌာပနာနေစဉ်



ပထမအကြိမ် ဌာပနာနေစဉ် ↑



ခေါင်းလောင်းတော် ဝမ်းစာဖြည့်နေပုံ



ပတ္တမြားဂူမှ ကျောက်များကို လက်ဆင့်ကမ်းလို့ တောင်ပေါ်သို့



တောင်အတက်ကားလမ်း ဖောက်နေစဉ်



ဒုတိယအကြိမ်
ဗွာပနာပိတ်ပွဲ
လှည့်လည်နေစဉ်


ဦဝန်ဓး ဥေးဥဝ
ဂိုငွဂွဝ်းကဝ်ရှုဂွ□ဲေဒေကဂွဝ်




ဒုတိယအကြိမ်
ဌာပနာပိတ်ပွဲ
ဝင်းခင်းနေစဉ်



ဒုတိယအကြိမ်
ဌာပနာပိတ်ပွဲ
သံဃာတော်များ
ကြွလာစဉ်



ဒုတိယအကြိမ်
ဌာပနာပိတ်ပွဲ



သပိတ်မှောက်
အထိ
တည်ပြီးစဉ်




ပထမထီးတော်မတင်မီ
လှည့်လည်အပူဇော်ခံစဉ်




အရံစေတီနှင့်ရုပ်ပွားတော်များ
လှည့်လည်အပူဇော်ခံနေပုံ





ပထမထီးတော်မတင်မီ လှည့်လည်အပူဇော်ခံနေစဉ်




ပထမထီးတော်မတင်မီ လှည့်လည် အပူဇော်ခံနေစဉ် ↑



ပထမအကြိမ်
ထီးတော်တင်ပွဲ →



ပထမ ထီးတော်တင်ရန် ပြင်ဆင်ထားပုံ ⬆



ထီးတော်တင်လှူပွဲ ခြိမ့်ခြိမ့်သဲ ⬆



ပထမအကြိမ် ထီးတော်တင်



ယက္ကန်းစင်တောင်ဆရာတော် သံဃာအပ်နှံပွဲ ကံဦးကျောင်း



တောင်ကြီးမြို့ ပထမဦးဆုံးအကြိမ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပပုံ



ယက္ကန်းစင်တောင်ဆရာတော်နှင့်ဝေယျာဝစ္စဒုလ္လဘာ(၂၄)ဦး

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ဝါးမည်ရပြည်ဗဟို

တောင်ကြီးမြို့ အရှေ့ဖျား

# ရွှေဘုန်းပွင့်ဘုရား

သမိုင်း


ဘဒ္ဒန္တဝါသေဋ္ဌ B.Sc,(Chem;)

ကမ္မဋ္ဌာနာစရိယ(ပြည်တွင်း/ပသာသနာပြု)

ရွှေဘုန်းပွင့်ကျောင်းဆရာတော်

တောင်ကြီးမြို့။


( ပြုစုရေးသားသည် )


မိခင်စာအုပ်အမှတ် (၅၇)

အမှန်တရားသည်အင်အား

သစ္စာ မေတ္တာ

**ပုံနှိပ်မှတ်တမ်း**

| | |
|---|---|
| စာမူခွင့်ပြုအမှတ် | ၃၂၀၃၈၄၀၅၀၆ |
| မျက်နှာဖုံးခွင့်ပြုချက် | ၃၂၀၃၆၈၀၅၀၇ |
| အုပ်ရေ | ၁၀၀၀ |
| တန်ဖိုး | မမှဒါန |
| ထုတ်ဝေသည့်ရက်စွဲ | ၂၀၀၅ခုနှစ်၊ ဩဂုတ်လ |
| အကြိမ် | ပထမအကြိမ် |
| ထုတ်ဝေသူ | ဒေါ်ချယ်ရီသိန်း၊(မြ-၀၃၉၈၁)<br>မိခင်ဧရာဝတီစာအုပ်တိုက် |
| ကွန်ပျူတာစာစီ | တောင်ကြီးကိုယ်တော် |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ | ဦးကျင်ရင် (မြ-၀၅၄၁၇)<br>ရွှေခြသေ့်ပုံနှိပ်တိုက် |
| မျက်နှာဖုံးဒီဇိုင်း | **Eagle** |
| အတွင်းဖလင် | ကိုအောင်ခင်ဦး |
| စာအုပ်ချုပ် | ကိုမောင်မောင်အုန်းအဖွဲ့ |

## အမှာစာ–မာတိကာ


၁။ ပြည့်စုံစေလို့ ဆန္ဒပို့ - - - - - - - - - - - - ၁
၂။ ဘဝတစ်ကွေ့ စိန်ပွှးတွေ့ - - - - - - - - - - - ၂
၃။ စိန်ပွှးပဟေဠိ အဖြေညှိ - - - - - - - - - - - ၆
၄။ ပေါ်တဲ့သူ ပေါ်မှဖေါ်မှာ - - - - - - - - - - ၇
၅။ သံနှင့်ကြေး ပဟေဠိပေး - - - - - - - - - - - ၉
၆။ မပြည့်စုံက ထုတ်၍မရ - - - - - - - - - - - - ၁၀
၇။ အိပ်မက်အကြောင်းကို သိစေလို့ - - - - - - - ၁၁
၈။ အိပ်မက်, မက်ရခြင်းအကြောင်း ၄–ပါး - - - - ၁၁
၉။ အိပ်မက် မက်သူနှင့် မမက်သူ - - - - - - - - ၁၃
၁၀။ အဟောနှင့်ညီညွတ်သော အိပ်မက် မက်ချိန်- ၁၃
၁၁။ ကျက်ဒ္ဒိတန်ခိုး (ဘုန်းတန်ခိုး) - - - - - - - - - ၁၄
(၁) အဓိဋ္ဌာနဣဒ္ဓိ - - - - - - - - - - - - - - ၁၅
(၂) ဝိကုဗ္ဗနဣဒ္ဓိ - - - - - - - - - - - - - - ၁၆
(၃) မနောမယဣဒ္ဓိ - - - - - - - - - - - - - ၁၆
(၄) ဉာဏဝိပ္ဖါရဣဒ္ဓိ - - - - - - - - - - - - - ၁၇
(၅) သမာဓိဝိပ္ဖါရဣဒ္ဓိ - - - - - - - - - - - - ၁၇
(၆) အရိယဣဒ္ဓိ - - - - - - - - - - - - - - - ၁၈
(၇) ကမ္မဝိပါကဇဣဒ္ဓိ - - - - - - - - - - - - ၁၉
(၈) ပုညဝန္တဣဒ္ဓိ - - - - - - - - - - - - - - ၁၉
(၉) ဝိဇ္ဇာမယဣဒ္ဓိ - - - - - - - - - - - - - ၂၀

(၁၀) သမ္မပယောဂဏ္ဍာဒ္ဒိ - - - - - - - - - - - - - ၂၀
၁၂။ ဏ္ဍာဒ္ဒိအောင်ပွဲ ရွှေဘုန်းပွင့် - - - - - - - - - ၂၀
၁၃။ သိပ္ပံပညာနှင့် ဏ္ဍာဒ္ဒိဝိတေန်ရိုး - - - - - - - - - ၂၂
၁၄။ ဂူဏ်ထူးဆောင် ဂေါပကာပုဂ္ဂိုလ် - - - - - - - ၂၃
၁၅။ ဂူဏ်ထူးဆောင် ဝေယျာဝစ္စပုဂ္ဂိုလ် - - - - - - ၂၄
၁၆။ မပြည့်စုံလျှင် အကြံပြုစေချင် - - - - - - - - - ၂၅

# သမိုင်းရေးသူ အမှာစာ

## ပြည့်စုံစေလို့ ဆန္ဒပို

၂၀၀၁-ခုနှစ် ခန့်ဆီက ရွှေဘုန်းပွင့်ဘုရားသမိုင်း ပြည့်ပြည့်စုံစုံ စာအုပ်တစ်အုပ်ဖြစ်ပေါ် ရန် ဒကာကြီး ဦးတင်ဝင်းက ဆန္ဒရှိကြောင်း မိမိအားလျှောက်ထားပြီး ရွှေဘုန်းပွင့်ဘုရား၏ သမိုင်းဝင်ဓါတ်ပုံများ၊ စာရွက်စာတမ်းများ ကိုထုတ်ပြသည်။

ဇနီးဖြစ်သူ ဒေါ်စန်းစန်းနွယ် ကလည်း ဘုရားအကြောင်း ခဏခဏ ပြောပြပါသည်။

၂၀၀၂-ခုနှစ်၊ ရွှေဘုန်းပွင့်သမိုင်း ရေးရန်လျှောက်ထားပါသည်။ ထိုအချိန်တွင် စာရေးသူသည် တရားစာပေများ ရေးသားနေချိန်ဖြစ်၍ လျှောက်ထားဟန်ရှိပါသည်။

စာရေးသူ စဉ်းစားမိသည်မှာ ထိုဘုရားကို မီလိုက်သူများသည် တဖြေးဖြေးကွယ်ကုန်ကြလေပြီ။ သမိုင်းအထောက်အထားကလည်း ခိုင်လုံသော ဓါတ်ပုံများရှိနေသည်။

သမိုင်းမီလိုက်သူ ပြောပြမည့် ဦးဂန္ဓမာ၊ ဒကာကြီး-ဦးတင်ဝင်း၊ ဦးကြင်၊ ဦးပေါစံ တို့ကလည်းရှိနေသည်မို့ ရေးဖို့စိတ်ဝင်စားခဲ့ပါသည်။

သို့သော် ရေးရန်ကား အကြောင်းမညီညွတ်ခဲ့ပါ။

## ဘဝတစ်ကွေ့ စိန်ဖူးတွေ့

၂၀၀၃-ခု၊ နှစ်ဦး ဒေါက်တာအောင်ကျော်၏ **'မေတ္တာသည်သာလျှင်'** ဘာသာပြန် ရိုက်အပြီး စာမူကို ပြန်ပေးရန် တောင်ကြီးမြို့သို့ ခေတ္တပြန်လာခဲ့စဉ်၊ မိမိ၏ ဆွမ်းဒကာကြီး ဦးအောင် ဒေါ်တင်တင်ဦး (ရေအေးကွင်းရပ်) ထံ၊ စာရေးသူ ဓမ္မဒါနပူဇော်သော **'ဘဝတစ်ကွေ့ခဏတွေ့'** တရားစာအုပ်ကို ပေးလှူရန် ရောက်ရှိသွားသည်။

အိမ်ထဲဝင်လိုက်သည်နှင့် ဒကာကြီးက ဝမ်းသာအားရ ပြောလိုက်မှာ-

**ဦးအောင်** – 'တပည့်တော် မနှစ်က- အရှင်ဘုရားကို ပြောလိုက်တဲ့ ရွှေဘုန်းပွင့်ဘုရားစိန်ဖူးတော် ဓါတ်ပုံ ရှာတွေ့ပြီးဘုရား--'

**စာရေးသူ** – 'ဘယ်တုန်းကလည်း ဒကာကြီးရဲ့'

ရုတ်တရက်ပြောလိုက်တော့ မိမိမှာ အမှတ်မရခဲ့။

**ဦးအောင်** – 'အရှင်ဘုရားပဲ မနှစ်က ပြောတယ်လေ။ ရွှေဘုန်းပွင့်သမိုင်း ရေးမလို့ဆိုတော့ တပည့်တော်မှာ စိန်ဖူး-ဓါတ်ပုံ ရှိတယ်လို့-'

**စာရေးသူ** – 'ထိုင်ပါဦး ဒကာကြီးရဲ့၊ ဦးပဥ္စင်း စဉ်းစားပါရစေဦး'

ဒကာကြီးက မထိုင်။ အိမ်ပေါ်တက်သွားပြီး ဓါတ်ပုံယူလာပြီးပြတော့မှ မိမိ သတိရပါတော့သည်။

**စာရေးသူ** – 'ရန်ကုန်ရောက်ရင် ရန်ကုန်ကိစ္စ။ တောင်ကြီးကို အခုမှပြန်ရောက်တော့ ရုတ်တရက်သတိမရတာ ဒကာကြီးရဲ့။ ခွင့်လွှတ်ပါ-'

**ဦးအောင်** – 'အရှင်ဘုရားလည်း ပါရမီပဲနော်- ရန်ကုန်နဲ့တောင်ကြီး ခေါက်တုန့်ခေါက်ပြန်သွားပြီး သာသနာပြု သွားနေရတယ်၊ ပင်ပမ်းမှာပဲ-'

**စာရေးသူ** – 'ပင်ပမ်းတယ်ရယ်လို့ မဟုတ်ပါဘူး။ ဒကာကြီးပြောသလိုပဲ ပါရမီပါလာတယ် ပြောရမလား-။ ရောက်ရာအရပ် ကိုယ့်ထက် ထေရ်ကြီးဝါကြီးတွေက ဓမ္မရေးရာ ဆောင်ရွက်ဖို့ အမိန့်ရှိလို့ ဂရုဂါရဝတရား ထားပြီး ကိုယ်စွမ်းနိုင်ရာက အကူအညီပေးရတာပါ'

'ရဟန်းတော်မှ မဟုတ်ပါဘူး၊ လူတွေက ဓမ္မရေးရာအကူညီတောင်းရင်လည်း ဆောင်ရွက်ပေးလိုက်တာပါပဲ'

**ဦးအောင်** – 'အရှင်ဘုရားက သာသနာစိတ်နဲ့ အမြဲအကူညီပေးတယ်။ ဒါကြောင့်မို့ ထင်တယ် တပည့်တော်အမြင်မှာ အရှင်ဘုရား သာသနာပြုတာ အမြဲတန်းအောင်မြင်ပြီး တစ်ဆင့်ထက်တစ်ဆင့် မြင့်မြင့်လာတာ တွေ့ရပါတယ်-ဘုရား'

**စာရေးသူ** – "ဦးပဥ္ဇင်း ငယ်ဆရာတော်က မိန့်ဖူးတယ်-

**–သူများကောင်းအောင် ကိုယ်ကတော်**
**–သူများတော်အောင် ကိုယ်ကကောင်း**

**အဲဒါသူတော်ကောင်း။**
**–နာမည်ကြီးဖို့ အရေးမကြီးဘူး**
**–မှန်ဖို့ အရေးကြီးတယ် တဲ့–။**

ဦးပဥ္ဇင်း- ဆရာသမားများရဲ့ အဆုံးအမအတိုင်း တတ်နိုင် သရွေ့ကျင့်ပါတယ်။ သာသနာဟာ ဦးပဥ္ဇင်း အသက်ပဲ။ အဲဒါတွေ ခဏထားလိုက်ပါ ဒကာကြီး၊ ဓါတ်ပုံပြပါဦး"

စကားဖြတ်ပြီး ဓါတ်ပုံကိုကြည့်လိုက်၏။

ထိုင်လျက် စိန်ဖူးတော်ကို ကိုင်ထားသောအသက် ၇၀-အရွယ် ဒကာမကြီးတစ်ဦး(ယက္ကန်းစင်တောင်ဆရာတော် နှင့်မျက်နှာဆင်သည်) ဒကာမကြီး၏နောက်တွင် ၃၀-အရွယ် စုံတွဲ နှစ်တွဲရပ်လျက်။ **ကောင်းမြင့်ဓါတ်ပုံတိုက်တွင် ၁၉၇၉– ခုနှစ် ကရိုက်ထားသော အဖြူအမဲဓါတ်ပုံ။**

ထို့စဉ် ဒကာမကြီး-ဒေါ်တင်တင်ဦး ရောက်လာပြီး အကြောင်းစုံ ရှင်းပြပါတော့သည်။

**ဒေါ်တင်တင်ဦး** –' ထိုင်နေတာက တပည့်တော်မရဲ့ အမေပါ ဘုရား-။ ယက္ကန်းစင်တောင်ဆရာတော်ကြီးဘုရား က အမေ့ကို ဓါတ်လုံး ပေးထားပါတယ်ဘုရား-'

ဓါတ်လုံးလက်စွတ် ထုတ်ပြပါသည်။

**စာရေးသူ** – ' ဒကာမကြီးအမေ မျက်နှာက ဆရာတော် ကြီးနဲ့ ဆင်တယ်။ မောင်နှမပြောရင်ယုံမယ်။ စိန်ဖူးအကြောင်း ပြောပြပါဦး။ ဘယ်ကနေ ဘယ်လိုလုပ်ပြီး

စိန်ဖူးက အောက်ကိုရောက်နေပြီး ဒကာမကြီးတို့နဲ့ ဘယ်လို ဆက်စပ် လာတာလဲ-?'

**ဒေါ်တင်တင်ဦး** –" **၁၉၇၇–ခုနှစ်** လောက်က။ မြစိမ်းတောင် မှာ သာသနာပြုနေတဲ့ **မြစိမ်းရှင်မင်းသမီး** လို့ခေါ်တဲ့ **ဒေါ်သိန်းရှင်** ဆိုတာရှိတယ်။ တပည့်တော်တို့ ကျောက်အရောင်းအဝယ်လုပ်ရင်း ခင်မင်ကြပါတယ်။"

" တစ်နေ့ သူက တပည့်တော်တို့ကို ရွှေဘုန်းပွင့်စိန်ဖူးတော်မှာ ရတနာတွေ ထပ်လှူဖို့ပြောတယ်။ တပည့်တော် လည်ဆွဲလုပ်မယ့် **ပတ္တမြား ၈၁–ပွင့်**ကို လှူလိုက်ပါတယ်။"

" စိန်ဖူးအပ်ထားတဲ့ **ကန်အောက်ရပ် ဦးကျော်ညွန့် ရွှေပန်းတိမ်** ကိုပတ္တမြားသွားပို့ပါတယ်။ ဦးကျော်ညွန့်က သူ့ဆီမှာရှိတဲ့ သလင်းကျောက်ကလေးကို ထပ်တပ်ရင် ကောင်းမယ်ဆိုတဲ့အကြောင်း ပြောပါတယ်။"

"အဲဒါနဲ့ **တစ်ဦးကို ၇၅–ကျပ်၊ လေးဦးစပ်ပြီး စုစုပေါင်း ၃၀၀–ကျပ်** လှူလိုက်ကြပါတယ် ဘုရား။"

" စိန်ဖူးပြီးတော့ အမှတ်တရ ဓါတ်ပုံရိုက်ထားကြလို့ ဦးကျော်ညွန့်ကပြောလို့ ဓါတ်ပုံ ရိုက်ဖြစ်သွားတာပါဘုရား"

"ဓါတ်ပုံထဲက တပည့်တော်တို့ ဇနီးမောင်နှံရယ် ကျန်နှစ်ဦးကတပည့်တော်မရဲ့ သူငယ်ချင်းဇနီးမောင်နှံပါ။"

**ဘဝတစ်ကွေ့ စာအုပ်လှူယင်း**

**စိန်ဖူး စတင်တွေ့ပါတော့သည်။**

## စိန်ဖူးပဟေဠိ အဖြေညှိ

စိန်ဖူးတော်ကို ၁၉၉၂-ခုနှစ် ဒုတိယအကြိမ် ထီးတင်စဉ်က အောက်ချသို့ခဲ့သည်ဟု စာရေးသူဖတ်မိသည်။ ယခု **၁၉၇၉–ခုနှစ်**၊ စိန်ဖူးအောက်ချသည်ဟု မတွေ့ရပါ။

စာရေးသူ စိတ်ဝင်စားသွားသည်။ ဒုတိယအကြိမ်ထီးတင် ရောင်စုံဓါတ်ပုံများကို မှန်ဘီလူးဖြင့်ကြည့်တော့မှ **ထပ်ဆင့်–သလင်းစိန်ဖူးကလေး** ကိုတွေ့ရပါသည်။

စိန်ဖူးအလှူရှင် ဒေါ်စိန်လှ၏သမီး ဒေါ်ခင်စောဝင်းအား ဓါတ်ပုံပြပြီး မေးကြည့်ရာတွင် –

**"နှစ်တွေကလည်းကြာပြီ အဲဒီတုန်းက တပည့်တော်မလည်း အသက်ငယ်တော့ မမှတ်မိပါဘုရား"** ဆို၏။

ထို့ကြောင့် ဒကာကြီးဦးတင်ဝင်း နှင့်တွေ့သောအခါ ထိုဓါတ်ပုံအကြောင်း ပြောပြ၏။ သူလည်း ဇဝေဇဝါ ဖြစ်သွားသည်။ မှတ်တမ်းထဲတွင် မပါသောကြောင့်ဖြစ်ပါသည်။

**စာရေးသူ–** " ဒကာကြီးရေ- လာရင်းကိစ္စကတစ်ခု၊ အခုအကြောင်းတရားနောက် တစ်ခုပေါ်လာပြီ။ ဦးပဥ္ဇင်းက အကြောင်းတရားမရှိဘဲ မလုပ်ချင်ဘူး။ အခု စိန်ဖူးပဟေဠိဖြစ်နေပြီ အဖြေညှိဖို့ ရွှေဘုန်းပွင့်ဘုရားသမိုင်းကို ဦးပဥ္ဇင်း စပြီးရေးတော့မယ်"

**ဦးတင်ဝင်း–** " ဝမ်းသာပါတယ်ဘုရား၊ ရေးသာရေးပါ။ လိုအပ်တာများကိုလည်း တပည့်တော်တို့ကူ

ညီပို့မယ်ဘုရား၊ ရေးတောင်မရေးရသေးဘူး စိန်ဖူးတော်အကြောင်းစပေါ်လာပြီ ဘုရား၊ ဒီသမိုင်းက အရှင်ဘုရားနဲ့အကြောင်းတိုက်ဆိုင်တယ် ထင်ပါတယ်ဘုရား-'

ထို့နောက် တောင်ကြီးမြို့ ကန်အောက်ရပ်နေ ထပ်ဆင့် စိန်ဖူး တပ်ပေးလိုက်သော ပန်းတိမ်-ဦးကျော်ညွန့် အိမ်သို့ သွားရောက်မေးသောအခါ-

**ဦးကျော်ညွန့်–** 'အဲဒီ စိန်ဖူး တပည့်တော်လုပ်တာပါဘုရား။ အဲဒီတုန်းက တပည့်တော် ဒါတွေမလုပ်ဖူးပါဘူး။ လက်ဝတ်အထည်ပဲ ကိုင်တာပါဘုရား'

'ရွှေဘုန်းပွင့်က အင်းသံဝဲ ရဟန်းတစ်ပါး (ဦးဂန္ဓမာကိုဆိုလိုသည်)ရယ်၊ ဒေါ်သိန်းရှင်ရယ် လာအပ်တာပါဘုရား'

'နောက်ပိုင်းမှာ ဒေါ်သိန်းရှင် လာလာအပ်လို့ ဟိုပုန်း၊ ပွေးလှ၊ တောင်ကြီးမြသပိတ်ဘုရားတွေက စိန်ဖူးတွေ ငှက်မြတ်နားတွေ တောက်လျှောက် လုပ်ရပါတယ်ဘုရား'

သူလုပ်ခဲ့သောဓါတ်ပုံများ ထုတ်ပြသည်။ ရွှေဘုန်းပွင့်သမိုင်း မရေးမီ စိန်ဖူးပဟေဠိ အဖြေညီလို့ရသွားပါသည်။

ပေါ်တဲ့သူ ပေါ်မှပေါ်မှာ

သုံးရက်အကြာ (၁၉–၂–၂၀၀၃)-နေ့ ဦးတင်ဝင်းနှင့် ဇနီး ဒေါ်စန်းစန်းနွယ် တို့နှင့်အတူ ရွှေဘုန်းပွင့်သမိုင်းကို စ,ခဲ့သော ဆရာတော်ဦးဂန္ဓမာအား မေးမြန်းရန်၊ ကျောက်တစ်လုံး

လမ်း၊ ဦးစောလှ-ဓမ္မာရုံ သို့ ထွက်လာခဲ့ကြပါသည်။

ချိန်းထား၍ ဆရာတော်-ဦးဂန္ဓမာ စောင့်နေပါသည်။ ဦးဂန္ဓမာမှာသက်တော် ၈၀-ကျော်နေပါပြီ။ စာရေးသူလည်း ဆရာတော်အား ဦးချပြီးနောက်- လာရင်းကိစ္စအကြောင်းကို လျှောက်ထားပါသည်။

**ဦးဂန္ဓမာ–** " တပည့်တော် ဒီအကြောင်းတွေ ဘယ်သူ့ ကိုမှမပြောတော့ဘူးလို့ ဆုံးဖြတ်ထားတယ်။ တက္ကသိုလ်ဘုန်းနိုင်က ရေးချင်လို့ မေးတုန်းက မပြောခဲ့ပါဘူး။ စာရေးဆရာ အတော်များများကလည်း ဘုရား အကြောင်း ရေးချင်လို့ လာလာမေးတော့လည်း မပြောခဲ့ပါဘူး။

ဆရာတော်ကြီး ရှိစဉ်က တပည့်တော်က လျှောက်ဖူး ပါတယ်။ '**ရွှေဘုန်းပွင့်ဘုရားသမိုင်း မပျောက်အောင်ရေးထား ရင် ကောင်းမယ်ထင်တယ်ဘုရား**' လို့ပေါ့လေ။ ဒီတော့-

**ဆရာတော်–** " မင်းရေးမှ ပေါ်မှာမဟုတ်ဘူး၊ ပေါ်မယ့်သူ ပေါ်မှ ပေါ်မှာ- လို့ မိန့်ဘူးပါတယ်။ "

" အခု- အရှင်ဘုရားကိုမြင်တော့ တပည့်တော် စိတ် ထဲ ပြောချင်တဲ့ စိတ်ဖြစ်လာတယ်။ အရှင်ဘုရားပြောသလို တပည့်တော်တို့ မရှိရင်၊ နောင်လာနောင်သားတွေ ဒီသမိုင်း ကို မသိကြမှာစိုးလို့၊ ယခု ပေါ်ဖို့အချိန် ရောက်ပါပြီ။ သိချင် တာတွေကို မေးပါ။ တပည့်တော် ပြောပြပါ့မယ်။"

ဟု- အင်းသံဝဲဝဲနှင့် ပြောပြသည်။ ပြောရင်းသူ့မျက်

ဝန်းတွင် မျက်ရည်များ ဝဲလာပါသည်။ ' **ဆရာတော်ကြီးကို သတိရလို့ပါဘုရား** 'ဟုဆိုကာ ငိုပါသည်။

ဦးဂန္ဓမာ က အကြောင်းစခဲ့သည်မှ-

" **ရွှေဘုန်းပွင့်အစ ဦးဂန္ဓမာက** "

ဟု ဆိုရပါပေမည်။ သမိုင်းတင်ရပေမည်။

စာရေးသူလဲ သိလိုသည်များကို မေးမြန်းပြီး ဦးဂန္ဓမာ ဖြေကြားချက်များကို ကက်ဆက်ဖြင့် အသံဖမ်းယူခဲ့ပါသည်။

(၂၀–၂–၂၀၀၃)-နေ့တွင် ဒေါ်စိန်လှ၏ သမီးဖြစ်သူ ဆရာမ-ဒေါ်ခင်စောဝင်း အား သူ့မိခင်ကြီးတို့ ရွှေဘုန်းပွင့် ဘုရားနှင့် အကြောင်းဆက်လာရပုံ အကြောင်းစုံကို မေးမြန်း ခဲ့ပါသည်။ သူ့မိခင် ပြောခဲ့သမျှနှင့် သူ့ကိုယ်တွေ့ ဖြစ်ရပ်မှန် များကို ပြောပြပါသည်။

သူပြောသမျှကိုလည်း အသံဖမ်းယူခဲ့ပါသည်။ သူမ ၏ဖခင် ဦးပေါစံမှာ ကျန်းမာရေးအရ အင်းထဲတွင် အနားယူ နေသဖြင့် မတွေ့လိုက်ရပါ။



**သံနှင့်ကြေး ပဟေဋ္ဌိပေး**

သမိုင်းရေးသူ သမိုင်းရေးရန်ဓါတ်ပုံများကို ရွေးချယ် နေစဉ်၊ ဒုတိယ-အကြိမ် တင်လိုက်သော **ကြေးထီးတော်ဓါတ်** ပုံ နှင့် ' **အောင်မင်္ဂလာကပ်ကျော်စေတီတော်** ' တွင် ဌာပနာ လိုက်သော **ပထမ–ထီးတော်**မှာ တူနေ၍ ဦးဇာသိကဓမ္မ အား

စုံစမ်းမေးမြန်းကြည့်လိုသော်လည်း စာရေးသူ သမိုင်းစတင်ပြုစုရန် ကြံရွယ်နေစဉ်အချိန်မှာပင် ဦးသေိကမမွ မှာ ပျံလွန်တော်မူသွားပြီဖြစ်၏။ ထို့ကြောင့် မမေးလိုက်နိုင်ပေ။

## မပြည့်စုံက ထုတ်၍မရ

**၂၀၀၃–ခုနှစ်၊ မတ်လ**တွင် စတင်ရေးခဲ့ရာ ဒီဇင်ဘာလတွင် စာမူကြမ်း ပြီးခဲ့ပါသည်။ **၂၀၀၄–ခုနှစ် အစ**တွင် စာမူကို ချောပြီးထုတ်ဝေရန် စီစဉ်နေစဉ် ပြည်ပသာသနာပြုအကြောင်းတရားပေါ် ပေါက်လာ၍ ခေတ္တ ရပ်ထားလိုက်ရပါသည်။ ကွန်ပျူတာ H.D.D ပျက်သွားသည်။

CD Writter နှင့်ကူးထား၍ တော်သေး၏။ သို့မဟုတ်ပါက အစကပြန်ရေးဘို့မလွယ်။ ပြည်ပမထွက်မီ ကွန်ပျူတာ H.D.D လဲလိုက်၏။ **၂၀၀၄–ခုနှစ်၊ နိုဝင်ဘာလ** ပြည်ပမှပြန်ရောက်၍ စာမူကိုပြန်ကိုင်သောအခါ H.D.D ပျက်ပြန်၏။

ဤကဲ့သို့ခဏခဏ ပျက်နေခြင်း၊ အဆင်မပြေဖြစ်ရခြင်းသည် အကြောင်းတစ်ခုခုတော့ ဖြစ်မည်ဟု ထင်မိသည်။

**၂၀၀၅–ခုနှစ်၊ ဇန်နဝါရီလ** တွင် သမိုင်းတွင် မပြည့်စုံသေးသော အချက်များ၊ သမိုင်းဝင် ရှားပါးဓါတ်ပုံများကို ထပ်မံ ရရှိခဲ့သဖြင့် ဝမ်းသာခဲ့ရပါသည်။

ထို့ကြောင့် ဒကာကြီး ဦးတင်ဝင်းအား စာအုပ်ထွက်ရှိရေး မလောဖို့ရန် မေတ္တာရပ်ခံထားရပါသည်။

### အိပ်မက်အကြောင်းကို သိစေလို

ယခု ရွှေဘုန်းပွင့်သမိုင်းကို ရေးရာတွင် အချို့သော အကြောင်းတရားများသည် အိပ်မက်များကို အကြောင်းခံ၍ ဖြစ်လာသည်ကို တွေ့ရပါသည်။

အချို့က အိပ်မက်ပေးသည်။ အိပ်မက်ကြောင့် ဟုပြောလျှင် နားမလည်ကြ။ အိပ်မက်မကောက်တတ်။ အချို့ကြပြန်တော့လည်း အစွဲအလန်းဖြစ်ကြသည်။ စွဲလန်းလွန်းလျှင်လည်း မကောင်းပါ။ နားမလည်လျှင်လည်းမကောင်းပါ။

ထို့ကြောင့် ထိုအိပ်မက်နှင့်ပတ်သက်၍ စာရှုသူများ ပညာတွေးဆနိုင်ရန် သိစေလိုအရေး **တိပိဋကမရ မင်းကွန်းဆရာတော်ကြီး၏** မဟာဗုဒ္ဓဝင်ထဲ မှ ဘုရားဟောဒေသနာကို ဗဟုသုတအဖြစ် ရေးသားတင်ပြလိုက်ပါသည်။

**မငြင်းကြစေဖို့ရာ လင်းကြစေဖို့ပါ–။**

### အိပ်မက်, မက်ရခြင်းအကြောင်း ၄–ပါး

အိပ်မက် မြင်မက်သောသူသည်- -

၁။ ဓါတ်ချောက်ချားခြင်းကြောင့်ဖြစ်စေ–

၂။ ရှေးက လေ့ကျက် ခံစားဖူးသောကြောင့်ဖြစ်စေ–

၃။ နတ်များ လှည့်စားသောကြောင့်ဖြစ်စေ–

၄။ ပုဗ္ဗနိမိတ်ကြောင့်ဖြစ်စေ–

ဤအကြောင်းတရား ၄-ပါးကြောင့် မြင်မက်တတ်

၏။ ရှင်းပြလိုသည်-

၁။ **သည်းခြေ အစရှိသော ဓါတ်များ ချောက်ချားသော ကြောင့်**— အိပ်မက်မြင်မက်ရာ၌ ကောင်းကင်ခရီးဖြင့် အသည်းတထိတ်ထိတ် သွားရ သယောင်ယောင်။ ကျား, ကျားသစ်, ဆင်ကြမ်း, ခြသေ့- စသော သားရဲ များ၊ လူဆိုးသူဆိုး စသည်များ မိမိနောက်သို့ တ ကောက်ကောက် လိုက်နေ သယောင်ယောင်။

ကြောက်မက်ဖွယ်သော အိပ်မက်များကို မြင်မက်တတ်၏။

၂။ **ရှေးက လေ့ကျက်ခံစားဘူးသောကြောင့်**— သုံးဆောင် ဘူးသော အာရုံများကို မြင်ရ ကြားရ သုံးဆောင်ရ သယောင်ယောင် မြင်မက်တတ်၏။

၃။ **နတ်များ လှည့်စားသောကြောင့်**— အိပ်မက်မြင်မက် သောသူအား နတ်များက အကျိုးလိုလား၍ဖြစ်စေ၊ အကျိုးမဲ့ကို လိုလား၍ဖြစ်စေ၊ အကျိုးရရန်, အကျိုး မဲ့ရရန် အာရုံအမျိုးမျိုးတို့ကို ကပ်၍ဆောင်တတ် ပြ တတ်ကုန်၏။ ထိုသူတို့သည် နတ်တို့၏ အာနုဘော် ကြောင့် ထိုအာရုံအမျိုးမျိုးကို မြင်မက်တတ်၏။

၄။ **ပုဗ္ဗနိမိတ်ကြောင့်**— အိပ်မက်မြင်မက်သူသည် ကောင်း မှု, မကောင်းမှု (ကုသိုလ်ကံ, အကုသိုလ်ကံ) အစွမ်း ကြောင့် ကောင်းကျိုး မကောင်းကျိုးရဖို့ရန် ရှေးပြေး

ပုဗ္ဗနိမိတ်ဖြစ်သော အိပ်မက်ကို မြင်မက်တတ်၏။

**မဟာမာယာဒေဝီ** သားရဖို့ရန် အိပ်မက်မြင်မက်သကဲ့သို့လည်းကောင်း။

**ကောသလမင်းကြီး** အိပ်မက်ကြီး ၁၆-ချက်ကို မြင်မက်သကဲ့သို့လည်းကောင်း။

**ဘုရားအလောင်း** ဘုရားဖြစ်ရန် အိပ်မက်ကြီး ၅-ပါးကို မြင်မက်သကဲ့သို့လည်းကောင်း။

ကောင်းကျိုး, မကောင်းကျိုး ဖြစ်ပေါ်ဖို့ရန် မြင်မက်သောအိပ်မက်မျိုးဖြစ်သည်။

ပုဗ္ဗနိမိတ်ကြောင့် မြင်မက်သောအိပ်မက်ကား ဧကန်မှန်သည်သာတည်း-။

## အိပ်မက် မက်သူနှင့် မမက်သူ

ထိုအိပ်မက် လေးမျိုးကို **ဝိပလ္လာသတရား** မပယ်ရှားရသေးသောကြောင့် ပုထုဇဉ်၊ **သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်** ပုဂ္ဂိုလ်တို့သာ မြင်မက်ကြသည်။

**ရဟန္တာ**များကား **ဝိပလ္လာသတရား** ပယ်ရှားပြီးဖြစ်သောကြောင့် မမြင်မက်ကြကုန်။

## အဟောနှင့်ညီညွတ်သော အိပ်မက် မက်ချိန်

အိပ်မက်အချိန်အခါအားဖြင့် -

၁။ နေ့အခါ၌မြင်မက်သောအိပ်မက်။
၂။ ညဦးယံ သန်းခေါင်ယံ မိုးသောက်ယံတို့၌ မြင်မက်သော အိပ်မက်။

ထိုအိပ်မက် တို့သည် အဟောနှင့် မညီတတ်ကြကုန်။

၃။ မိုးသောက်အရုဏ်ကြီး လင်းခါနီးဝယ် စားသောက်လျက် အပ်သော အစာအာဟာရများ ကြေကျက်၍ ကိုယ်၌ သြဇာတည်သောအခါ အရုဏ်တက်ချိန်၌ မြင်မက်သောအိပ်မက်။ ဤအိပ်မက်သည် အဟောနှင့်ညီတတ်၏။

ဣဋ္ဌနိမိတ် ကို မြင်မက်လျှင် ကောင်းကျိုးရတတ်၏။
အနိဋ္ဌနိမိတ် အိပ်မက်ကို မြင်မက်လျှင် မကောင်းကျိုး ရတတ်၏။

(ဤမှတ်ဖွယ်များကို အင်္ဂုတ္တိုရ် အဋ္ဌကထာ တတိယအုပ် ပဉ္စကနိပါတ်အဖွင့် စတုတ္ထပဏ္ဏာသက၊ ၅–ဗြာဟ္မဏဝဂ် ၆–မဟာသုပိနသုတ် အဖွင့်စာမျက်နှာ ၇၁+၇၂ တို့မှ ထုတ်နုတ်ဖော်ပြပါသည်။)



## ဣဒ္ဓိတန်ခိုး (ဘုန်းတန်ခိုး)

ဣဒ္ဓိ နှင့်ပတ်သက်၍ မသိသေးသူများအား ရှင်းပြလိုသည်။ ဣဒ္ဓိ ➤ ပြီးစီးပြည့်စုံစေခြင်း။ အလိုရှိအပ်သောအရာ ပြီးစီးပြည့်စုံစေနိုင်မှုကို ပါဠိလို –ဣဒ္ဓိ။ မြန်မာလို–တန်ခိုး, ဟူ၍ ခေါ်၏။

ကုသိုလ်ဆယ်မျိုးရှိကြောင်း **ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ကုသိုလ်ဝိဓနိဒ္ဒေသ** တွင် အောက်ပါအတိုင်း ဖော်ပြထားသည်။

(၁) အဓိဋ္ဌာနကုသိုလ်
(၂) ဝိကုဗ္ဗနကုသိုလ်
(၃) မနောမယကုသိုလ်
(၄) ဉာဏဝိပ္ဖါရကုသိုလ်
(၅) သမာဓိဝိပ္ဖါရကုသိုလ်
(၆) အရိယကုသိုလ်
(၇) ကမ္မဝိပါကဇကုသိုလ်
(၈) ပုညဝန္တကုသိုလ်
(၉) ဝိဇ္ဇာမယကုသိုလ်
(၁၀) သမ္မပယောဂကုသိုလ်

အားဖြင့် ကုသိုလ်-ဆယ်မျိုး ရှိကြောင်း ပြဆိုထားသည်။

ဆက်ရှင်းအံ့--

**(၁) အဓိဋ္ဌာနကုသိုလ်** ဟူသည်--

မိမိ တစ်ကိုယ်တည်းကိုပင် အရာအထောင် လိုသလောက် ဖြစ်လာပါစေဟူ၍ ဉာဏ်ဖြင့် အဓိဋ္ဌာန်လိုက်၏။ စိတ်မှာ စွဲမြဲထားလိုက်၏။ ဆောက်တည်လိုက်တိုင်း မိမိအလိုရှိသမျှ အရာအထောင် နိမ္မိတရုပ်ပွါးများ အံ့ဩလောက်အောင် ဖြစ်ပွါးပြည့်စုံလာရခြင်းသည် **အဓိဋ္ဌာနကုသိုလ်**မည်၏။

(ဤအဓိဋ္ဌာနကဣဒ္ဓိသည် မိမိတည်းဟူသော ဣဒ္ဓိရှင် တန်ခိုးရှင်၏ ပင်ကိုယ်မူလရုပ် မပျောက်မကွယ်ဘဲ အလွတ် ပြင်ပမှာ မိမိကိုယ်နှင့် တူ-မတူ အဖုံဖုံ ဖြစ်မှုနှင့်သာ သက်ဆိုင် သော **တန်ခိုးဣဒ္ဓိ** ဖြစ်ပေ၏။)

(၂) **ဝိကုဗ္ဗနဣဒ္ဓိ** ဟူသည်--

မိမိကိုယ်ကို နဂိုအတိုင်းမဟုတ်ဘဲ နဂါးကြီးသဏ္ဌာန် ဖြစ်စေ၊ ဂဠုန်ကြီး သဏ္ဌာန်ဖြစ်စေ၊ ဤသို့စသည်ဖြင့် ပြောင်း လဲ ဖန်ဆင်းလိုက်ခြင်းသည် **ဝိကုဗ္ဗနဣဒ္ဓိ** မည်၏။

**ဝိ**= အထူးထူး အထွေထွေ။

**ကုဗ္ဗန**= ပြုလုပ်ဖန်ဆင်းခြင်း။

( မိမိကိုယ်ကို နဂိုရ် အသွင်သဏ္ဌာန်မှ ပြောင်း၍ အထူးထူး အထွေထွေ အလိုရှိရန် ပြုလုပ် ဖန်ဆင်းခြင်းဟု ဆိုလိုသည်။)

(၃) **မနောမယဣဒ္ဓိ** ဟူသည်--

မိမိကိုယ် ကိုလည်း တစ်စုံတစ်ရာ မပြောင်းလဲ၊ အ လွတ်သက်သက်မှာလည်း မဟုတ်ဘဲ မိမိ၏ ကိုယ်အတွင်းမှ ပင် မိမိနှင့် သဏ္ဌာန်တူစွာ ကိုယ်ငယ်တစ်ခု ဖန်ဆင်းခြင်းသည် **မနောမယဣဒ္ဓိ** မည်၏။

**မနောမယ**= စိတ်အလိုရှိတိုင်း ပြီးစီးသည်။

(ဤမနောမယက္ကဒ္ဓိမှာ- အဓိဋ္ဌာနက္ကဒ္ဓိကဲ့သို့ မိမိကိုယ်ကို အသွင်သဏ္ဌာန်တစ်မျိုး ပြောင်းလဲဖန်ဆင်းခြင်းလည်း မဟုတ်။ မိမိ၏မူလကိုယ်ကို မူလအတိုင်းထားကာ ထိုအရင်းခံကိုယ်ထဲမှ စိတ်ဖြင့်ပြီးသော= မိမိစိတ် အလိုရှိသလောက် ကိုယ်ငယ်တစ်ခု ဖန်ဆင်းထုတ်နုတ်ပြခြင်း ဖြစ်သည်။)

## (၄) ဉာဏဝိပ္ဖါရဣဒ္ဓိ ဟူသည်--

ဉာဏ်၏အာနုဘော် ပြန့်နှံ့သဖြင့် ဖြစ်ပေါ်သော အံ့ဩဖွယ်ရာ ပြည့်စုံမှုအထူးကို **ဉာဏဝိပ္ဖါရဣဒ္ဓိ** ဟုခေါ်၏။ (ဤဉာဏဝိပ္ဖါရဣဒ္ဓိ၏ အကြောင်းကို အရှင်ဗာကုလထေရ် သံကိစ္စသာမဏေ တို့၏အစွမ်းဖြင့် သိနိုင်ပါသည်။)

ဤတွင် မချွတ်ဧကန် အရဟတ္တမဂ်ဉာဏ်ကို ရစေနိုင်မည့် ရဲရဲတောက်ပါရမီဉာဏ် ပါရှိလာသူဖြစ်၍၊ ထိုပါရမီဉာဏ်၏ အာနုဘော် ပြန့်နှံ့ခြင်းကြောင့် ဖြစ်သည်ဟူ၍လည်း ဆိုလိုက ဆိုနိုင်ပါသည်။ ဤတန်ခိုးမျိုးကို **ဉာဏဝိပ္ဖါရဣဒ္ဓိ** ဟူ၍ခေါ်သည်။

## (၅) သမာဓိဝိပ္ဖါရဣဒ္ဓိ ဟူသည်--

သမာဓိဟုခေါ်ဆိုအပ်သောဈာန်သမာပတ်တို့ကို ဝင်စားခါနီးဖြစ်စေ၊ ဝင်စားနေတုန်း ဝင်းစားနေဆဲမှာ ဖြစ်စေ ဝင်စားပြီးစမှာဖြစ်စေ ဖြစ်ပေါ်လာသောအံ့ဩဖွယ်ရာ အထူး

သည် သမာဓိအာနုဘော် ပြန့်နှံ့ခြင်းကြောင့် ဖြစ်သောပြည့်စုံမှု (တန်ခိုး)မည်၏။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ အရှင်သာရိပုတြာ ဝတ္ထုတွင် အရှင်သာရိပုတြာရာ ဆံရိတ်ပြီး သမာပတ် ဝင်စားနေချိန်တွင် ဘီလူးမိုက် ပုတ်ခတ်လိုက်သော်လည်း တစ်စုံတစ်ရာ မဖြစ်ခြင်းသည် ဝင်စားနေသော သမာဓိ၏ တန်ခိုးအာနုဘော် ပြန့်နှံ့ခြင်းကြောင့် ဖြစ်သည်။

**(၆) အရိယဣဒ္ဓိ ဟူသည်--**

အရိယပုဂ္ဂိုလ်များသည် **စက်ဆုတ်ဖွယ်ဖြစ်သော အာရုံ** ကိုပင် **စက်ဆုတ်ဖွယ်မဟုတ်သောအနေ** ဖြင့် ရှုတော်မူလိုက စက်ဆုတ်ဖွယ်မဟုတ်အနေဖြင့် ရှုတော်မူနိုင်ကြ၏။

**စက်ဆုတ်ဖွယ်မဟုတ်သောအာရုံ** ကိုပင် **စက်ဆုတ်ဖွယ်အနေ** ဖြင့် ရှုတော်မူလိုက စက်ဆုတ်ဖွယ်အနေဖြင့် ထင်မြင်အောင် ရှုတော်မူနိုင်ကြ၏။

ဤသို့ မည်သည့်အာရုံကိုမဆို မိမိနှလုံးသွင်းလိုသည့်အတိုင်း ထင်မြင်လာအောင် နှလုံးသွင်းကာ ရှုတော်မူနိုင်ကြခြင်းသည် အရိယပုဂ္ဂိုလ်များသာ တတ်စွမ်းနိုင်သော တန်ခိုးဖြစ်၍ ဤတန်ခိုးကို **အရိယဣဒ္ဓိ=(အရိယတို့၏ တန်ခိုး)** ဟူ၍ ခေါ်ဆိုအပ်၏။

(၇) **ကမ္မဝိပါကဇဣဒ္ဓိ** ဟူသည်--

ငှက်စသည်တို့၏ ကောင်းကင်မှာ ပျံသွားနိုင်ခြင်း စသည်ပင်ဖြစ်၏။ ငှက်တို့သည် ကောင်းကင်မှာ ပျံသွားနိုင်အောင် ယခုဘဝ တစ်စုံတစ်ရာ စီမံအားထုတ်ရခြင်းမရှိ။

ရှေးကံက စီမံလိုက်သော အကျိုးအတိုင်း ဖြစ်လာရသော သဘောတရားဟု ဆိုလိုသည်။

နတ်,ဗြဟ္မာများ ကမ္ဘာဦးလူများ အချို့သော ဝိနိပါတိကအသူရာများ ကောင်းကင်၌ သွားလာနိုင်ခြင်း စသည်သည်လည်း **ကမ္မဝိပါကဇဣဒ္ဓိ** ပင်ဖြစ်၏။

(၈) **ပုညဝန္တဣဒ္ဓိ** ဟူသည်--

စကြာမင်း စသည်တို့၏ ကောင်းကင်၌ သွားလာနိုင်ခြင်းသည်ပင်ဖြစ်၏။ ကောင်းမှုထူးရှိသော သူတို့ဖြစ်၍ ကောင်းကင်၌ သွားနိုင်ခြင်းစသော တန်ခိုးရှိသည်သု ဆိုလိုသည်။

စကြာမင်းကြီးသွားရာ ကောင်းကင်သို့ လိုက်ပါကြသော စစ်သည်ဗိုလ်ထု ဟူသမျှသည်လည်း ပုညဝန္တ အစစ်ဖြစ်သော စကြာမင်းကြီးကို အမှီပြု၍ ရရှိကြသော တန်ခိုးဟူ၍ပင်ဆိုအပ်၏။

ဇောတိကသူဌေး ဇဋိလသူဌေး ယောသကသူဌေး၊ မေဏ္ဍကသူဌေး စသည်တို့၏ စည်းစိမ်ချမ်းသာစု သည်လည်း

ပုညဝန္တကက္ကဒ္ဒိပင် ဖြစ်သည်။

(၉) ဝိဇ္ဇာမယက္ကဒ္ဒိ ဟူသည်--

ဝိဇ္ဇာမိုရ်များ၏ ကောင်းကင်၌ သွားလာနိုင်ခြင်း စသည်တည်း။ (အထူးဖန်တီး ပြုလုပ်ထားသည့် **မန္တာန်အတတ် ဆေးအတတ်** စသည်ကြောင့် ပြီးစီးသည့် တန်ခိုးဟု ဆိုလိုသည်။)

(၁၀) သမ္မာပယောဂက္ကဒ္ဒိ ဟူသည်--

ထိုထိုအမှုကိစ္စကို ကောင်းစွာ အားထုတ် ပြုလုပ်မှုကြောင့် ရရှိသော ပြည့်စုံခြင်းအမျိုး ပင်တည်း။

(ဤသမ္မာပယောဂက္ကဒ္ဒိသည်ကား အရာကျယ်ဝန်းလှ၏။ အမြတ်ဆုံးအားဖြင့် မဂ် ဖိုလ်တရားများသည်လည်း ကောင်းစွာအားထုတ်မှုအတွက်ကြောင့် ရရှိသည်ဖြစ်၍ သမ္မာပယောဂက္ကဒ္ဒိမည်၏။)

အလုံးစုံသိမ်းရုံး၍ ဖေါ်ပြရလျှင် နှုတ်မှုပညာဟူသမျှ၊ လက်မှုပညာဟူသမျှ၊ ဗေဒင်သုံးပုံ သင်ကြားခြင်း၊ ပိဋကသုံးပုံ သင်ကြားခြင်း၊ (အယုတ်သဖြင့်) လယ်ထွန်ခြင်း၊ စိုက်ပျိုးခြင်း၊ စသည်တို့ကိုပြု၍ ဖြစ်ပေါ် ရရရှိလာသော ပြည့်စုံမှု ဟူသမျှသည် **သမ္မာပယောဂက္ကဒ္ဒိ** ချည်းပင်ဖြစ်သည်ဟူ၍ သိအပ်၏။

**မှတ်ချက်** ➤

ကက္ကုဒ္ဓိရှင်မဟုတ်သူ လူသာမန်တို့မှာလည်း ဤကဲ့သို့ ဆောက်တည်ချက် ရှိကြသော်လည်း အခြေခံဈာန်သမာဓိ မရှိကြသောကြောင့် ဆောက်တည်ချက်အတိုင်းမပြည့်စုံဘဲ ရှိရသည်။

ကက္ကုဒ္ဓိရှင်တို့မှာမူ အခြေခံ ဈာန်သမာဓိ အားကြီးလှသောကြောင့် ဆောက်တည်ချက်အတိုင်း ပြည့်စုံပြီးမြောက်လေသည်၊ ယုံမှားမရှိ မှတ်ယူအပ်၏။

ဤကား ဒေသနာလာရှိ **ကက္ကုဒ္ဓိဘုန်းတန်ခိုး** အကြောင်းပေတည်း။

## ကက္ကုဒ္ဓိအောင်ပွဲ ရွှေဘုန်းပွင့်

ယက္ကန်းစင်တောင်ဆရာတော်ဘုရားကြီးသည် မိမိအထက်တွင်ဖေါ်ပြခဲ့သော ကျမ်းဂန်လာရှိ ကက္ကုဒ္ဓိဆယ်ပါး၊ တစ်ပါးပါး၌ ကျင့်ကြံအောင်မြင်သည်မှာ ယုံမှားစရာမရှိပါ။

**ကက္ကုဒ္ဓိဝိမ(ဘုန်းတန်ခိုး)** အကျင့်ကို ကျင့်ကြံအောင်မြင်ပြီးပြည့်စုံသွားပြီ ဖြစ်၍၊ သူနောက်ဆုံး တည်ခဲ့သော စေတီတော်မြတ်ကြီးကိုလည်း မြန်မာနာမည် **'ရွှေဘုန်းပွင့်စေတီ' 'ရွှေဘုန်းပွင့်ဘုရား'** ဟု ရွှေဖြင့်တင်စား၍ ဘွဲ့အမည် ပေးခဲ့ခြင်း ဖြစ်ပါသည်။

အမှာစာ-၂၂

## သိပ္ပံပညာနှင့် ဣဒ္ဓိဝိဓတန်ခိုး

ဤရွှေဘုန်းပွင့်ဘုရားသမိုင်းရေးရာတွင် အချို့သော အကြောင်းအရာများသည် သာမန်လူတို့ ဉာဏ်မမီနိုင်သော အရာဖြစ်သည်။ ယခုခေတ်အခေါ် Beyond Science 'သိပ္ပံလွန်' အရာများ။ သိပ္ပံလိုက်မမီ သောအရာများဖြစ်ပါသည်။

ကျမ်းပြုအကျော် သပြေကန်ဆရာတော်ဘုရားကြီး၏ **ပရိတ်ကြီးနိဿယသစ် (နှာ-၃၉)** တွင်-

'သိပ္ပံပညာ ထွန်းကားနေသော ယခုခေတ်၌ သိပ္ပံပညာနှင့် စမ်းသပ်မရက လက်မခံလိုကြ။ သိပ္ပံပညာမမီနိုင်အောင်သိမ်မွေ့ထူးဆန်းလှသော **သဘာဝများ** အများအပြားရှိနေသေးသည်ကို မမေ့အပ်။'

'နတ်ပြည်သိရေးမှာ ဒိဗ္ဗစက္ခု၏ အရာသာဖြစ်၍ သိပ္ပံပညာ၏ အရာကားမဟုတ်ပါပေ။ နတ်ပြည်သို့ရောက်နိုင်ရေးမှာ **ဣဒ္ဓိဝိဓ တန်ခိုးအဘိညာဉ်အရာသာ။**'

'ဘာဝနာအစွမ်းကြောင့် ရနိုင်သော နိဗ္ဗာန်ကို ထိုဘာဝနာမှု မကြိုးစားဘဲလျက် **နိဗ္ဗာန်ဆိုတာ အပြောသာ အဟုတ် မရှိ** ဆိုလျှင်၊ ထိုသူ၏အပြစ်သာ ဖြစ်သကဲ့သို့-

တန်ခိုးများဖြင့်သာ မြင်နိုင်ရောက်နိုင်သော နတ်ပြည်၊ ဗြဟ္မပြည်များကို ထိုဘာဝနာမှု မပြု၍၊ ထိုတန်ခိုးမျိုး မရသောကြောင့် မမြင်ရသဖြင့် **'မရှိဟုဆိုလျှင်'** ထိုသူ၏အပြစ်သာတည်း--။'

## အမှာစာ–၂၃



### ဂုဏ်ထူးဆောင် ဂေါပကပုဂ္ဂိုလ်

ဤရွှေဘုန်းပွင့်-သမိုင်း ရေးနိုင်ရန်အတွက် ဒကာကြီး ဦးတင်ဝင်းသည် သူစုဆောင်းထားသော သမိုင်းမှတ်တမ်းများ၊ သမိုင်းဝင်ဓါတ်ပုံများ အပြည့်အစုံ ကို ထုတ်ပေးခဲ့၍ **၉၀–ရာနှုန်း** ရေးနိုင်ခဲ့ခြင်း ဖြစ်ပါသည်။

ဘုရားတည်စဉ် ဦးဘရီက **'မင်း– ကင်မရာတစ်လုံး ဝယ်ပြီး ဓါတ်ပုံရိုက်ထား။ နောင်ကြရင် ပါးစပ်နဲ့ပြောပြလို့ ယုံမှာမဟုတ်ဘူး။ ဓါတ်ပုံနဲ့ပြောရင် ပိုနိုင်လုံတယ်။'** ဆို၍ ဓါတ်ပုံရိုက်ထားခဲ့ခြင်း ဖြစ်ပါသည်။

ဟုတ်ပါသည်။ ထိုစဉ်က ဖြစ်ရပ်များကို ယခုဓါတ်ပုံများက ရွှေဘုန်းပွင့်သမိုင်းကို ရုပ်ရှင်ပြနေသကဲ့သို့ ပြန်လည်မြင်ယောင်နေရခြင်းမှာ ဤဓါတ်ပုံများကြောင့်ဖြစ်ပေသည်။

လက်တွေ့ပြနိုင်သော အရာမို့ လက်တွေ့ပြစေခြင်း ဖြစ်ပါသည်။ အကယ်၍သာ ဓါတ်ပုံမရိုက်ထားခဲ့၍ မပြနိုင်ခဲ့ပါလျှင်- ဒဏ္ဍာရီဟု ဆိုကြဦးမည်မှာမလွဲ။

ဦးတင်ဝင်းသည် ရွှေဘုန်းပွင့်စေတီ စတင် တည်ကတည်းက ပါဝင်ပြီး၊ ဂေါပက အဆက်ဆက် ၃၅-နှစ်တိုင်တိုင် ယခုအထိ သာသနာ ပြုနေဆဲ၊ ဘုရားအားထိန်းသိမ်းစောင့်ရှောက်ဆဲဖြစ်ပါသည်။

ကျန်ပုဂ္ဂိုလ်များမှာ ကျန်းမာရေးအရ မလုပ်ကိုင်နိုင်ကြတော့ပေ။ သူတစ်ဦးတည်းသာ ကျန်ပါတော့သည်။

သမိုင်းရေးသူအနေနှင့် အသက် (၇၇)-နှစ် ရှိပြီဖြစ်သော ဒကာကြီး-ဦးတင်ဝင်း အား ဂုဏ်ထူးဆောင်-ဂေါပက ပုဂ္ဂိုလ်အဖြစ် မှတ်တမ်းတင် လိုပါသည်။

**ဂုဏ်ထူးဆောင် ဝေယျာဝစ္စပုဂ္ဂိုလ်**

ဦးဗဟာဒူးသည် ဦးသက်တင် (ရှေးမီလိုက်သူ) က ခေါ်လာ၍ ရွှေဘုန်းပွင့်စေတီ တည်ဆောက်ရာသို့ ရောက်ရှိလာခဲ့သည်။

ဦးဗဟာဒူးသည် (**၁၉၆၉–ခုနှစ်**) ရွှေဘုန်းပွင့်စေတီ ပန္နက်ရိုက်ပြီးနောက် န္တားလားဥဿဘတောင်ဘို့ကြီးကို စတင်ဖြိုချစဉ်ကပင် လုပ်အားဒါန ပြုခဲ့သူဖြစ်ပါသည်။

ပတ္တမြားဂူထဲမှ ကျောက်များထုခြင်း၊ သယ်ယူခြင်း၊ တောင်အတက်ကားလမ်း ဖေါက်လုပ်ခြင်း၊ စေတီတည်ခြင်း အစအဆုံးပါဝင်လုပ်ကိုင်ခဲ့ပါသည်။ မှတ်တမ်းဓါတ်ပုံများတွင် သူ့ဓါတ်ပုံ အများဆုံးပါဝင်သည်ကို တွေ့ရပါသည်။

စေတီပြီးသောအခါ ယက္ခန်းစင်တောင်ဆရာတော်ကြီးက ' **မောင်ဗဟာဒူး မင်း–ဒီစေတီမှာပဲနေ** ' မိန့်တော်မူသဖြင့် စေတီတော်တွင် ဝေယျာဝစ္စ သံဃာတော် ဝေယျာဝစ္စ ပြုလုပ်ပေးနေသည်မှာ ယခုထိဖြစ်ပါသည်။

ဦးဗဟာဒူးသည် ဟိန္ဒူလူမျိုးဖြစ်ပါသည်။ မိုးကုတ်မြို့ ဇာတိဖြစ်ပြီး၊ လွတ်လပ်ရေးမရခင်က မြန်မာ့စစ်တပ်တွင် အမှု

ထမ်းဆောင်ခဲ့ပါသည်။အသက် ၂၈-နှစ်တွင် စစ်တပ်ကထွက်ပြီး တောင်ကြီးမြို့သို့ ရောက်လာပါသည်။

ဆရာတော်ကြီး ချေခဲ့သော **လာမယ်– လာမယ်– မကြည်ရဲ့** သီချင်းကို သဘောကျ၍ ထိုသီချင်းကို သူအမြဲဆိုလေ့ရှိသည်။ ယခု စာရေးသူ သီချင်းမရ၍ သူ့အား ဆိုခိုင်းပြီး ရေးသားခဲ့ရသည်။ စာသားများ မမှန်လျှင် ခွင့်လွှတ်စေချင်ပါသည်။

ဦးဗဟာဒူးသည် ရွှေဘုန်းပွင့်စေတီ စတင် တည်ကတည်းက ပါဝင်ပြီး၊ ရွှေဘုန်းပွင့်ဘုရားတွင် ဂေါပကအဆက်ဆက် ယခု ၃၅-နှစ်တိုင်တိုင် ဝေယျာဝစ္စ ပြုလုပ်နေဆဲဖြစ်ပါသည်။

စာရေးသူအနေနှင့် အသက် (၈၁)-နှစ်ရှိပြီဖြစ်သော ဦးဗဟာဒူးအား ဂုဏ်ထူးဆောင် ဝေယျာဝစ္စပုဂ္ဂိုလ် အဖြစ် မှတ်တမ်းတင် လိုပါသည်။



## မပြည့်စုံလျှင် အကြံပြုစေချင်

ဤရွှေဘုန်းပွင့်သမိုင်း ကိုရေးသားပြုစုရာတွင် စာရေးသူအနေနှင့် သမိုင်းနှင့် သက်ဆိုင်သူများကို ကိုယ်တိုင်တွေ့ဆုံမေးမြန်းပြီး အချိန်ပေး၍ စုံစမ်း ရေးသားခဲ့ရပါသည်။

ပြည့်ပြည့်စုံစုံဖြစ်ရန် အချိန်ယူရေးသားနေရ၍ လည်းကောင်း၊ သာသနာပြု လုပ်ငန်းများပြားနေ၍ ထွက်ရှိရမည့်

အမှာစာ—၂၆

အချိန် မထွက်ရှိနိုင်သည်ကိုလည်း ခွင့်လွှတ်စေလိုပါသည်။ သမိုင်းရေးရာတွင် မည်သည့်ပုဂ္ဂိုလ်၊ ကိုမျှ ထိခိုက်စေလိုသောစိတ် မရှိသည်မှာ အမှန်သစ္စာဖြစ်ပါသည်။ သမိုင်းဖေါ်ထုတ်ပေးရုံမျှ သက်သက်သာဖြစ်ပါသည်။

ထိုကာလဖြစ်ရပ် အခေါ်အဝေါ်အသုံးအနှုံးသည် ယခုအချိန်ကာလဒေသ အခေါ်အဝေါ် အသုံးအနှုံးများနှင့် မဆီလျှော်ခဲ့သော် စာရေးသူအား ခွင့်လွှတ်စေလိုကြောင်း...

အကယ်၍ သမိုင်းတွင် အရေးကြီးသောအချက်များ ကျန်ရှိနေပါက မေတ္တာရှေ့ထား စေတနာဖြင့် ရေးသားပေး၍သော်လည်းကောင်း၊ ပြောကြားပေး၍သော်လည်းကောင်း ဖြည့်စွက်ပေးကြပါရန် ဖိတ်ကြားအပ်ပါသည်။

တောင်ကြီးမြို့ ရွှေဘုန်းပွင့်ဘုရားသမိုင်း ပေါ်ထွန်းဖို့ အရေး အကူညီပေးကြသော-

ပုဂ္ဂိုလ်မှန်သမျှ အနန္တ

အထူးအထူးပင် ကျေးဇူးတင်ရှိပါကြောင်း----။

သမိုင်းပြုစုသူ

ဘဒ္ဒန္တဝါသေဌ

(ရွှေဘုန်းပွင့် ဆရာတော်)

တောင်ကြီးမြို့ ။

၂၉–၄–၀၅

၁၃၆၇–ခုနှစ်၊ တန်ခူးလပြည့်နေ့။

## ဘုရားသမိုင်း–မာတိကာ

### အပိုင်း(က)
### ဘုရားတည်အကြောင်းတရားများ


၁။ ပမာနဂါး အရွေ့ပျား - - - - - - - - - - - - - ၁
၂။ မှူလဘူတ ဥလားသဘာ - - - - - - - - - - - - ၂
၃။ တမည်ခေါ်ဆောင် ဘိုးမင်းတောင် - - - - - - ၃
၄။ ဦးစောလှနဲ့ ဦးချစ်မောင် - - - - - - - - - - ၄
၅။ ရှမ်းကိုးပန္နက် မင်းပေါ်ခဲ့ - - - - - - - - - - ၅
၆။ အိပ်မက်ပုံပေါ် ရွှေတိဂုံကုန်းတော် - - - - - - ၇
၇။ ယက္ကန်းစင်တောင်နှင့် ပထမအကြိမ် - - - - - ၈
၈။ အမည်ပြောင်းစေ မောင်ချစ်ပေ - - - - - - - - ၁၂
၉။ ဆရာတော်မှာချက် ရဟန်းတက် - - - - - - - - ၁၃
၁၀။ ယက္ကန်းစင်တောင်နှင့် ဒုတိယအကြိမ် - - - - ၁၄
၁၁။ ယက္ကန်းစင်တောင်နှင့် တတိယအကြိမ် - - - ၁၅
၁၂။ ယက္ကန်းစင်တောင်နှင့် စတုတ္ထအကြိမ် - - - - ၁၇
၁၃။ ကြို့ဆိုရေးမှာ သူတို့ပါ - - - - - - - - - - - - ၁၈
၁၄။ ဘာသာမတူ မေတ္တာပြု - - - - - - - - - - - - ၁၉
၁၅။ ကျပ်စေ့အရွယ် မောင်းကလေး - - - - - - - - ၂၀
၁၆။ အတိတ်အကြောင်း–ပစ္စုပ္ပန်အကျိုး - - - - - - ၂၀
၁၇။ ဆရာရွှေရောက် ရောဂါပျောက် - - - - - - - ၂၂
၁၈။ ရောဂါသက်သာ ကတိပျက်လာ - - - - - - - ၂၄

၁၉။ အိပ်ကောင်းတော့ စိတ်ပြောင်း -------- ၂၆
၂၀။ အာရုံပေါ်ထင် မြင်ရပ်ခွင် --------- ၂၇
၂၁။ ရွှေရောင်မောင်း ဘဝပြောင်း -------- ၂၈
၂၂။ နေမကောင်းအိပ်မက် အကြောင်းဆက် --- ၂၉

## အပိုင်း(၃)
## ယက္ကန်းစင်တောင်ကြွရှိ ဘုရားတည်

၂၃။ ကမ္ဘောဇဒွာနီ ကြွမြန်းချီ ------------ ၃၀
၂၄။ သူတော်ခေါ်ခိုက် ဝမ်းသာလှိုက် ------- ၃၂
၂၅။ ဦးသောင်နှင့် ယက္ကန်းစင်တောင် ------- ၃၄
၂၆။ သူတော်ခေါ်ခိုက် အပွဲ့ဝင်လိုက် ------- ၃၇
၂၇။ ဘုရားကိစ္စ အင်းထဲကြွ ---------- ၃၈
၂၈။ ၃၁–ဘုံသားရည် ဘုရားတည် -------- ၃၉
၂၉။ မေတ္တာကြီးမား ဆရာတော်ဘုရား ------ ၃၉
၃၀။ ဘုရားမြေအစိကာရ နွားလားဥဿဘ ---- ၄၀
၃၁။ တန်ခူးလပြည့်တွင် ပန္နက်တင် -------- ၄၁
၃၂။ ဦးအာစရ, ဦးဖျော် အမိန့်ချခေါ် ------ ၄၂
၃၃။ ပန္နက်ပြီးသော်လည်း အခက်အခဲ ------ ၄၃
၃၄။ မြို့နေလူထု ထောက်ခံမှု ---------- ၄၄
၃၅။ ဘုရားအတွက် ဂေါပကပွဲ့ ---------- ၄၅
၃၆။ သဒ္ဓါဦးသူ ချက်ချင်းလှူ ----------- ၄၇
၃၇။ အုတ်မြစ်ချရေး ပါမစ်မပေး --------- ၄၉

၃၈။ ဦးဘာရီနှင့်ခင်မင် အတိတ်ရာဇဝင် - - - - - - ၅၀
၃၉။ ဦးဘာရီစွမ်းပုံ အဖုံဖုံ - - - - - - - - - - - - - ၅၀
၄၀။ ယက္ကန်းစင်တောင်နှင့် ဦးတင်ဝင်း - - - - - - ၅၃
၄၁။ တည်ဆောက်မိန့်ရပုံ ဆန်းပြာကြုံ - - - - - - ၅၄
၄၂။ ဝမ်းသာအားရ အုတ်မြစ်ချ - - - - - - - - - ၆၀
၄၃။ ဒုတိယအကြိမ်ကြွလာ စိန်ဖူးပါ - - - - - - - ၆၁
၄၄။ မမြင်ရလို့ အထင်မသေးဖို့ - - - - - - - - - ၆၁
၄၅။ မှာတာမလုပ် ပြဿနာရှုတ် - - - - - - - - -၆၁
၄၆။ ဝမ်းစာပြည့်ကာ ဘုရားတည် - - - - - - - - ၆၃
၄၇။ ပတ္တမြားဂူ အလကားဂူမဟုတ် - - - - - - - ၆၄
၄၈။ ပထမဈာပနာပိတ်ပွဲ ကျင်းပနွှဲ - - - - - - - ၆၆
၄၉။ ဒုတိယဈာပနာပိတ်ပွဲ ကျင်းပနွှဲ - - - - - - - ၆၇
၅၀။ ၃၁–ဘုံအတွက် ကြွမြန်းတက် - - - - - - - ၆၇
၅၁။ ကြေးထီးမိန့်မှာ သံထီးသာ - - - - - - - - ၆၈
၅၂။ ငါးမည်ရပြည်ဗဟို - - - - - - - - - - - - - ၆၉
၅၃။ ထီးတော်လှည့်ပွဲ ဆင်ယင်နွှဲ - - - - - - - - - ၇၂
၅၄။ စခန်းထောက်ပြစ်မယ် - - - - - - - - - - - ၇၃
၅၅။ မှတ်တမ်းတင် အလှူရှင် - - - - - - - - - - ၇၄
၅၆။ ထီးတော်တင်ပွဲ ချိမ့်ချိမ့်သဲ - - - - - - - - ၇၇
၅၇။ ကောင်းကင်မော့ပြီး ဘုရားဖူးလို့ရပြီ - - - - ၇၈
၅၈။ ရုပ်ဝါဒီအမှု နတ်စစ်သူကြီးထု - - - - - - - ၇၉
၅၉။ ဆွမ်းဆန်စိမ်းအစ ရွှေဘုန်းပွင့်က - - - - - - ၈၁

၆၀။ မိုးပူဇော်ရန် ကန့်ကွက်ပြန် ---------- ၈၂
၆၁။ မိုးထွန်းညို့ရေး အစည်းဝေး ---------- ၈၄
၆၂။ ရည်ရွယ်ချက်မှန် သံဃာအပ်နှံ ---------- ၈၆
၆၃။ ယက္ကန်းစင်–ထေရုပ္ပတ္တိအကျဉ်း ---------- ၈၈
၆၄။ ရဟန်းဖြစ်တာ ဘုတလင်မှာ ---------- ၈၉
၆၅။ အသက်ရှည်စွာ သာသနာပြု ---------- ၉၀
၆၆။ သဗျောတောင်နှင့် အလောင်းစည်သူ ---------- ၉၁
၆၇။ ယက္ကန်းစင်တောင် အဆုံးအမ ---------- ၉၅
၆၈။ တောင်ကြီးမှာ ခန္ဓာဝန်ချရာ ---------- ၉၆
၆၉။ ဘဝပြောင်းသွား ထူးခြားမှုများ ---------- ၁၀၀

## အပိုင်း(၈)

## ဗျာဒိတ်ပေးဘုရားတည်ဆောက်

၇၀။ ရွှေဘုန်းပွင့်ဘုရား ထူးခြားချက်များ ---------- ၁၀၁
၇၁။ စေတီပြီးတော့ ကော်မတီဖျက် ---------- ၁၀၂
၇၂။ ဥပါသကာထူး ၁၇–ဦး ---------- ၁၀၂
၇၃။ ဗျာဒိတ်တည်ရေး ဩဝါဒပေး ---------- ၁၀၃
၇၄။ ဗျာဒိတ်ပေးမှာ ၈–နှစ်ကြာ ---------- ၁၀၄
၇၅။ ဗုဒ္ဓဝင်ပြရေး အကြံပေး ---------- ၁၀၅
၇၆။ ဗုဒ္ဓဝင်ပြပွဲ အကျိုးဆက်တွဲ ---------- ၁၀၆
၇၇။ ဗျာဒိတ်တည်ရန် ပွဲ့စည်းပြန် ---------- ၁၀၇
၇၈။ တည်ဆောက်ရေးဥက္ကဋ္ဌ ဦးတင်လှ ---------- ၁၀၈

၇၉။ ထူးဆန်းပြစ်မှန် နဂါးကန် - - - - - - - - - - ၁၀၉
၈၀။ စိတ်ထဲမပျော် နဂါးအပေါ် - - - - - - - - - - ၁၁၀
၈၁။ ဆင်တဲရေကန် အကြောင်းခံ - - - - - - - - - ၁၁၁
၈၂။ ဆင်တဲရေကန် ဗျာဒိတ်မှန် - - - - - - - - - ၁၁၅
၈၃။ ခြုံစောင်လျှုကာ သက်န်းရ - - - - - - - - - ၁၁၆
၈၄။ တက္ကသိုလ်ဘုန်းနိုင် ပုတီးပိုင် - - - - - - - - - ၁၁၇
၈၅။ ထောက်တည်စေရေး တောင်ဖွေးပေး - - - - ၁၁၈
၈၆။ တပ်မတော်နေ့တွင် ပန္နက်တင် - - - - - - - - ၁၁၉
၈၇။ ဌာပနာမှားချက် တည်ရန်စက် - - - - - - - - ၁၂၀
၈၈။ ဝိုင်းဝန်းကျိုးဆောင် ဗျာဒိတ်အောင် - - - - - ၁၂၁
၈၉။ ဗျာဒိတ်မြတ်ရှင် အနေကာဇာတင် - - - - - - - ၁၂၃

## အပိုင်း(ဃ)
## နောက်ဆက်တွဲ ဆောင်ရွက်ချက်များ

၉၀။ ရည်ရွယ်ချက်သုံးလီ ဗျာဒိတ်တည် - - - - - - ၁၂၄
၉၁။ ဂန္ဓကုဋိ တည်ပြန်ပြီ - - - - - - - - - - - - - ၁၂၄
၉၂။ ဂန္ဓကုဋိတည်ရန် ဖွဲ့စည်းပြန် - - - - - - - - ၁၂၅
၉၃။ လျှပ်စစ်မီးရလာ ထိန်ထိန်သာ - - - - - - - - ၁၂၈
၉၄။ သိမ်တင်းသုံးခွဲရာ ဝိဟာရာ - - - - - - - - - - ၁၂၉
၉၅။ ဝိဟာရသစ် ပြန်တည်ဖြစ် - - - - - - - - - ၁၃၁
၉၆။ သိမ်တင်းသုံးခွဲ ရဟန်းအဆက်ဆက် - - - - - - ၁၃၁
၉၇။ မြောက်ဖက်ခြမ်း ပန္စယံပြု - - - - - - - - - - ၁၃၂

၉၈။ တံတိုင်းပြုပြင် ခင်းရင်ပြင် - - - - - - - - - - ၁၃၃

၉၉။ ၇–ရက်သားသို့မျှား ကုသိုလ်ပွား- - - - - - - ၁၃၄

၁၀၀။ ၁၉၈၇–ခုနှစ် ဂေါပကအသစ် - - - - - - ၁၃၅

၁၀၁။ ရွှေဘုန်းပွင့်အောင်မြေ - - - - - - - - - - ၁၃၆

၁၀၂။ ဘုရားဝတ္တကမြေ - - - - - - - - - - - - ၁၃၇

၁၀၃။ ဆရာတော်အလိုကျ ကြေးထီးရ - - - - - - ၁၃၇

၁၀၄။ ဒုတိယအကြိမ် ကြေးထီးလှူ - - - - - - - - ၁၃၉

၁၀၅။ အများကောင်းစေလို့ သစ္စာဆို - - - - - - - ၁၄၀

၁၀၆။ တတိယအကြိမ် ဂေါပက - - - - - - - - - ၁၄၂

၁၀၇။ နေလင်းကုမ္ပဏီ ပါရမီ - - - - - - - - - - ၁၄၂

၁၀၈။ ကပ်ကျော်ဖို့ရာ ထီးဒွာပနာ - - - - - - - - ၁၄၄

၁၀၉။ ခေတ်ဘုရားမို့ ခေတ်မမှားဖို့ - - - - - - - - ၁၄၅

၁၁၀။ အေးချမ်းလွှမ်းခြုံ စမ္မာရုံ - - - - - - - - - ၁၄၆

၁၁၁။ သဒ္ဓါရှင် ရောက်လာလျှင် - - - - - - - - - ၁၄၇

၁၁၂။ သဒ္ဓါမရပ် ကုသိုလ်ထပ် - - - - - - - - - - ၁၄၉

၁၁၃။ ကတ္တရာလမ်းနှင့် အဝင်မုခ်ဦး - - - - - - - ၁၅၀

၁၁၄။ ၂၀၀၄–ရွှေဘုန်းပွင့်ဂေါပက - - - - - - - - ၁၅၂

၁၁၅။ ပထမအကြိမ်ကျင်းပ ဗုဒ္ဓပူဇနိယ - - - - - ၁၅၂

၁၁၆။ အောင်မြင်ကံဆင့် ရွှေဘုန်းပွင့် - - - - - - - ၁၅၅

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# တောင်ကြီးမြို့အရှေ့ဖျား
# ရွှေဘုန်းပွင့်ဘုရား-သမိုင်း ၈

**ပမာနဂါး အရှေ့ဖျား**

တောင်ကြီးမြို့သည် ရှေးယခင်က ရှမ်းပြည်နယ် ၏ မြို့တော်ဖြစ်ပြီး၊ ယခု **ရှမ်းပြည်နယ်တောင်ပိုင်း** ၏ မြို့တော် ဖြစ်ပါသည်။ ပင်လယ်ရေမျက်နှာပြင်မှ **၄၇၁၂**-ပေမြင့်သည်။

တောင်ကြီးမြို့၏ အရှေ့ဘက်တွင် **တောင်နှင့် မြောက်** သွယ်တန်းနေသော တောင်တန်းကြီးတစ်ခု ရှိပါသည်။ ထို တောင်တန်းကြီးကို အပိုင်း သုံးပိုင်းခွဲ၍ ပြောပြရလျှင်-

ရွှေမုဋ္ဌောစေတီ ရှိသော **တောင်ဘက်အပိုင်း** ကတစ် ပိုင်း။ ၎င်းတောင်သည် ပင်လယ်ရေမျက်နှာပြင်မှ အမြင့်ပေ **၅၇၅၅**-ပေ ခန့်မြင့်ပါသည်။

မြစိမ်းတောင်စေတီ ရှိသော **မြောက်ဘက်အပိုင်း**က တစ်ပိုင်း။ ၎င်းအပိုင်းသည် ပင်လယ်ရေမျက်နှာပြင်မှ အမြင့် ပေ **၅၅၅၀**-ပေ ခန့်မြင့်ပါသည်။

ယခု ရွှေဘုန်းပွင့်ဘုရား တည်ရှိနေသော နွားလား ဥဿဘ **တောင်အလယ်ပိုင်း** က တစ်ပိုင်း။ ၎င်းအပိုင်းသည် ပင်လယ်ရေမျက်နှာပြင်မှ အမြင့်ပေ **၅၆၂၃**-ပေ ခန့်မြင့်သည်။

ကပ်လျက် တောင်ဘက်ရှိ တောင်သည် တောင်ချွန်း ဟု အမည်ရပါသည်။ နွားလားဥဿဘတောင်ထက် နိမ့်၏။

တောင်တန်းကြီးသည် တောင်ချွန်းမှ မြောက်ဘက် မြစိမ်းတောင်အထိ သွယ်တန်းနေပုံမှာ နဂါးတစ်ကောင်ပုံ ဖြစ်နေသည်။

တောင်ချွန်းတောင်သည် နဂါး၏ ဦးခေါင်းပုံသဏ္ဌာန် ရှိသောကြောင့် **နဂါးဦးခေါင်း** အဖြစ်လည်းကောင်း။

ရွှေဘုန်းပွင့်ဘုရား တည်ရှိသောအပိုင်းသည် နဂါး၏ ဝမ်းဗိုက်ကိုယ်ထည် ပုံသဏ္ဌာန် ရှိသောကြောင့် **နဂါး၏ ဝမ်းဗိုက်** အဖြစ်လည်းကောင်း။

မြစိမ်းတောင်အပိုင်းသည် နဂါး၏ အမြီးတံသဖွယ် သွယ်ဆင်းသွားသောကြောင့် **နဂါးအမြီး** အဖြစ် လည်း ကောင်း ဖြစ်နေသည်။ ထို့ကြောင့်-

အရှေ့ဖျား တောင်တန်းကြီး၏ ပုံသဏ္ဌာန်သည် နဂါး တစ်ကောင်ပမာ ဖြစ်နေပါသည်။

မြစိမ်းတောင် မှ ရွှေမုဋ္ဌောတောင် အထိ တောင်တန်း ကြီး၏ အရှည်သည် (၂–မိုင်၊၄–ဖါလုံ) ခန့် ရှိပါသည်။



မူလဘူတ ဥလားသဘ

ယခု ရွှေဘုန်းပွင့်ဘုရား တည်ရှိနေသော တောင်၏ အလယ်တည့်တည့် မြေနေရာသည် စေတီ မတည်ခင်က ၂၀-

ပေခန့်မြင့်သော **တောင်ကုန်းကလေးတစ်ခု** တည်ရှိပါသည်။ ထိုတောင်ကုန်းငယ်ကလေးသည် 'နွားလားဥသဘ ၏ 'ဘို့' နှင့် အလွန်တူပေသည်။ ထို့ကြောင့် မူလဘူတ ရှေးရှေးအခါက- '**နွားလားဥသဘတောင်**' ဟု ခေါ်ခဲ့ကြသည်။

**မြန်ပြည်တဘောင် ရှမ်းပြည်နယ်တောင်၊**
**ဦးစီးဦးဆောင် ဥသဘတောင်။**

တမည်ခေါ်ဆောင် ဘိုးမင်းတောင်

တစ်ဖန် အင်္ဂလိပ်ကိုလိုနီခေတ်တွင် နွားလားဥသဘတောင်ပေါ်ရှိ သစ်တောကို ထိမ်းသိမ်းစောင့်ရှောက်ရသော သစ်တောဌာနတွင် တာဝန်ထမ်းဆောင်နေသည့် ထိုခေတ်အခေါ် **သစ်တောခေါင်း-ဦးဘိုးမင်း** ဆိုသူရှိပါသည်။

ဦးဘိုးမင်းသည် သစ်တောများ မီးမလောင်စေရန် မီးခြားလမ်းများဖေါက်လုပ်ခြင်း၊ မြင်းစီးလမ်းများကို ဖေါ်ထုတ်ပေးခြင်း၊ ဘေးမဲ့ပေးထားသော သားကောင်များကိုလည်း ကောင်းစွာစောင့်ရှောက်ပေးခြင်း၊ စသဖြင့် သစ်တောမပြုန်းတီးရအောင် နွားလားဥသဘတောင်တစ်ခွင် သာယာအောင် ကောင်းစွာ ထိန်းသိမ်းနိုင်ခဲ့၏။

ထို့ကြောင့် အစိုးရက သူ့အား- စလွယ်နှင့် ငွေဓါးဆုချီးမြှင့် ပေးအပ်ခဲ့သည်။ နာမည်ကောင်း ရခဲ့သဖြင့် သူ့အား

လူသိများခဲ့ကြသည်။

သူကိုအစွဲပြုကာ ထိုတောင်ကိုလည်း ဦးဘိုးမင်းနေတဲ့တောင် '**ဘိုးမင်းတောင်**' ဟု အမည်နာမ ပညတ်ကြရာမှ နှစ်ကာလ ရှည်ကြာသောအခါ ဘိုးမင်းတောင် ဖြစ်လာသည် ဟု ရှေးမီလိုက်သည့် **အဘ–ဦးသက်တင်၏** ပြောပြချက် အရ သိရသည် ဟုဆိုကြပါသည်။

ထို့ကြောင့် တောင်တော်၏ ဘွဲ့အမည်နာမ နှစ်မျိုး တွင်ခဲ့လေတော့သည်။

**"အရှေ့ကိုနော် မျှော်ကြည့်ရင်လှ**
**နွားလားဥသဘာ တောင်တော်တောင်တော်**
**ထပ်ဆင့်ကာခေါ် ဘိုးမင်းတောင်တော်**
**ဘုမ္မိနက်သန် အမှန်မို့ကွယ်**
**ရွှေဘုန်းပွင့်တည် ရာဇဝင်တွင်မလွဲ–"**

(သမိုင်းရေးသူ)

### ဦးစောလှနဲ့ ဦးချစ်မောင်

ဦးချစ်မောင်သည် အင်း-တိုင်းရင်းသား ဖြစ်ပါသည်။ လက်သမားအလုပ်ဖြင့် အသက်မွေး၍နေသည်။ ထိုသို့ အသက်မွေးလုပ်ကိုင်နေရင်းမှ ဝိဇ္ဇာကျင့်စဉ် ကျင့်လိုသည်ဟု ဆို၍ နည်းလိုက်ရှာယင်း ဦးစောလှ(အဖေကြီး) ဆိုသူနှင့် တွေ့၍ တပည့်အဖြစ် ခံယူခဲ့ပါသည်။

၁၃၂၅–ခုနှစ်၊ ရောက်သောအခါ- လက်သမား အလုပ်ကို လုပ်ကိုင်လိုစိတ်မရှိ၍ လက်သမားပစ္စည်းများကို တစ်ပါးသူအား အကုန်ပေးလိုက်ပြီး၊ လက်သမားဘဝကို စွန့်၍ သမထကျင့်စဉ်ဘက် ကူးပြောင်းခဲ့သည်။



ရှမ်းကိုးပန္နက် မင်းဖေါ်ခဲ့

**၁၃၂၅–ခုနှစ်၊ တပေါင်းလပြည့်နေ့ ည ၊ 'လောကရန်နိုင်–ပိဋကတိုက်တော်'** အတွင်း၌ သူနှင့် ဦးရွှေဒွန်းကို ဦးစောလှ က ခေါ်ခိုင်းပြီး၊ အခန်း တံခါးမင်းတုန်းကို ချစေလျှက်-

**"ရှမ်းကိုးမြို့ပန္နက်ကို ငါရိုက်ခဲ့ပြီးပြီ၊' အဲဒီ– ပန္နက်ကို မင်းဖေါ်ရမယ်၊ မင်းတာဝန်ယူရမယ်။"** ဟု ပြောကြားခဲ့လေသည်။

ထိုမိန့်မှာချက်အရ- ဦးချစ်မောင်သည် အဓိဋ္ဌာန်များ ဝင်ခဲ့သည်။ အဓိဋ္ဌာန် ဝင်ပြီးသည့်အခါတိုင်း၊ သူ့၌ ဖြစ်ပေါ်လာသည့် အာရုံများ၊ အမြင်များ မှန်မမှန်ကို ဦးစောလှအား မေးမြန်းသည့်အခါတွင်-

'အေး- ဟုတ်တယ် အဲဒီလို အဓိဋ္ဌာန် များများတင်ပြီး အလုပ်လုပ် အဖြေပေါ်လာလိမ့်မယ်။'

'လောကီအာရုံ နဲ့ လောကုတ္တရာ အာရုံ ၂-မျိုးရှိတယ်။ လောကီအာရုံများ ပေါ်လာယင် မလိုက်နဲ့ကွ။ လော

ကုတ္တရာအာရုံတွေ ပေါ်လာယင် ရှေ့ကို စူးစူးစိုက်စိုက် တိုးပြီး လိုက်မှတ်' ဟု ဩဝါဒပေးခဲ့ပါသည်။

ဦးစောလှ ညွှန်ပြဆုံးမသည့်နည်းအတိုင်း လိုက်နာ အဓိဋ္ဌာန်ဝင်ခဲ့ရာ သမာဓိအင်အား ကောင်းလာသောအခါ တရားသဘောအမှန်များကိုလည်း တွေ့ရှိလာခဲ့ရသည်။

**သီလ သမာဓိ ပညာ** ဟူသော သိက္ခာသုံးရပ်သည် သာသနာပင်ဖြစ်ကြောင်း၊ သာသနာအလုပ်ကိုလည်း နား လည်လာခဲ့ပါသည်။ သို့အတွက် ဦးစောလှ ၏ကျေးဇူးကို မမေ့နိုင်ပဲ ရှိခဲ့သည်။

**'သာသနာပြုမယ့် ပုဂ္ဂိုလ်များဆိုတာ သတိအမြဲရှိရ မယ်၊ ဘယ်အခါမှ အလစ်မပေးရဘူး။ အာရုံကိုမပြတ်ဂရု စိုက်ရမှာဖြစ်တယ်'** ဟု အဆုံးအမပေးခဲ့၏။ ရှေ့လုပ်ငန်းစဉ် များ ဆောင်ရွက်ရာတွင် ဤဆုံးအမကို လက်ကိုင်ထား၍ လုပ်ဆောင် ကျင့်ကြံခဲ့ပါသည်။

**၁၃၂၇-ခုနှစ်**၊ တွင် ဦးချစ်မောင်အိပ်မက် မြင်မက် သည်။ အိပ်မက်မှာ-

နေ့လည်ဘက်အချိန် ကြယ်ကြီးတစ်လုံး မတ္တရာမြို့ ရွှေဘုန်းပွင့်ဘုရားအပေါ် တည့်တည့်မှာတည်ရှိပြီး ကြယ်ငါး လုံးက အင်္ဂါထောင့်မှာထင်ရှားစွာတွေ့ရသည်။ ရန်ကုန်ဘက် တွင်လည်း ကြယ်ကြီးတစ်လုံး မြင်တွေ့ခဲ့ရသည့် အိပ်မက်ဖြစ် သည်။

ထိုအိပ်မက်သည် မတ္တရာ-ရေနံ့သာဘုရား ၌ သူ အဓိဋ္ဌာန်ဝင်စဉ် ၆-ရက်မြောက်နေ့ အိပ်မက်နှင့်တူပါသည်။ ထို့ကြောင့် ဦးချစ်မောင်၏ စိတ်ထဲတွင် ထိုနိမိတ်များကြောင့် အဓိဋ္ဌာန် ပိုမိုပြုလိုသော ဆန္ဒများ ဖြစ်ပေါ်လာခဲ့သည်။

## အိပ်မက်ပုံပေါ် ရွှေတိဂုံကုန်းတော်

ဖြစ်ပေါ်လာသည့် ဆန္ဒအတိုင်း ရန်ကုန်ဘက်တွင် ကြယ်ကြီးတစ်လုံးပေါ်သည့် အိပ်မက်နိမိတ်ကြောင့် ရန်ကုန်သို့သွားရောက်၍ ရွှေတိဂုံဘုရား ရာဟုထောင့် ခေါင်းလောင်းနံဘေး၌ (၉)-ရက်တိုင်တိုင် အဓိဋ္ဌာန်ဝင် ပုတီးစိပ်ပါတော့သည်။

'သာသနာ့အကျိုး၊ ၃၁-ဘုံသားအကျိုး၊ ဆရာတော်ဘုရားကြီးများ၏အကျိုး၊ ဦးစောလှ၏လုပ်ငန်းစဉ်ကိစ္စအဝဝများ အမြန်ဆုံး ပြီးမြောက် အောင်မြင်ပါစေသတည်း-' ဟု၊ သစ္စာပြု အဓိဋ္ဌာန်ဝင်ခဲ့ပါသည်။

သမာဓိများ အားကောင်းနေသော ပုဂ္ဂိုလ်များ၏ သန္တာန်တွင် ပီတိသုခချမ်းသာသည် ဖြစ်စမြဲပါ။ ဦးချစ်မောင် တစ်ယောက် အာရုံကောင်းပီတိများ ခံစားပြီး ချမ်းသာနေပါသည်။ ထို့ကြောင့် ရွှေတိဂုံကုန်းတော်ပေါ်၌ သူ့အဓိဋ္ဌာန်နှင့် သူ ပျော်နေသည်။

သူ့အိပ်မက်ကို သူပုံဖော်နေပါသည်။ မည်သူ တစ်ဦး

တစ်ယောက်၏ စေခိုင်းချက်နှင့် လုပ်နေသည်မဟုတ်ပါ။



### ယက္ကာန်းစင်တောင်နှင့် ပထမအကြိမ်

အမိဋ္ဌာန် ၄-ရက်မြောက်သောနေ့၊ ဦးထွန်းအောင် နေအိမ် (ရွှေတိဂုံ အရှေ့ တိုင်တစ်ရာ-ရွှေကျင်ကျောင်းအနီး) ဦးစောလှ ၏ ဓါတ်ပုံအောက်၌ လဲအိပ်နေစဉ်-

" **ကုန်းတော်ပေါ် တက်ခဲ့ပါ** " ဟု-
သုံးကြိမ် သုံးခါအသံကြားရသဖြင့် ဦးချစ်မောင်သည် အိပ်ယာမှ လန့်နိုးလာ၏။ ထို့နောက် ရွှေတိဂုံဘုရား ကုန်းတော်ပေါ်သို့ တက်သွားခဲ့ပါသည်။ နံနက်ပိုင်းက သူ့အမိဋ္ဌာန် ပြီးသွားပြီ ဖြစ်ပါသည်။

မိမိအမိဋ္ဌာန်သည့်နေရာ ရွှေတိဂုံဘုရား ရာဟုထောင့် ခေါင်းလောင်းနားသို့ အလိုလိုလျှောက်သွားမိ၏။

ခေါင်းလောင်း၏ နံဘေးတွင် ထိုင်၍သီတင်းသုံးနေသော ရဟန်းအိုတစ်ပါးကိုတွေ့ရသည်။ ထိုရဟန်း အနားသို့ သူအရောက်တွင် ဦးချစ်မောင်အား-

**ရဟန်းအို–** ' မင်း ! ရဟန်းလား-? ကိုရင်လား-? '
**ဦးချစ်မောင်–** ' တပည့်တော် ကိုရင်ပါဘုရား- '
**ရဟန်းအို–** ' ဒီလိုဆို ရဟန်းဘောင် တက်လိုက်ပါဦး '
**ဦးချစ်မောင်–** ' တပည့်တော် တက်ပါမယ်ဘုရား --'

ဘုမသိဘမသိနှင့် ကတိပေးလိုက်မိသည်။ ဆက်၍

**ရဟန်းအို—** 'မင်း! ငါ့သတင်းကို မကြားမိဘူးလား?'

မင်း ငါ့ကိုမသိဘူးလား-? ဟု ဆိုလိုခြင်းဖြစ်သည်။

**ဦးချစ်မောင်—** 'တပည့်တော် မကြားမိပါဘုရား။'

**ရဟန်းအို—** '**ယက္ကန်းစင်တောင် ဦးဩဘာသ** ဆိုတာ ကြားဖူးသလား-?'

**ဦးချစ်မောင်—** 'ကြားတော့ ကြားမိဖူးပါတယ်ဘုရား၊ ကိုယ်တိုင် တစ်ခါမျှ မဖူးတွေ့ဘူးပါဘုရား- -'

**ရဟန်းအို—** 'အေး-အဲဒီ ယက္ကန်းစင်တောင် ဆရာတော် ဦးဩဘာသ ဆိုတာ ငါပဲ' ဟု- မိန့်လိုက်၏။

ဦးချစ်မောင် စိတ်ထဲဝမ်းသာသလိုလို ဖြစ်သွားပြီး-- ကြက်သီးမွေးညင်းတွေ ထသွားပါတော့သည်။

'**ကုန်းတော်ပေါ် တက်လာခဲ့**' လို့ သုံးကြိမ်သုံးခါ အသံကြားရပြီး တက်လာသောအခါ၌ ယခုလို ပုဂ္ဂိုလ်ထူး တစ်ပါးနှင့် တွေ့ခြင်းကြောင့်၊ အိပ်မက်ထဲမှ အသံရှင်မှာ ဤပုဂ္ဂိုလ်ပင်လော-?။ မိမိ၏ အဓိဋ္ဌာန် ပါရမီကြောင့် ဤသို့တွေ့ရခြင်းပင်လော-?။ ညဏ်မမှီ မဝေခွဲနိုင် တွေးနေမိရာမှ စိတ်ထဲ အကြံတစ်ခု ပေါ်လာခဲ့ပြီး-

'ငါ စိတ်ထဲ အဓိဋ္ဌာန်တစ်ခု ပြုလုပ်ကြည့်မယ်။ ဤပုဂ္ဂိုလ်သည် ယက္ကန်းစင်တောင်ဆရာတော် ကေန် အစစ်အမှန်ဖြစ်ပါက ငါ့ကို ပစ္စည်းတစ်ခုခု ပေးပါစေသတည်း--'

အာရုံပြု အဓိဋ္ဌာန်လိုက်ရာ တခဏ၌—

**ဆရာတော်**– 'ရော့- မင်းလိုသလိုသုံး။ အေး-သွားနိုင်ပြီ'

အတောင့် ကလေး(၇)-တောင့်ကိုပေးလာခဲ့သည်။ သူ၏စိတ်ထဲတွင် အဓိဋ္ဌာန်အောင်မြင် ထူးခြားချက်မို့ ဝမ်းသာနေမိသည်။

အဓိဋ္ဌာန် ၅-ရက်မြောက်သောနေ့ နံနက်စောစော **'ကုန်းတော်ပေါ်တက်ခဲ့'** အသံသုံးကြိမ် ကြားရပြန်သည်။

ဆရာတော်နှင့် တွေ့ရမည်အထင်နှင့် ကုန်းတော်ပေါ်သို့ အပြေးကလေး တက်သွားမိ၏။ သူပုတီးစိပ်နေကျ ရာဟုထောင့် ရောက်သောအခါ မည်သူမျှမရှိပါ။ ဆရာတော်ကြီးကိုလည်း မတွေ့ရပါ။

မတွေ့ရငြားသော်လည်း မိမိအဓိဋ္ဌာန်နေကျ နေရာ၌ထိုင်ပြီး ရွှေတိဂုံဘုရားကို ဝတ်ပြု အဓိဋ္ဌာန်ပုတီးစိပ်သည်။ ပုတီးစိပ်အပြီး အနန္တဂိုဏ်းဝင် ဆရာတော်များနှင့်တကွ ဝေနေယျသတ္တဝါ အားလုံးတို့အား မေတ္တာပို့အမျှဝေပြီး၊ ပြန်အထတွင် ဦးချစ်မောင်၏ အနောက်ဘက်၌ မတ်တပ်ရပ်နေနေသော ယက္ကန်းစင်တောင်-ဆရာတော်ဘုရားကြီး အားဖူးတွေ့လိုက်ရ၍ ဝမ်းသာသွားသည်။

**ဆရာတော်**– 'မင်းနဲ့ငါ ချိန်းထားသလိုပဲ တွေ့ကြပြန်ပြီ။ ထိုင်ပါဦး-'

ထိုနေရာ၌ သီတင်းသုံးရန် ထိုင်ချလိုက်ကြပါသည်။ ဦးချစ်မောင်က ဆရာတော်ကို ဦးချ ဝတ်ဖြည့်အပြီး-

**ဆရာတော်–** 'ရေနံ့သာဘုရားမှာ **ငတော** နဲ့ **သာဂျမ်း** လာကြရဲ့လား-? ဟု ရုတ်တရက်မေးလာ၏။

ဦးချစ်မောင်စိတ်ထဲ မိမိသည် ဦးစောလှ၏အဖွဲ့ဝင်သား-သမီးဖြစ်ကြောင်း၊ ရေနံ့သာတွင် ဘုရားတည်ခြင်း အကြောင်း၊ ထိုဘုရားတည်ခြင်း ကိစ္စတွင်ပါသော **ငတော** နှင့် **သာဂျမ်း** အကြောင်းကို မိမိက မပြောပါဘဲနှင့် အမေးရှိလာသဖြင့် အံ့အားသင့်မိ၍-

**ဦးချစ်မောင်–** 'မှန်ပါဘုရား လာပါတယ်ဘုရား-။ ငတောနဲ့ သာဂျမ်း ကို ဆရာတော် သိပါသလားဘုရား-?'

**ဆရာတော်–** 'ငတောဆိုတာ ငါ့-မြေး ။ သာဂျမ်း ဆိုတာ ငါ့-တူ တော်တယ်-' ဟု မိန့်တော့မှ-

**ဦးချစ်မောင်–** 'တပည့်တော်ဟာ- ဦးစောလှရဲ့ တပည့်ပါဘုရား' လျှောက်၏။

**ဆရာတော်–** 'အေး ငါသိပါတယ်ကွာ၊ မင်းတို့ ဦးစောလှ ဘဝပြောင်းတာ တပေါင်းလပြည့်နေ့ကပါ။

မိတ္ထီလာမမွာရုံ အင်္ဂါထောင့် က ကုတင် မှာ ငါရှိတာ ဘယ်သူမှမသိဘူး။ ဦးစောလှ အလောင်းကို မင်းပိုက်သွားတာ ငါတွေ့ပါတယ်-' မိန့်လိုက်ပါသည်။

ဦးစောလှ ကွယ်လွန်စဉ်က အလောင်းပိုက်သွားသူမှာ မိမိပင်ဖြစ်သည်။ ဦးချစ်မောင်သည် ဆရာတော်ကြီးအား

ယက္ကန်းစင်တောင်-ဆရာတော် အစစ်ပဲဟု၊ ဆုံးဖြတ်ချက်ချ ကြည်ညိုမိပါတော့သည်။

ရန်ကုန်ဖက် ကြယ်ကြီးတစ်လုံးပေါ်သည့် အိပ်မက်မှာ ယက္ကန်းစင်တောင်ဆရာတော် တွေ့ရန်နိမိတ်ပင်တည်း။

အမည်ပြောင်းစေ မောင်ချစ်ပေ

**ဦးချစ်မောင်–** ' ဆရာတော်ဘုရား- ! ဆရာတော်ဘုရား နောက်ကို တပည့်တော် လိုက်ခဲ့ပါရစေ-၊ ဝတ်ကြီးဝတ်ငယ် ခွင့်ပြုပါဘုရား။ ' -

**ဆရာတော်–** ' မင်း ! ပဋ္ဌာန်းတက်လိုက်ဦးကွာ ၊ မန်းစက်တော်လည်း သွားလိုက်ဦး။ ဦးစက္ကိ ဆီကိုလည်း သွားလိုက်ပါဦး။'

( ဦးစက္ကိဆိုသည်မှာ မြင်းခြံအနောက်ဖက် မင်းလှမြို့မှ ဖြစ်ပါသည်။)

ဤမိန့်မှာချက်သည် ဦးစောလှ မကွယ်လွန်ခင် က သူ့အား မှာကြားချက်နှင့် တူနေပါသည်။ သူ့အား မန်းစက်တော်နှင့် ပုဂံဘုရားများသို့ သွားရန်ဖြစ်ပြီး၊ အပြန်တွင်လည်း မင်းလှမြို့ ဆရာတော်-ဦးစက္ကိ ထံဝင်ရန်ဖြစ်သည်။

ဦးချစ်မောင်သည် ဆရာတော်ကြီးနှင့်တွေ့ရ စကားပြောရသည်မှာ ပို၍ပို၍ အကြောင်းဆက်ရှိလာသည်။

ဦးစောလှနှင့် ပြန်တွေ့ရသလို ခံစားရသဖြင့် မျက်ရည်

များပင် ဝဲဝေ့လာလေသည်။

ဆရာတော်ကြီးက စကားစပ်၍ ပြောပြသည်မှာ-

**ဆရာတော်**– 'ညောင်ရွှေမြို့ ရတနာမာရ်အောင်ဘုရား အရှေ့ဘက်မှာ- ညောင်ရွှေ စော်ဘွားအို (ဆာစောမောင်)ရယ်၊ ဦးစောလှရယ်၊ ငါတို့ အတူ တည်ထားတဲ့ ဆုတောင်းပြည့်စေတီနဲ့ ဘုရားကိုလည်း သွားဖူးဦးကွ။ ' ဆက်၍-

**ဆရာတော်**– 'ကဲ- မှာစရာရှိတာလည်း မှာပြီးပြီ၊ မင်း- လုပ်စရာရှိတာ ဆက်လုပ်ပေတော့။ မင်း- နာမည်ကိုလည်း ကနေ့ကစပြီး **ချစ်မောင်** ကနေ **ချစ်ဖေ** လို့ပြောင်းလိုက်ပြီ ၊ အေး-- သွားတော့-၊ သွားတော့-၊'

ဦးချစ်မောင် ဦးချပြီး ထပြန်လာခဲ့ပါတော့သည်။

## ဆရာတော်မှာချက် ရဟန်းတက်

အဓိဋ္ဌာန် ၉-ရက်ပြည့်ပြီးသောအခါ ဆရာတော်မှာကြားသည့်အတိုင်း မန်းစက်တော်နှင့် ပုဂံဘုရားများသို့သွားရောက်အဓိဋ္ဌာန်များဝင်ပြီး၊ အပြန်တွင် မင်းလှမြို့သို့လှည့်၍ ဆရာတော် ဦးစက္ကိံထံဝင်ရောက်ခဲ့သည်။

ယက္ကန်းစင်တောင်ဆရာတော်၏ မိန့်မှာချက်များကို လျှောက်ထားခဲ့လေသည်။

ထိုနှစ် တပေါင်းပွဲတော် အရောက်တွင် ရဟန်းတက်

ရန် အချိန်ရောက်ရာ ဆရာတော်ဦးရေဝတ၊ ဘုန်းဘုန်းကြီး (ဦးစောလှ၏ သားအကြီး) တို့ထံ လျှောက်ထားပြီး ရဟန်းဘောင်တက်ခဲ့ပါသည်။ ရဟန်းဘွဲ့တော်မှာ **ဦးဂန္ဓမာ** ဖြစ်ပါတော့သည်။

### ယက္ကန်းစင်တောင် နှင့် ဒုတိယအကြိမ်

တပေါင်းလတွင် ပျဉ်းမနား ဦးစောလှဓမ္မာရုံတွင် နှစ်စဉ်တပေါင်းပွဲကျင်းပကြသည်။ (ထိုပွဲသို့ မြန်မာပြည်အရပ်ရပ်မှ ဦးစောလှ၏ ဝေနေယျများ လာရောက်ကြပါသည်။)

ထိုတပေါင်းပွဲတွင် မိုးကုတ်မြို့မှ ဦးညိုတို့ ဇနီးမောင်နှံတို့က ရန်ကုန်သို့ ဘုရားဖူးသွားရန် ပင့်သဖြင့် ဦးဂန္ဓမာ ရန်ကုန်မြို့သို့ ရောက်ခဲ့ရပြန်ပါသည်။

ဘုရားများလှည့်လည် ဖူးမျှော်စဉ် ရွှေတိဂုံစေတီသို့ ရောက်ခဲ့၏။ ယက္ကန်းစင်ဆရာတော်နှင့် တွေ့ခဲ့သည့် ရာဟုထောင့်သို့အရောက်တွင် ထိုနေရာသို့ အမှတ်တမဲ့လှမ်းကြည့်လိုက်လေလျှင် ဆရာတော်ကြီးကို အံ့သြစွာ တွေ့လိုက်ရသဖြင့် အပြေးကလေး သွားရောက်ဖူးမျှော်ပြီး၊ မိမိလျှောက်ထားလိုသည်များကို လျှောက်ထားလေသည်။

**ဦးဂန္ဓမာ** – ‘ဆရာတော်ဘုရား၊ ဆရာတော်တက်ခိုင်းတဲ့ ရဟန်းဘောင်ကို တပည့်တော်တက်ပြီးပါပြီဘုရား၊ ဘွဲ့အမည်က ဦးဂန္ဓမာ ပါဘုရား--’

**ဆရာတော်–** 'အေးအေး၊ မင်း- ရဟန်းဖြစ်ပြီ ဆိုတော့- ငါနဲ့အတူ ဆွမ်းဘုန်းပေးလိုက်ခဲ့'

ဆိုသဖြင့် ဆရာတော်နှင့်အတူ (၇)-ရက်တိတိ ဆွမ်းဘုန်းပေး လိုက်သွားခဲ့ပါသည်။ ပြန်ခါနီးတွင်-

**ဆရာတော်–** 'ရေနံ့သာကိုဝင်ပြီး မင်းတို့ ဘုန်းဘုန်းကို ပြောလိုက်၊ ကဆုန်လမှာ ဘုရားကို အပြီး တည်ပါလို့ ' မှာကြားပါသည်။

ဘုန်းဘုန်းကြီးကို ဆရာတော် မှာကြားသမျှ တစ်ခု မကျန် ပြန်လျှောက်ထားလိုက်၏။

**ဘုန်းဘုန်းကြီး-** 'နောက်ဆို ဆရာတော် မိန့်ကြားလိုက်တဲ့ စကားတွေကို အသေအချာ မှတ်ထားပါ'

**ဦးဂန္ဓမာ –** ' တပည့်တော် မှတ်ထားပါ့မယ်ဘုရား '

ဦးဂန္ဓမာသည် စိတ်ဓါတ်များ အလွန်တက်ကြွ နေပါတော့သည်။



**ယက္ကန်းစင်တောင် နှင့် တတိယအကြိမ်**

**၁၃၂၉–ခုနှစ်၊ တပေါင်းပွဲတော်** ရောက်လာခဲ့ပြန်ပါသည်။ ကမ္ဘောဇ အဖွဲ့သားများနှင့် တပေါင်းပွဲသို့တက်ခဲ့ကြ၏။ နဂါးရုံ၌ (ထမင်း) အာဟာရများဖြင့် ကျွေးမွေးစဉ့် ခံစဉ် အရှူးတစ်ယောက် ရောက်လာပြီး လျှောက်ပြောနေ၏။ အကြောင်းအမျိုးစုံနေပါသည်။

ထို့နောက် ဦးဂန္ဓမာစိတ်ထဲ တစ်မျိုးဖြစ်သွားပြီး-

**ဦးဂန္ဓမာ–** 'တပည့်တော်တို့အဖွဲ့ ရန်ကုန်ကို သွားမလို့ပါဘုရား-'

ဘုန်းဘုန်းကြီးက- သွားသည့်ခရီးတွင် တွေ့ကြုံရမည့် အခြေအနေများကို မှတ်ထားရန် သတိပေးပါသည်။

သို့နှင့် ဦးဂန္ဓမာသည် ရန်ကုန်သို့ရောက်သွားသော အခါ ရွှေတိဂုံအရှေ့ဘက်မုခ် လှေကား အတက်၏ တောင်ဘက် ဦးသော်တိုက်တွင် ပြည်သူအများ၏ အဖူးမြော်ကို ခံနေသော ယက္ကန်းစင်တောင်ဆရာတော်ဘုရားနှင့် တစ်ဖန် တွေ့ဆုံကြုံရပါသည်။ အဖွဲ့သားများ သွားရောက် ကန်တော့ကြသော အခါ-

**ဆရာတော်–** "အခုလာတဲ့ ကမ္ဘောဇအဖွဲ့သားများကို ငါ ကျွေးမွေးမယ်၊ နေ့စဉ် လာစားကြ-။" ဟု-

ဖိတ်ခေါ်ခြင်းကိုခံရသည်။

နေ့စဉ်နေ့စဉ် ဆရာတော်ဘုရားက အာဟာရများကို၎င်း၊ ဆေးတော်များကို၎င်း၊ ကိုယ်တိုင်လက်ဖြင့် ချီးမြှင့်ပေးသဖြင့် လာရောက်ကြသူတိုင်း စားသောက်ကြ၊ ဆေးယူကြ ဖြင့် ဝမ်းသာနေကြသည်။

၂-ရက်, ၃-ရက် အကြာတွင်-

**ဦးဂန္ဓမာ–** 'တပည့်တော်တို့ ကျောက်တန်း ရေလည်ဘုရား သွားရောက်ဖူးမလို့ပါဘုရား'

**ဆရာတော်—** 'သွားကြပါ။ ငါလည်းသွားမယ်-'

ကျောက်တန်း ရေလည်ဘုရားသို့ ရောက်သောအခါ ဘုရားကို ပန်း, ရေချမ်း, ဆီးမီး, များ ဆက်ကပ် လှူဒါန်းပြီး၊ ပုတီးစိပ်ကြ အလုပ်များ လုပ်ကြပါသည်။ ထို့နောက် စေတီ ပတ်ပတ်လည် ရေထဲရှိ ငါးကြီးသတ္တဝါများကို ပေါက်ပေါက် ဆုပ်အစာ များ ကျွေးမွေးလှူဒါန်းကြသည်။

အစာကျွေးမွေးပြီး ဆရာတော်ကြီးနှင့်အတူ အမျှအ တန်းပေးဝေ၊ မေတ္တာပို့ပြီး ပြန်လာခဲ့ကြသည်။



**ယက္ကန်းစင်တောင် နှင့် စတုတ္ထအကြိမ်**

နောက်တစ်နှစ်။ **၁၃၃၀—ခုနှစ်**၊ ကျိုင်းတုံစော်ဘွားက ဦးချစ်ဖေအား ခေါ်သဖြင့် ရန်ကုန်သို့ရောက်ခဲ့သည်။ အတွင်း ဝန် ဦးမြမောင်အိမ်တွင် တစ်ဖန် ဆရာတော်ဘုရားကို ဖူးတွေ့ ရပြန်သည်။

**ဆရာတော်—** 'မောင်ချစ်ဖေ-! မင်းတို့ တောင်ကြီးမြို့ကို ငါ-မပင့်လည်းကြွ ပင့်လည်းကြွမယ်ကွ' ဟု-

ရုတ်တရက် မိန့်လာ၏။ ဦးချစ်ဖေမှာ ထီပေါက်သလို အလွန် ဝမ်းသာသွားပါတော့သည်။ ထိုအချိန်တွင် ဦးချစ်ဖေသည် လူဝတ်နှင့် ဖြစ်ပါသည်။

**ဦးချစ်ဖေ—** 'ဘုရား တပည့်တော်ပင့်တာ ဒီတစ်ခါကျမှ အောင်မြင်ပါတော့တယ်။ ဝမ်းမြောက် ဝမ်း

သာ ရှိလှပါတယ်ဘုရား။ တပည့်တော်တို့ တောင်ကြီးကနေ အစီအစဉ်တွေ ပြုလုပ်ပြီး ကြိုပါ့မယ်ဘုရား----’

ဦးချစ်ဖေ ဝမ်းသာလွန်း၍ မျက်ရည်များပင် ကျလာပါသည်။ သူသည် ဦးစောလှနှင့် ဆရာတော်ကြီးကို မိဘများ သဖွယ် အလွန်ပင် ကြည်ညိုမိပါတော့သည်။

ဦးချစ်ဖေ တောင်ကြီးမြို့သို့ပြန်လာပြီး၊ ယက္ကန်းစင် တောင်ဆရာတော်ဘုရား ရှမ်းပြည်နယ်၊တောင်ကြီးမြို့သို့ ကြွ လာမည်ဖြစ်ကြောင်း အောင်ပန်း, ရွှေညောင်, ညောင်ရွှေရှိ ဒကာ-ဒကာမများကို အသိပေး နှိုးဆော်လိုက်သည်။

## ကြိုဆိုရေးမှာ သူတို့ပါ

ထိုသို့ ဆရာတော်ကြီးတောင်ကြီးသို့ ကြွရောက်လာ သည်ကို ကြိုကြမည့်သူများထဲတွင် ရွှေဘုန်းပွင့်-စိန်ဖူးတော် အလှူရှင်ဖြစ်လာကြမည့် **ဒကာ–ဦးပေါစံ နှင့် ဇနီး–ဒေါ်စိန်လှ** ဇနီးမောင်နှံလည်း ပါဝင်ကြသည်။

ဤတွင် ရွှေဘုန်းပွင့်ဘုရား နှင့် အကြောင်းဆက်ပါ လာသော စိတ်ဝင်စားဖွယ် သူတို့ဇနီးမောင်နှံ၏ ဖြစ်ရပ်မှန်ကို ရေးသားပြရန် လိုအပ်လာပါသည်။ ဘာ့ကြောင့်သူတို့ ဆရာ တော်ကြီးကို လာကြိုရပါသနည်း--?။

**ဘာသာမတူ မေတ္တာဖြူ**

ဦးပေါစံနှင့် ဒေါ်စိန်လှတို့သည် တောင်ကြီးမြို့-မြို့မရပ်ကွက်တွင် နေထိုင်ကြပြီး၊ ဒိုင်နမိုပြုပြင်လုပ်ငန်းဖြင့် အသက်မွေးကြပါသည်။ သူတို့တွင်သားနှစ်ဦး၊ သမီးတစ်ဦးရှိသည်။ ဦးပေါစံသည် အင်း-တိုင်းရင်းသားဖြစ်ပြီး၊ ဒေါ်စိန်လှမှာ ဘာသာခြားဖြစ်၏။

ဒေါ်စိန်လှသည် သူမ၏ဘာသာကို အလွန်ကိုင်းရှိုင်းသူဖြစ်ပြီး၊ ဘာသာရေး စာပေများကို ကြည့်ရှုလေ့လာထားသဖြင့် ဘာသာရေး နှံ့စပ်သူလည်း ဖြစ်ပါသည်။

သူတစ်ပါးအကျိုးရှိမည့် ကောင်းသောအလုပ်ဆိုလျှင် ကူညီတတ်သည်။ ထမင်း, ဟင်းများ ချက်ပြုတ်ပြီးလျှင်၊ ခူးခပ်ဆွမ်းခွက်ထဲထည့်ကာ သမီးဖြစ်သူအား-

" သမီးရေ - ဆွမ်းခူးပြီးပြီ နင့်အဖေဘုရားကို ဆွမ်းသွားကပ်လိုက်ပါဦး "

ကိုယ်တိုင် မကပ်သော်လည်း မိမိလုပ်နိုင်သည့်ဘက်မှ လုပ်ဆောင်ပေး၏။ ဘာသာမတူကြသော်လည်း မေတ္တာဖြူကြသဖြင့် အိမ်ထောင်ရေး သာယာခဲ့ကြသည်။

ဦးပေါစံ အိမ်၌ အဖိုးအို တစ်ဦးခေါင်းပေါင်းကို ပေါင်းလျက် တောင်ရှည်ပုဆိုး ဝတ်ကာ၊ ထိုင်ခုံပေါ်တွင် ထိုင်လျက်နေသော ဓါတ်ပုံတစ်ပုံရှိ၏။ ဓါတ်ပုံအောက်တွင် **'ဦးကွန်း'** ဟုရေးထားသည်။

ဦးပေါ်စံက သားသမီးများကို --

**' အဲဒါ– နင်တို့အဘိုး ရှိခိုးကြ '** ဟုဆိုသဖြင့် သားသမီးများက သူတို့အဘိုး ဟု ထင်မှတ်ပြီး ရှိခိုးကြ၏။

ဦးပေါ်စံသည် သူ၏ ဒိုင်နမိုပြင်လုပ်ငန်း အလုပ်ပါးသည့်အခါတိုင်း ထိုဓါတ်ပုံရှေ့သွား၍-အမွှေးတိုင်ထွန်း ဆုတောင်းလေ့ရှိသည်။

နောက်နေ့များတွင် အလုပ် ပြန်လည် အဆင်ပြေလာတတ်၏။ ဤသည်ကိုမြင်သော ဒေါ်စိန်လှ၏ စိတ်ထဲ-

**'သူ မိဘကျေးဇူးသိတတ်လို့ မိဘကိုရှိသေလို့ အလုပ်ကောင်းတာပဲ'** ဟု စွဲမှတ်ထားသည်။

ထိုကြောင့်- ဆွမ်းကျက်၍ ဘုရားဆွမ်းကပ်ပြီးလျှင် လည်းသမီးဖြစ်သူအား **'နင့်တို့အဘိုးအတွက်ပါ ကပ်လိုက်'** ဟု ပြုလုပ်ပေးတတ်ပါသည်။

**ကျပ်စေ့အရွယ် မောင်းကလေး**

တစ်နေ့ ဦးပေါ်စံထံ ဦးထွန်းရွှေ ဆိုသူမိတ်ဆွေတစ်ဦးရောက်လာပြီး၊ အထုပ်တစ်ထုပ်ပေး၍-

**'ဦးပေါ်စံ ခင်ဗျားဉာဏ်ရှိသလို သုံးတတ်သလိုသုံးဗျာ'** ထိုအထုပ်ကို ဖြေကြည့်လိုက်သောအခါ-

**–ကျပ်စေ့ခန့် ရွှေရောင်မောင်းကလေးတစ်ခု။**

**–လေးလက်မခန့် ဆင်စွယ်တစ်ချောင်း။** ပါသည်။

ဦးပေါစံသည် ဘာမှန်းနားမလည်သဖြင့် သိမ်းထားလိုက်ရပါသည်။

**အတိတ်အကြောင်း–ပဍ္စုပ္ပန်အကျိုး**

ဒေါ်စိန်လှသည် ဘုရားဆွမ်းမှန်မှန် ဆက်ကပ်နိုင်ရန် ချက်ပြုတ်ရသော ဝေယျာဝစ္စ စေတနာကြောင့်လည်းကောင်း ရှေးဘဝကုသိုလ်ကံကြောင့်လည်းကောင်း၊ ဘဝတစ်ဆစ်ချိုးကွေ့ရန် အကြောင်းတရားတွေ ဖြစ်ပေါ်လာတော့သည်။

**၁၃၂၉–ခုနှစ်**။ သူမ၏ အာရုံထဲတွင်- စိပ်ပုတီးကို လှုပ်ရမ်းပြခြင်း။ **'ဂုဏ်တော်(၉)–ပါး ပုတီးစိပ်ပါ'** စသည်ဖြင့် အသံများ ကြားနေရခြင်းများ ဖြစ်ပေါ်လာသည်။

ဘာသာခြားကလည်းဖြစ်နေ။ ဘာသာရေးပြင်းထန်သူလည်း ဖြစ်ရကာ။ စိတ်ထဲမှာ-

**"ဒါ ငါ့ဘာသာလည်းမဟုတ်ဘူး။ လုပ်လည်းမလုပ်တတ်ဘူး။ လုပ်လည်းမလုပ်ချင်ဘူး"** ဟု-

စိတ်ထဲမှပင် ပြန်ပြန်ပြောနေ ဆိုနေတတ်သည်။

ထိုသို့ ပြောသံကြားရပြီး မလုပ်လိုကြောင်းငြင်းဆန်သောအခါ ခေါင်းကိုက်ခြင်း ဖြစ်လာတတ်သည်။ ထိုကိစ္စကို မိသားစုအား လုံးဝမပြောပြ။ အာရုံက ခဏခဏပေါ်လာ၏ ပေါ်လာတိုင်းလည်း မလုပ်ဆောင် ငြင်းဆိုခဲ့သဖြင့် ခေါင်းကိုက်ဝေဒနာသည် ပိုမိုပြင်းထန်လာသည်။

ဦးပေါစံသည် ဘာမှန်းနားမလည်သဖြင့် သိမ်းထားလိုက်ရပါသည်။

**အတိတ်အကြောင်း–ပစ္စုပ္ပန်အကျိုး**

ဒေါ်စိန်လှသည် ဘုရားဆွမ်းမှန်မှန် ဆက်ကပ်နိုင်ရန် ချက်ပြုတ်ရသော ဝေယျာဝစ္စ စေတနာကြောင့်လည်းကောင်း ရှေးဘဝကုသိုလ်ကံကြောင့်လည်းကောင်း၊ ဘဝတစ်ဆစ်ချိုးကွေ့ရန် အကြောင်းတရားတွေ ဖြစ်ပေါ်လာတော့သည်။

**၁၃၂၉–ခုနှစ်**။ သူမ၏ အာရုံထဲတွင်- စိပ်ပုတီးကို လှူပ်ရမ်းပြခြင်း။ **'ဂုဏ်တော်(၉)–ပါး ပုတီးစိပ်ပါ'** စသည်ဖြင့် အသံများ ကြားနေရခြင်းများ ဖြစ်ပေါ်လာသည်။

ဘာသာခြားကလည်းဖြစ်နေ။ ဘာသာရေးပြင်းထန်သူလည်း ဖြစ်ရကာ။ စိတ်ထဲမှာ-

**"ဒါ ငါ့ဘာသာလည်းမဟုတ်ဘူး။ လုပ်လည်းမလုပ်တတ်ဘူး။ လုပ်လည်းမလုပ်ချင်ဘူး"** ဟု-

စိတ်ထဲမှပင် ပြန်ပြန်ပြောနေ ဆိုနေတတ်သည်။

ထိုသို့ ပြောသံကြားရပြီး မလုပ်လိုကြောင်းငြင်းဆန်သောအခါ ခေါင်းကိုက်ခြင်း ဖြစ်လာတတ်သည်။ ထိုကိစ္စကို မိသားစုအား လုံးဝမပြောပြ။ အာရုံက ခဏခဏပေါ်လာ၏ ပေါ်လာတိုင်းလည်း မလုပ်ဆောင် ငြင်းဆိုခဲ့သဖြင့် ခေါင်းကိုက်ဝေဒနာသည် ပိုမိုပြင်းထန်လာသည်။

ထိုကိစ္စကို ဦးပေါစံ သိရှိသွားပြီး ဆရာဝန် အိမ်သို့ပင့်၍ အကြိမ်ကြိမ် ပြကြည့်သော်လည်း ရောဂါရှာမတွေ့ပါ။

**ဆရာရွှေရောက် ရောဂါပျောက်**

ရောဂါဖိစီးမှုကြောင့် စိတ်ဆင်းရဲနေရရှာလေသည်။ တစ်နေ့ သူမထံ လက်ဝတ်ရတနာ အထည်များ လာရောင်းတတ်သော **ဒေါ်တုတ်** ဆိုသူ အမျိုးသမီးတစ်ဦး ရောက်လာသည်။ ဒေါ်တုတ်နှင့် အတူ သူ၏မိတ်ဆွေ **ဆရာရွှေ** ဆိုသူလည်း ပါလာသည်။

ဒေါ်တုတ်က ထုံးစံအတိုင်း အထည်ပစ္စည်းများပြ၏။

**ဒေါ်လှစိန်–** 'ဒေါ်တုတ်ရယ် ကျွန်မမှာ ခေါင်းတွေ ကိုက်ကိုက်နေလို့။ အခု ဒါတွေ စိတ်မဝင်စားနိုင်တော့ပါဘူးတော်။ ဒီမှာ ခေါင်းကိုက်လို့ သေမလောက် ခံစားနေရတယ်။ '

သမီးဖြစ်သူကလည်း-

'အဒေါ်ရယ် အမေက မနက်ဆိုအကောင်း၊ ညနေဆို ခေါင်းကိုက်ကိုက်လာတယ်၊ ဘာဖြစ်နေမှန်း မသိဘူး'

ဒေါ်တုတ်နှင့်ပါလာသူ ဆရာရွှေက သမထကျင့်ကြံ၍ အမြင်အာရုံရရှိဟန် တူသည်။

**ဆရာရွှေ–** 'ခင်ဗျားက ခေါင်းမာတာကိုးဗျ၊ ခင်ဗျားရဲ့ ရောဂါကို ကျွပ်ပျောက်အောင် ကုပေးမယ်၊

ရောဂါပျောက်ရင် ကျုပ်ပြောတာကို ခင်ဗျား လုပ်နိုင်မလား-? '

**ဒေါ်စိန်လှ—** ' ပျောက်အောင်သာကု ဆရာ၊ လုပ်မယ် '

ရောဂါပျောက်ချင်ဇောဖြင့် ကတိပေးလိုက်မိသည်။ ဆရာရွှေသည် ဒေါ်စိန်လှ၏ခေါင်းအပေါ်မှ နားရွက်နှစ်ဖက်ထိအောင် လက်ဖြင့် ထောက်တိုင်း၍ နှိပ်ပေးလိုက်ပြီး ဘုရားဂုဏ်တော် ဂါထာများရွတ် လိုက်သည်။

တစ်ခဏအကြာတွင် ခေါင်းကိုက်ရောဂါသည် သက်သာ ပျောက်ကင်းသွားလေတော့သည်။

**လောက ဤသို့ဖြစ်ရပ်မျိုးသည် ဆန်းကျယ်၏။ မယုံရခက် ယုံရခက်။ မကြုံတော့မယုံကြ ကြုံမှယုံကြသည်။**

**ဆရာရွှေ—** ' ခင်ဗျားရောဂါ ပျောက်သွားပြီ။ ကျွန်တော် လုပ်ခိုင်းတာ လုပ်ရမယ်နော်-'

**ဒေါ်စိန်လှ—** ' လုပ်ပါ့မယ်ဆရာရယ်။ ကဲပြော ဘာလုပ်ရမှာလဲ-?'

**ဆရာရွှေ—** ' ကျွန်တော် လုပ်ခိုင်းမှာက ဂုဏ်တော်ပုတီးစိပ်ခိုင်းမှာ။ ခင်ဗျာကို အာရုံထဲမှာ စိပ်ခိုင်းတယ်မဟုတ်လား၊ ဘာလို့မစိပ်တာလဲ-?

**ဒေါ်စိန်လှ—** ' အာရုံထဲမှာ လာလာပြောနေတာ၊ ခိုင်းနေတာတော့ ကြာနေပြီဆရာ၊ ဒါပေမဲ့- ကိုယ့်ဘာသာမဟုတ်တော့ မစိပ်ချင်ဘူး၊ မစိပ်ဖြစ်ဘူးပေါ့-'

တခြားကိစ္စဆိုလျှင် သူမ လုပ်ဖို့မခက်ခဲပါ။

**ဆရာရွှေ–** ‘ သူဟာသူ လာချင်လာ မလာချင်နေပါ။ ခင်ဗျား ဂုဏ်တော်ပုတီးစိပ်ရမယ်- ’

**ဒေါ်စိန်လှ–** ‘ ကျွန်မမှ မတတ်ဘဲဆရာရယ် ’

**ဆရာရွှေ–** ‘ ဒါဆိုယင် ကျုပ်သင်ပေးမယ်။ ခင်ဗျားက လိုက်ဆို ’

ဦးလှရွှေက ဘုရားဂုဏ်တော် ချပေးခဲ့သည်။

**ဦးပေါစံ–** ‘ ငါသင်ပေးတော့ မဆိုဘူး။ အခု- ရောဂါ ပျောက်အောင် လုပ်ပေးတော့ ဆိုတယ်။ ’

ဦးပေါစံ ဇနီးသည်အား စကားနာထိုးလိုက်သည်။

 **ရောဂါသက်သာ ကတိပျက်လာ**

ရောဂါပျောက်ချင်ဇောဖြင့် ကတိပေးလိုက်မိသော ဒေါ်စိန်လှသည် ၂-ရက် ၃-ရက်သာစိပ်ဖြစ်သည်။ ဂုဏ်တော်လည်းသိပ်မရ။ ရောဂါကလည်းပျောက်နေပြီ။ ဒီတော့ ကတိပျက်သလိုဖြစ်ပြီး ဂုဏ်တော်ပုတီး မစိပ်ဖြစ်တော့ပါ။

ထိုအခါ ညအိပ်သည့်အခါတွင် လည်ပင်းကို လာညှစ်သလို ခံစားရပြီး၊ ခေါင်းချအိပ်၍ မရဖြစ်လာပြန်သည်။ ထိုင်မှိုပြီး အိပ်ရသည့်အဖြစ်နှင့်ကြုံပြီး အိပ်ရေးပျက်လာ၏။ အိပ်မပျော်သည့်ရက်တွေ ရှည်လာခဲ့သဖြင့် ကျန်းမာရေး ထိခိုက်ကာ တဖြေးဖြေး ပိန်လာပါတော့သည်။

တစ်နေ့-

**ဦးပေါစံ**– 'မင်း- ညအိပ်လို့ မရရင် လာကွာ၊ ငါတို့ လမ်းလျှောက်ရင်း လမ်းထိပ်က ဦးထွန်းလူ မုန့်ဟင်းခါး သွားစားကြရအောင်'

လင်းမယားနှစ်ယောက် လမ်းထိပ်ထွက်ခဲ့ကြသည်။ မုန့်ဟင်းခါးဆိုင် ရောက်သော်-

**ဒေါ်စိန်လှ**– 'မုန့်ဟင်းခါ တစ်ပွဲဘယ်လောက်လဲ-?

ဦးထွန်းလူသည် ဒေါ်စိန်လှ ကိုမြင်လျှင်- လက်ညှိုး ထိုးပြီး-

**ဦးထွန်းလူ**– 'ခင်ဗျား ဂုဏ်တော်ပုတီးစိပ်'

**'မုန့်ဟင်းခါးတစ်ပွဲ ဘယ်လောက်လဲဆိုတာ မပြော ဘဲနဲ့ ဒီလူကြီး ဘာလျှာရှည်တာလဲမသိဘူး**–' ဒေါ်စိန်လှ စိတ်ထဲပြောလိုက်မိ၏။ စိတ်လည်း တိုသွားပါသည်။

**ဦးထွန်းလူ**– 'ခင်ဗျားကို ပြောနေတယ် မဟုတ်လား- ခင်ဗျားစိပ်ရမှာက ဂုဏ်တော်ကိုးပါး-'

**ဒေါ်စိန်လှ**– 'အဲဒီလိုဆို ဆရာဆိုပြကြည့်ပါလား'

**ဦးထွန်းလူ**– 'ဣတိပိ သောဘဂဝါ အရဟံ -----'

**ဒေါ်စိန်လှ**– 'ဆရာ ဘယ်ဆိုးလို့လဲ ရသားပဲ'

သူ့ကိုပုတီးစိပ်ခိုင်းသည်ကို သိနေ၍အံ့ဩနေသည်။

**ဦးထွန်းလူ**– 'ခင်ဗျား ညအိပ်ချင်ရင်- ဂုဏ်တော်ပုတီး စိပ်ပါ၊ အိပ်ပျော်လိမ့်မယ်-'

အိမ်ရောက်သောအခါ- အိပ်မရသည့်ရက်က ရှည်ကြာလာပြီး ကျန်းမာရေးလည်း ထိခိုက်လာသဖြင့်-

' ဒီညတော့ ငါ- ဂုဏ်တော်ပုတီးစိပ်ကြည့်မှပဲ ' ဒေါ်စိန်လှ ဆုံးဖြတ်လိုက်သည်။ ထိုည ဂုဏ်တော် ရွတ်ဆိုသံကြားရ၍ လိုက်ဆိုပြီး ပုတီးစိပ်လိုက်ရာ ကောင်းကောင်းအိပ်ပျော်သွားလေတော့သည်။



## အိပ်ကောင်းတော့ စိတ်ပြောင်း

အိပ်ပျော်ဖို့အရေး- ကျန်းမာဖို့ရေး အတွက် ညတိုင်း ဂုဏ်တော် ပုတီးစိပ်ခြင်းကြောင့်၊ ဒေါ်စိန်လှ အိပ်ပျော်ပြီး ပြန်လည်ကျန်းမာလာပါသည်။ တစ်နေ့ နောက်ဖေးနောက်ဖီ တက်ယင်း အတွေးဝင်နေမိသည်။

**' ငါဒီလို- ဂုဏ်တော် ပုတီးစိပ်နေတာ ဘာလိုလို့နဲ့ ဗုဒ္ဓဘာသာ ဖြစ်နေပါရော့လား။ ဒီလိုဆိုယင်တော့ ငါ့အဖေ ကျေးဇူးကို မဆပ်နိုင်တော့ဘူး။ ဒီ ပုတီးစိပ်တာကြီး ရပ်ပစ်လိုက်မယ် မလုပ်တော့ဘူး'** ဟု -

အတွေးစိတ်ပြောင်းသွားလေရာ အိမ်သာထဲမှ ထွက်ပေါက်မတွေ့၊ ပြန်ထွက်မရ ဒုက္ခဖြစ်နေတော့သည်။

**'သမီးရေ- အမေ့ကို တံခါးလာဖွင့်ပေးဦး'** ဟု- သမီးဖြစ်သူအား လှမ်းအော်ခေါ်လိုက်သည်။ သမီးဖြစ်သူရောက်လာပြီး-

သမီး– 'အမေ– ဘယ်လိုဖြစ်တာလဲ–? တံခါးကြီး လည်းဖွင့်ထားရက်နဲ့၊ ဘာဖြစ်လို့ အော်ခေါ် ရတာလဲ–? '

ဒေါ်စိန်လှ သူ့အတွေးစိတ် ပြောင်းသွားပုံအကြောင်း စုံကို သမီးအား ပြောပြလိုက်တော့-

သမီး– ' အမေရယ်– အမေ့ကျန်းမာရေးက အရေး ကြီးပါတယ်။ ဘုရားဆိုတာ တစ်ဆူထဲပါ စိတ်မပြောင်းပါနဲ့၊ လုပ်နေကျအတိုင်း ဆက် လုပ်ပါအမေရယ်'

မိခင်၏အဖြစ်ကိုသနားသဖြင့် သမီးကဆိုရှာသည်။



## အာရုံပေါ်ထင် မြိုင်ရပ်ခွင်

ဒေါ်စိန်လှ သတိလစ်မေ့သည့်အခါတိုင်း အာရုံထဲ တွင် သူမကို ဝတ်ဖြူစင်ကြယ်နှင့် ပုဂ္ဂိုလ်က အလွန်သာယာ သော တောမြိုင်တစ်ခုသို့ခေါ် သွားသည်။ ထိုတောထဲရှိ ရေ စီးဆင်းနေသော ချောင်းတစ်ဖက်တွင် တစ်ကိုယ်လုံး အရောင် နီ ဝတ်စုံဝတ်ထားပြီး လက်တွင် တောင်ဝှေးကိုင်ထားသော ပုဂ္ဂိုလ်ကိုတွေ့ရသည်။ ထိုပုဂ္ဂိုလ်က-

" နင်မလာရသေးဘူး၊ နင့်အလုပ်လည်း မလုပ်သေး ဘူး၊ နင့်ကိစ္စမပြီးသေးဘူး။ နင်လာချင်ယင်– နင့်ကိစ္စကိုပြီး အောင်လုပ်။ နင့်အလုပ်တာဝန်ရှိသေးတယ်။ နင့်ကိစ္စပြီးမှ

**ပြန်လာရမယ်။ နင်ပြန်သွား–”** မောင်းထုတ်လိုက်သည်။

ထိုအခါ- ဒေါ်စိန်လှ သတိပြန်လည်လာ၏။ မိသားစုကို အကြောင်းစုံ ပြန်လည်းရှင်းလင်း ပြောပြပြီး-

**‘ ငါ့ကို ချောင်းဟိုဘက် ပေးမသွားဘူး။ သွားရင် စိတ်ထဲ ငါသေမှာပဲလို့။ ငါ့ကို မောင်းထုတ်လိုက်လို့ ငါအသက်ပြန်ရှင်လာတာ** ’ ဟု သူခံစားနေပုံကို ပြောပြရှာသည်။

## ရွှေရောင်မောင်း ဘဝပြောင်း

ဤသို့ဖြင့် ဦးပေါစံသည် ဆရာရွှေနှင့် ရင်းနှီးသွားပြီး၊ ဆရာရွှေက မနေ့အာရုံ အမြင်ရသဖြင့် သူသိမ်းထားခဲ့ရသော ‘ရွှေရောင်မောင်းကလေး’ ကို ပြကြည့်ပြီး-

**ဦးပေါစံ–** ‘ ကျွန်တော်လည်း မသုံးတတ်ဘူး ခင်ဗျား သုံးတတ်ရင်သုံး။ မသုံးတတ်ရင် ဆိုင်ရာကို ပို့လိုက်ပေါ့-’

ဦးပေါစံက ဘာရယ်လို့မဟုတ် **‘မသုံးတတ်ရင် ဆိုင်ရာကို ပို့လိုက်’** ဟု စကားထွက်သွားသည်။

**ဆရာရွှေ–** ‘ ဟုတ်ပြီ- ဟုတ်ပြီ- ခင်ဗျားက ဆိုင်ရာကို ပို့ဆိုလို့- ကျုပ်က ဆိုင်ရာကို ပို့လိုက်ပေးလိုက်မယ်- ’

ဆရာရွှေသည် ဖျဉ်းမနားသွားကာ ထိုမောင်းကလေးကို ဦးစောလှထံသို့ ပြကြည့်လိုက်သည်။

ထိုအချိန်တွင် ရေနံ့သာ၌ ဦးစောလှသည် သူ့ဘဝ ပြောင်းတော့မည် ဖြစ်၍၊ သူ၏တပည့်များကို သူ မရှိလျှင် မည်သို့နေထိုင်ရန် သွန်သင်ဆုံးမနေသည်။

မောင်းကလေးကို ရရှိပြီး၊ ဦးစောလှသည် မောင်းများကို တီးထုခိုင်းပြီး မိတ္ထီလာဘက် ခရီးထွက်သွားပါသည်။

တပေါင်းလပြည့်နေ့၌ မိတ္ထီလာတွင် ဘဝပြောင်းသွားပါတော့သည်။

ဆရာရွှေနှင့်ဆက်စပ်ပြီး နောက်ပိုင်း ဦးပေါ်စံတို့သည် ကျောက်တစ်လုံးလမ်း **ဦးစောလှ–မမွှာရုံ** သို့ ရောက်ရှိလာကြပြီး အဖွဲ့ဝင်များ ဖြစ်လာကြပါသည်။



**နေမကောင်းအိပ်မက် အကြောင်းဆက်**

ဦးကြင်-ဒေါ်အေးသန်းတို့သည် တောင်ကြီးမြို့ ရတနာသီရိရပ်တွင် နေထိုင်၏။ ဒေါ်အေးသန်းသည် နေထိုင် မကောင်း ဖြစ်နေသည်မှာ လနှင့်ချီ၍ကြာနေပြီ။ ဆရာတော်ကြီး မကြွလာခင်ကဖြစ်သည်။

တစ်ည အိပ်မက်ထဲ ဘုန်းကြီးတစ်ပါး ဆေးလာတိုက်သည်။ သူ့ရောဂါပျောက်သွား၍ ဘွဲ့အမည်မေးလိုက်ရာ-

**'ယက္ခန်းစင်တောင်ဆရာတော်ဦးဩဘာသ ကွဲ့'**

ဟု အိပ်မက် မက်ခဲ့ပါသည်။

မကြာမီ ယက္ခန်းစင်တောင်ဆရာတော်ကြီး ကြွလာ

မည်ဟု နှိုးဆော်သံကြားသဖြင့် ခင်ပွန်းသည် ဖြစ်သူ ဦးကြင်က 'ယက္ကန်းစင်တောင်ဆရာတော် တောင်ကြီးကြွလာမယ် တောင်ကြီးကနေကြိုကြမယ်တဲ့၊ ငါတို့သွားဖူးရအောင်' ဆိုသဖြင့် ဦးစောလှမြဲ့ရုံသို့ သွားရောက်ဖူးမြော်ကြသည်။

ဆရာတော်ကြီး အား ဖူးမြင်တွေ့လိုက်ရသောအခါ- ခင်ပွန်းသည်အား 'ကိုကြင်-! ကျွန်မ အိပ်မက်ထဲ ဆေးလာပေးတဲ့ဆရာတော်ကြီးနဲ့တူတယ်၊ ဘွဲ့လည်းတူတယ်။'

ထို့နောက်ဆရာတော်ကြီးကို ဖူးမြော်ကန်တော့အပြီး အကျိုးအကြောင်းလျှောက်ထားရာ ဆရာတော်ကြီးက- 'အိပ်မက်က နိမိတ်ပဲ အခုတစ်ကယ်တွေ့ပြီပဲကွ၊ သာသနာပြုဖို့ အကြောင်းဆုံကြပြီ' မိန့်ပါသည်။

ထိုအချိန်မှစ၍ ဦးကြင်တို့ ဇနီးမောင်နှံသည်လည်း ဘုရားတည်ရာတွင် အစအဆုံး ပါဝင်ခဲ့ကြပါသည်။

စာရေးသူ စာအုပ်ထွက်ရန် အကြောင်းမညီညွတ်ဖြစ်နေစဉ် ဦးကြင်ထံမှ သူတို့ဘုရားတည် ဝေယျာဝစ္စအမျိုးသား ၂၄-ဦး ဒုလ္လဘဝတ်စဉ် ဆရာတော်ကြီးနှင့်က ရိုက်ထားသောဓါတ်ပုံကိုရခဲ့ရပါသည်။

ဤဓါတ်ပုံသည် (၂၄. ၄. ၇၀) နေ့ ဆရာတော်ကြီး မပျံလွန်မီနောက်ဆုံးရိုက်ခဲ့သောပုံဖြစ်သည်။ ရှားရှားပါးပါး ဆရာတော်ကြီး၏ နောက်ဆုံးပုံတော်အစစ်ဖြစ်ပါသည်။ ဓါတ်ပုံမပြည့်စုံခြင်းကြောင့် စာအုပ်မထွက်ရှိနိုင်ခြင်းလော-???။

## ကမ္ဘောဇဒွာနီ ကြွမြန်းချိ

'မပင့်လည်းကြွ ပင့်လည်းကြွမယ်' မိန့်သည့်အတိုင်း ပင် **၁၃၃ဝ-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၂)-ရက်၊ (၁၄-၃-၆၉) သောကြာနေ့၊** တွင် ဆရာတော်ကြီးသည် တပည့်များနှင့်အတူ ရှမ်းပြည်နယ်တောင်ကြီးမြို့သို့ ရထားဖြင့် ကြွရောက်လာခဲ့ပါသည်။

ဤသို့ ကြွမည်ဟု ကြားသိသောအခါ ဦးပေါ်စံ တို့ မိသားစုသည် ဒံပေါက်ဆွမ်း ကိုယ်တိုင်ချက်ကပ်ရန် သာစည် သို့ဆင်းခဲ့ကြပါသည်။ ရထားဆိုက်သော်လည်း ဆရာတော် ကြီး မပါလာ၊ မတွေ့ခဲ့ရပေ။ အကြောင်းကား-

ဆရာတော်ကြီးသည် ရန်ကုန်မှ ရထားနှင့်ကြွလာပြီး တောင်ငူတွင် ဆင်းပြီး၊ ဒေါ်ကြည်အိမ် သို့ဝင်ခဲ့သည်။ ထိုမှ ကားဖြင့် တောင်ကြီးသို့ ကြွလာခြင်းဖြစ်သည်။

အောင်ပန်းမြို့မှလည်း ကြိုဆိုရေးများ လုပ်ထားကာ ဆရာတော်ကြီးကို ဝမ်းသာအားရ ဖူးမြော်ကြိုဆို နေကြပါ သည်။ ရွှေညောင်မြို့မှ ဒကာ ဒကာမများကလည်း စည်ကား သိုက်မြိုက်စွာ ကြိုဆိုကြပါသည်။

ဦးချစ်မောင်၊ ဦးမြမောင် တို့က ဆရာတော်ကြီးအား ရွှေညောင်မှ ကြိုဆိုကြပြီး တောင်ကြီးမြို့ ဦးစောလှဓမ္မာရုံသို့ ပင့်ဆောင်လာကြသည်။



## သူတော်ခါတ်ခိုက် ဝမ်းသာလှိုက်

ဦးစောလှမမှာရုံ သို့ရောက်သောအခါ ဆရာတော်ဘုရားကြီး၏ ဝေနေယျများက သောင်းသောင်းဖျဖျ နှင့် ကြိုဆိုကြသည်။ လာရောက် ဖူးမျှော်ကြသူများသည် ပွဲတော်တမျှစည်ကား နေပါတော့သည်။

ဗင်း ပရိတ်သတ် ထဲတွင် ဆရာတော်ကြီးထံမှ ခါတ်ပုံဆေးတောင့်၊ ခါတ်လုံး ရထားသူများ၊ အိပ်မက်မြင်မက်ထားသူများ၊ နှစ်ပေါင်းများစွာက ဆရာတော်ဘုရားကြီး၏ တပည့်များ လာရောက် ဖူးမြော်ကြပါသည်။

ထိုအထဲတွင် ဒေါ်စိန်လှ တစ်ယောက်လည်းပါ၏။ ဘဝက အကြောင်းပါလာပြီ မဟုတ်ပါလား-?။

ဆရာတော်ကြီးကို တွေ့မြင်လျှင် ရှေ့နားသို့ရောက်အောင်သွားပြီး ဆရာတော်ကြီး၏ ခြေအစုံအနားတွင် ဦးချကာ ကြူကြူပါအောင် ငိုပါတော့သည်။

**ဆရာတော်–** 'အတိတ်ဘဝက အမျိုးတွေပြန်တွေ့ပြီပဲ-။ သံသရာက ရှည်လွန်းပါတယ်ကွဲ့၊ သာသနာပြုအလုပ်တွေ လုပ်ရဦးမယ်၊ ကိုယ်က သူတော်ကောင်းခါတ်ခံပါနေတာပဲ ဝမ်းမနည်းနဲ့၊ တိတ်တိတ် ငိုမနေနဲ့တော့'

ဆန်းကြွယ်လိုက်ပါဘိ။ မည်သူတစ်ဦးတစ်ယောက်ကမျှမတိုက်တွန်းပါ။ သူတော်ကောင်းခါတ်ခံ ပါလာတော့သူတော်ကောင်းနှင့် ပြန်တွေ့ရသည်။

(ကျမ်းပြုအကျော် ဆရာတော်ကြီးတစ်ပါး ထံမှ စာရေးသူ မှတ်သားလိုက်ရသော အဆုံးအမတစ်ခုတွင်-)

"သူတော်ကောင်း ဓါတ်ခံရှိဖို့ လိုတယ်။ ဓါတ်ဆိုတာ ရှိတယ်။

ဓါတ်ခိုက်တယ် ဆိုတာ–

သူတော်ကောင်း ဓါတ်ခံရှိတဲ့သူဟာ ဘယ်ဘဝရောက် ရောက် သူတော်ကောင်းဓါတ်ကခိုက်ပြီး ကောင်းမှုတွေဆက် ဖြစ်ရတယ်။ မသူတော်နဲ့တွေ့တောင် သူ့ဓါတ်ကလေးက ကောင်းလို့၊ တို့–ဘုရားအလောင်းလိုပေါ့–။

မသူတော်ဓါတ်ရှိတဲ့ ပုဂ္ဂိုလ်က ဓါတ်ခံက ညံ့တော့– ဓါတ်ချင်းတူတဲ့ မသူတော်ဓါတ်နဲ့မှ သူကဓါတ်သွားခိုက်တယ်။ ဓါတ်သွားတည့်တယ်။ သူတော်ကောင်း နဲ့ တွေ့တာတောင် သူဓါတ်ကကောင်းမလာဘူး။ သုပ္ပဗုဒ္ဓမင်း နဲ့ ဒေဝဒတ် တို့လိုပေါ့–။ "

ယခုလို ဆရာတော်ကြီး တောင်ပေါ်ဒေသသို့ ထူး ထူးခြားခြား ကြွရောက်လာသဖြင့် မတွေ့ရတာ ကြာပြီဖြစ်ကြ သော တပည့်အများက ဆရာတော်ကြီးကို ပြန်လည်တွေ့ရ လိုက်၍ဝမ်းသာအားရဖြစ်ကုန်ကြသည်။ ကြည်နူး၍ မဆုံး ဖြစ်ကုန်ကြသည်။

လာရောက်ဖူးကြသူ ဒကာ-ဒကာမများကို ဆရာ တော်ကြီးက သကြားလုံးများကို ဒါနပြုလုပ်သည်။



**ဦးသောင်နှင့် ယက္ကန်းစင်တောင်**

သကြားလုံး ယူကြသူများတွင် ဦးသောင်ဆိုသူက သူ့အလှည့်တွင် လက်ဝါးဖြန့်လိုက်ရာ ဆရာတော်ကြီးက သူ့လက်ကို ဆုတ်ကိုင်လိုက်၏။ သူ ရုတ်တရက် လန့်သွားပြီး ဆရာတော်ကို မော့ကြည့်လိုက်သည်။

**ဆရာတော်—** ‘ ဟေ့- မောင်သောင် မင်းငါ့ကို မမှတ်မိဘူးလား-?

ရုပ်တော့တူနေသည် အသံတော့ သိပ်မတူသလိုလို။ ဦးသောင် စဉ်းစားသည်။ မတွေ့တာလည်း ကြာနေပြီ။

**ဆရာတော်—** ‘ရန်ကင်းတောင် တက်တုန်းက မင်းကိုခေါ်သွားတာ မမှတ်မိတော့ဘူးလား-?’

**ဦးသောင်—** ‘မှတ်မိပါတယ်ဘုရား--။ တပည့်တော်က ဆရာတော် ကြွလာတယ်ဆိုလို့ လာဖူးတာပါဘုရား’

ဦးသောင် တစ်ယောက်တွေးနေသည်။ သူနှင့်ဆရာတော်ကြီးသာသိသော အတိတ်ရာဇဝင် တွေးနေစဉ်-

**ဆရာတော်—** ‘သကြားလုံး ငါတစ်ဝက်စားမယ်။ ရော့- မင်းတစ်ဝက်စား’ ကျွေးပါသည်။

နောက်လူများလည်းရှိနေသေး၍ ဦးသောင် သကြားလုံးတစ်ဝက် ယူစားပြီး ထွက်လာခဲ့ပါတော့သည်။

ဦးသောင်နှင့် ဆရာတော်ကြီး ၏ အတိတ်ရာဇဝင်

အကြောင်းမှာ-

ဦးသောင်သည် မန္တလေးမြို့တွင် နေထိုင်ပါသည်။

တစ်နေ့ နံနက်စောစော--

**ဆရာတော်–** 'မောင်သောင် မင်းငါနဲ့ လိုက်ခဲ့ကွာ'

**ဦးသောင်–** 'ဘယ်ကြွမလို့လဲ ဆရာတော်ဘုရား'

**ဆရာတော်–** 'မန္တလေးက မင်းမရောက်ဘူးတဲ့နေရာကို'

ဆရာတော် ရန်ကင်းတောင်ဘက် ခေါ်သွားသည်။ နောက် ရန်ကင်းတောင်ပေါ် တက်ပါသည်။

**ဦးသောင်–** 'ဆရာတော် ငါရန်ကင်းတောင်ပဲ ဘုရား'

ဆရာတော်က ဘာမျှမပြော၍ သူလိုက်သွားသည်။

တောင်ဖြည်းဖြည်းမြင့် တက်လာ၍ ဦးသောင် သတိထားကြည့်လိုက်သောအခါ ရန်ကင်းတောင်နှင့် မတူသလိုလို ခံစားရသည်။ တက်ရသည်မှာလည်း မမောပါ။

အတော်ကလေးတက်မိ သောအခါ-

**ဆရာတော်–** 'ခရီးတစ်ဝက်ရောက်ပြီ မင်း- ဒီမှာ ခဏနေခဲ့။ ငါဆက်သွားမယ်' မိန့်မှာပြီး-

ဆရာတော် ဆက်တက်သွားပြီး ပျောက်သွားပါသည်။

ခဏအကြာ ဆရာတော် ပြန်ရောက်လာပြီး-

**ဆရာတော်–** 'ပြန်ကြစို့- 'ဟု ပြောပြီး ဆင်းလာကြသည်။

တောင်အောက်သို့ ပြန်ရောက်သောအခါ- နံနက် (၁၁)နာရီခန့် ရှိလေပြီ။

**ဆရာတော်–** ‘(- - - - ရွာ) ကို ငါဆွမ်းစားကြွမယ်’

(ပြန်ပြောပြသူ ရွာအမည်မေ့နေသည်။)

**ဦးသောင်–** ‘ဆရာတော် အဲဒီရွာကို ဒီအချိန်မှ ကြွရင် ဆွမ်းစား မမီတော့ဘူးဘုရား’

**ဆရာတော်–** ‘မီပါတယ်ကွာ’

ထိုရွာကို ဦးသောင်သိသည်။ လမ်းလျှောက်သွားလျှင် ၁-နာရီကျော်ခန့်လျှောက်ရသည်။ ယခု ၁၁-နာရီထိုးနေပြီ။ လျှောက်ယင်း လျှောက်ယင်းရောက်သွားသည်။ နာရီကြည့်လိုက်သောအခါ ၁၁-နာရီခွဲ။ ဆွမ်းစားမီရုံတင်ကလေးပါ။

ဦးသောင် ယနေ့ အတော်ကို အံ့အားသင့်၍ တွေးနေမှာ မြေကြောရှုံ့သည် ဆိုသည်မှာ- ဤအရာပင် ဖြစ်ပေမည်လောဟု သူတွေးမိကြောင်း ပြောပြသည်။

သူမန္တလေးတွင်နေစဉ် ယက္ကန်းစင်တောင်ဆရာတော်သည် မတ္တရာမြို့တွင် ကွယ်လွန်သွားပြီးဖြစ်သည်။ ဦးသောင်ကိုယ်တိုင် ဆရာတော်ကြီးဈာပန လိုက်ပို့ခဲ့ပါ၏။

ဆရာတော် မပျံလွန်ခင်က-

**ဆရာတော်–** ‘မောင်သောင် မင်း တောင်ကြီးပြောင်းနေ’

**ဦးသောင်–** ‘မနေချင်ပါဘူးဘုရား’

**ဆရာတော်–** ‘မနေချင်လည်းနေ နေချင်လည်း နေရမယ်။ မင်း ငါ့စကားနားထောင်-။’

ဆိုသဖြင့် သူ တောင်ကြီးမြို့သို့ ရွှေ့ပြောင်းနေထိုင်ခဲ့

ခြင်းဖြစ်သည်။ အထက်ပါ အတိတ် အကြောင်းများကြောင့် ယက္ကန်းစင်တောင်ဆရာတော် ဦးဩဘာသ ဟုတ်,မဟုတ် သူလာရောက် ဖူးခြင်းဖြစ်ပါသည်။

( ဦးသောင်သည် တောင်ကြီးမြို့ မြန်မာ့ စီးပွားရေးဘဏ် အရှေ့ဘက်တွင် 'တောင်ကြီးဓါတ်ပုံတိုက်' အမည်ဖြင့် အသက်မွေးဝမ်းကြောင်းခဲ့သည်။ ဦးသောင်က သူကိုယ်တွေ့ကို ဦးချစ်မောင်၊ ဦးတင်ဝင်း၊ ဦးပေါစံ နှင့် ဦးသောဘန (မဟာစည်) တို့အား ပြောပြခဲ့သည်။ ထိုသူများ ပြန်ပြောချက် အရသိရပါသည်။ ပြောပြချက်အားလုံး တူနေပါသည်။)



သူတော်ဓါတ်ခိုက် အဖွဲ့ဝင်လိုက်

ဆရာတော်ဘုရားကြီးနှင့်တွေ့၍ အချို့ပုဂ္ဂိုလ်များက သဒ္ဓါတရားဖြစ်ပေါ်လာကြပြီး-

**ဒကာ/မ–** 'တပည့်တော်တို့ ဆရာတော်ကြီးရဲ့ အဖွဲ့ထဲကို ဝင်ချင်ပါတယ်ဘုရား'

လျှောက်ထားကြ၏။

**ဆရာတော်–** 'ငါ့မှာ အဖွဲ့မရှိဘူး။ ဝင်ချင်ရင်- ဦးစောလှ အဖွဲ့ထဲကို ဝင်ကြ-'

ဤသို့ဖြင့် ဦးစောလှ၏ သာသနာပြုအဖွဲ့ ထဲသို့ အဖွဲ့ဝင်အဖြစ် ဝင်ရောက်သူ တစ်နေ့ထက် တစ်နေ့ များပြားလာသဖြင့် သာသနာပြုလုပ်ငန်းတိုးတက်လာခဲ့ပါတော့သည်။

ခြင်းဖြစ်သည်။ အထက်ပါ အတိတ် အကြောင်းများကြောင့် ယက္ကန်းစင်တောင်ဆရာတော် ဦးဩဘာသ ဟုတ်,မဟုတ် သူလာရောက် ဖူးခြင်းဖြစ်ပါသည်။

( ဦးသောင်သည် တောင်ကြီးမြို့ မြန်မာ့ စီးပွားရေး ဘဏ် အရှေ့ဘက်တွင် 'တောင်ကြီးဓါတ်ပုံတိုက်' အမည်ဖြင့် အသက်မွေးဝမ်းကြောင်းခဲ့သည်။ ဦးသောင်က သူကိုယ်တွေ့ကို ဦးချစ်မောင်၊ ဦးတင်ဝင်း၊ ဦးပေါစံ နှင့် ဦးသောဘန (မဟာစည်) တို့အား ပြောပြခဲ့သည်။ ထိုသူများ ပြန်ပြောချက် အရသိရပါသည်။ ပြောပြချက်အားလုံး တူနေပါသည်။)


သူတော်ဓါတ်ခိုက် အဖွဲ့ဝင်လိုက်

ဆရာတော်ဘုရားကြီးနှင့်တွေ့၍ အချို့ပုဂ္ဂိုလ်များက သဒ္ဓါတရားဖြစ်ပေါ်လာကြပြီး-

**ဒကာ/မ–** 'တပည့်တော်တို့ ဆရာတော်ကြီးရဲ့ အဖွဲ့ထဲကို ဝင်ချင်ပါတယ်ဘုရား'

လျှောက်ထားကြ၏။

**ဆရာတော်–** 'ငါ့မှာ အဖွဲ့မရှိဘူး။ ဝင်ချင်ရင်- ဦးစောလှ အဖွဲ့ထဲကို ဝင်ကြ-'

ဤသို့ဖြင့် ဦးစောလှ၏ သာသနာပြုအဖွဲ့ ထဲသို့ အဖွဲ့ဝင်အဖြစ် ဝင်ရောက်သူ တစ်နေ့ထက် တစ်နေ့ များပြားလာသဖြင့် သာသနာပြုလုပ်ငန်းတိုးတက်လာခဲ့ပါတော့သည်။

### ဘုရားကိစ္စ အင်းထဲကြွ

တောင်ကြီး၌ (၃)ရက်သီတင်းသုံးပြီး အင်းလေးသို့ကြွရောက်တော်မူသည်။ ညောင်ရွှေမြို့သို့ ရောက်သောအခါ ညောင်ရွှေမြို့ရှိ **ရတနာမာန်အောင်ဘုရား** ၏ အရှေ့ဖက်ရှိ **'ဆုတောင်းပြည့်ဘုရား'** ကိုဝင်ရောက်ဖူးမြော်သည်။

**ဆရာတော်–** 'ဒီ- ဆုတောင်းပြည့်ဘုရားက ညောင်ရွှေစော်ဘွားအို (ဆာစောမောင်)ရယ်၊ မင်းတို့ဦးစောလှရယ်၊ ငါရယ်၊ တို့သုံးဦးတည်ထားခဲ့တဲ့ ဘုရားပဲကွဲ့- ' မိန့်တော်မူသည်။

ဆက်လက်၍ အင်းလေး-ဖေါင်တော်ဦးတောင်ဘက်ရေသာရွာရှိ **'ရေသာစမ္မာရုံ'** သို့ ကြွရောက်တော်မူသည်။

ရေသာကျောင်းဝင်း အတွင်း၌ရှိသော ရှေးဟောင်း **'မဟာနတ်စေတီတော်'** ကိုပြင်ရန် ပန္နက်ရိုက်ပြီး မိန့်သည်မှာ-

**ဆရာတော်–** 'မောင်ချစ်ဖေ မင်း ဒီဘုရားကို ပြင်ရမယ်။ ဒီဘုရားတည်ပြီးရင် **'ရွှေရင်မျှော်စေတီ'** လို့ အမည်ပြောင်းမှည့်ရမယ်။ '

**'ရွှေရင်မျှော်ရောက် ရွှေရင်ကျော်ပျောက်'** တဘောင်ထွက်ခဲ့သည်။

ဆရာတော်သည် အင်းထဲ၌ (၃)-ညခန့် ကျိန်းခဲ့ပြီးနောက် တောင်ကြီးမြို့ပေါ် သို့ပြန်လည် ကြွလာခဲ့ပါသည်။

နောက် ၂-နှစ်ခန့် ဘုရားတည်ပြီးသောအခါ အင်းထဲ

တွင် နာမည်ကြီးနေသော ' ရွှေရင်ကျော်ဂိုဏ်းကြီး 'မှာ ပျောက်ကွယ်ခဲ့ရပါသည်။ ဤကား အမှန်တည်း-။

## ၃၁–ဘုံသားရည် ဘုရားတည်

တောင်ကြီးသို့ ဆရာတော်ပြန်ရောက်ပြီး ကျောက်တစ်လုံးလမ်းရှိ (ဦးစောလှမွှာရုံ) တွင် သီတင်းသုံးပါသည်။

နောက်တစ်နေ့ ဒကာ ဒကာမများ များပြားနေစဉ်-

ဆရာတော်– 'တောင်ကြီးမြို့မှာ၃၁–ဘုံသားတွေ ကပ်ဆိုးဘေးဆိုးတွေကကျော်ပြီးတော့ နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်ဖို့ ကိုးကွယ်ဖို့ ဉာဏ်တော်(၃၁) တောင် အမြင့်ဆောင်တဲ့ ဆူးလေစေတီတော်ပုံသဏ္ဌာန် စေတီတစ်ဆူကို ၁၃၃၁–ခုနှစ် မကုန်မီ အပြီးတည်ရမယ်'

ရုတ်တရက် အမိန့်ချမှတ်ပါတော့သည်။

## မေတ္တာကြီးမား ဆရာတော်ဘုရား

" စေတီပြီးမြောက်သွားရင် သာသနာသုံးရပ် တိုးတက်ဖွံ့ဖြိုးလာမယ်– "

" ဗုဒ္ဓအဆုံးအမကို အခြေခံအုတ်မြစ်အဖြစ် တည်ဆောက်ထားတဲ့ မြန်မာ့ယဉ်ကျေးမှုတွေ၊ ရိုးရာဓလေ့ ထုံးစံနဲ့ အနုပညာတွေ ပြန်လည်ဆန်းသစ်လာလိမ့်မယ်–"

**" သာသနာတော်ကို အနှောင့်အယှက် ပေးနိုင်တဲ့ ရုပ်ကြမ်းဝါဒီတို့ရဲ့ အန္တရာယ်က ကာကွယ်ပြီးဖြစ်မယ်–"**

ဟု- ယက္ကာန်းစင်တောင်ဆရာတော်က မြန်မာနိုင်ငံ၏ နောင်သာသနာ့အရေး ကြီးမားမွန်မြတ်သော စိတ်ထားဖြင့် တည်ထားခဲ့သည်။ ကြိုတင်နိမိတ်ဖတ် မိန့်ကြားတော်မူခဲ့ပါသည်။

### ဘုရားမြေအခိကရ နွားလားဥသဘာ

အဆိုပါ တည်မည့်စေတီ၏ နေရာသည် တောင်ကြီးမြို့ အရှေ့ဘက်တောင်တန်း၏ အလယ်ဗဟိုချက်ကျသည့် ' **နွားလားဥသဘတောင်** ' ခေါ် ' **ဘိုးမင်းတောင်** ' ပေါ်တွင်တည်ရန် အမိန့်ချမှတ်ပါသည်။

အမိန့် ချမှတ်ပြီးသောအခါ ဦးချစ်မောင် ၊ ဦးပေါ်စံ၊ ဦးကြင်တို့သည် တောင်ပေါ်တက်၍ ဘုရားတည်မည့် မြေနေရာ ရှာကြ၏။

တောင်၏ အလယ်ဗဟို တည့်တည့်ကျသော နေရာတွင်-နွားလားဥသဘ၏ "ဘို့" နှင့်တူသော တောင်ကုန်းငယ်ကလေးတစ်ခု၊ မင်္ဂလာမြေနေရာကို တွေ့ရှိခဲ့ကြသည်။

တောင်ကုန်းငယ်ကလေးသည် အမြင့်ဆယ်တောင်ခန့်မြင့်၍၊ ထိပ်တွင် (၁၅)ပေ-ပတ်လည်ခန့် ကျယ်ပါသည်။ ဘေးပတ်ပတ်လည်တွင် မြက်ခင်းပြင်ဖြင့် စိမ်းစို သာယာလှ

ပေသည်။

၁၃၃၀–ခုနှစ်၊ တန်ခူးလဆန်း(၇)ရက်၊ တနင်္လာနေ့ (၂၄–၃–၆၉)ရက်နေ့။ တွင် ယက္ကန်းစင်တောင်-ဆရာတော် ဦးဩဘာသနှင့် တပည့်-ဦးပဏ္ဍိစ္စ၊ ရန်ကုန်မြို့မှ ပါလာသော ဦးထွန်းအောင်တို့ ထိုနေရာကို ဆရာတော်ကြီးနှင့် သဘောတူ ရွေးချယ်သတ်မှတ် လိုက်ကြပါသည်။

## တန်ခူးလပြည့်တွင် ပန္နက်တင်

ဘုရားမြေနေရာ သတ်မှတ်ပြီး နောက်တစ်ပတ်ခန့် အကြာ ၁၃၃၀–ခု၊ တန်းခူးလပြည့်နေ့၊ (၁၇–၄–၆၉)ရက် **တနင်္ဂနွေနေ့**။

ထိုနေ့ တစ်ရက်တည်းမှာပင် ပန္နက်တင်မင်္ဂလာ(၅)-ခုကို တစ်ပြိုင်တည်း ပြုလုပ်ရန် မိန့်ကြားတော်မူပါသည်။

လည်းကောင်းပန္နက်တို့မှာ-

၁။ ရွှေဘုန်းပွင့်စေတီတော် ပန္နက်မင်္ဂလာ။

၂။ ကျောက်တစ်လုံးလမ်း ဦးစောလှမမွှာရုံရှိ ဗုဒ္ဓရုပ်ပွားတော်ကို ဗုဒ္ဓါဘိအနေကဇာတင် ပန္နက်မင်္ဂလာ။


၃။ ကျောက်တစ်လုံးလမ်း ဦးစောလှမမွှာရုံတွင် သာသနာ့ဝိဇ္ဇာမဟိဒ္ဓိအောင်လံစိုက် ပန္နက်မင်္ဂလာ။

၄။ ပုဗ္ဗာရုံကံဦးကျောင်းတိုက်တွင် ရှင်ဉ-ပါးအား သာမဏေရ ပဗ္ဗဇ္ဇိတ ပန္နက်မင်္ဂလာ။

၅။ ကန်တော့ပွဲ ၉-ပွဲဖြင့် ကိုးမြို့ ကိုယ်စား ရှမ်းကိုးမြို့ ပန္နက်မင်္ဂလာ။ တို့ဖြစ်ကြပါသည်။

ပထမ-ပန္နက်မင်္ဂလာ၊ **ရွှေဘုန်းပွင့်စေတီတော် ပန္နက်တင်မင်္ဂလာ** ကို **နံနက်(၈)-နာရီ မထိုးမီ** အချိန်တွင် ယက္ကန်းစင်တောင်ဆရာတော်ကြီး၏ တပည့် **ဦးပဏ္ဍိစ္စ**၊ ဦးစီး၍ **ဦးချစ်မောင်**၊ **ဦးပေါ်စံ**၊ **ဒေါ်ချစ်ဖြူ**--- စသည်တို့ သံဃာ, လူပုဂ္ဂိုလ်(၄၅)-ဖြင့် အောင်မြင်စွာရိုက်ခဲ့ကြပါသည်။

ထိုအချိန်၌ ဆရာတော်ကြီးသည် ကျောက်တစ်လုံး လမ်းရှိ ဦးစောလှဓမ္မာရုံတွင်- ကျန်မင်္ဂလာပန္နက် (၄)-ခု ကို တပြိုင်တည်း အောင်မြင်စွာကျင်းပနေသည်။



**ဦးအာစရ , ဦးဖျော် အမိန့်ချခေါ်**

ပန္နက်တင်မင်္ဂလာ အောင်မြင် ပြီးစီးသောအခါတွင် ဆရာတော်ကြီးသည် **တန်ခူးပြည့်ကျော် (၃)-ရက်နေ့** တွင် မွေးရပ်ဇာတိ မတ္တရာအနီး ယက္ကန်းစင်တောင်သို့ တပည့်များနှင့်အတူ ပြန်ကြွသွားလေသည်။

ထိုအပြန်တွင် မန္တလေးမြောက်ပြင်ရပ်၊ ဥပုသ်တော်ကုန်းနေ (ရွှေဘိုဆရာတော်) အမည်ရ **ဦးအာစရ** နှင့် **ဘထွေးတော်-ဦးဖျော်** တို့ကို တောင်ကြီးမြို့တွင်- ဘုရားတည်နေကြောင်း၊ လိုအပ်သည်များ အကူအညီပေးရန် အမိန့်ချမှတ်မှာကြားခဲ့လေသည်။

**ဦးအာစရ** သည် **ကဆုန်လ**တွင် ဘုရားတည်ရေး ကိစ္စကို ကြိုတင်စီစဉ်ရန် တောင်ကြီးမြို့သို့ ရောက်လာခဲ့ပါ သည်။

ဦးအာစာရ၏ ဘထွေးတော်သူ **ဦးဖျော်** မှာ **ဝါခေါင် လဆန်း (၄)-ရက်နေ့** ရောက်လာသည်။ ထိုအခါမှ စေတီ တည်ရေး အထွေထွေကိစ္စများ ဆောင်ရွက်နိုင်ခဲ့သည်။

**ပန္နက်ပြီးသော်လည်း အခက်အခဲ**

ဤသို့ဘုရားတည်ရန် ပန္နက်ရိုက်ပြီးသော်လည်း-

- သစ်တောခွင့်ပြုမိန့် မရရှိသေးခြင်း။
- သားကောင်တို့အား ဘေးမဲ့ပေးရာ နေရာဖြစ်ခြင်း။
- တိတိကျကျ ဦးဆောင်ဦးရွက် တာဝန်ယူဆောင်ရွက်မည့် ပုဂ္ဂိုလ် မရှိသေးခြင်း။
- ပစ္စည်းတင်ပို့ရန် ကားလမ်း မပေါက်ရောက်သေးခြင်း။
- ငွေကြေးမပြည့်မစုံ ခက်ခဲနေခြင်း။
- ရေ, မီး မရှိခြင်း။

အထက်ပါ အကြောင်းများကြောင့် ဘုရားတည်ရန် သတ်မှတ်ထားသည့်အချိန် ၁၂-လခန့်သာရှိသည့်ကြားထဲက ၄-လကျော် ၅-လခန့်မှာ လုပ်ငန်းအကောင်ထည်ဖော်စတင် နိုင်ခြင်းမရှိခဲ့သဖြင့် အချိန်တွေ ကြန့်ကြာခဲ့ရပါသည်။



## မြို့နေလူထု ထောက်ခံမှု

ထိုသို့ကြန့်ကြာနေခြင်းကြောင့် ဘုရားတည်ရေး ကိစ္စကို မြို့ပေါ်ရှိဗုဒ္ဓဘာသာဝင်များ၊ မြို့မိမြို့ဘများ၊ အာဏာပိုင်အဖွဲ့အစည်းများ၏ သဘောထား ဆန္ဒများကို ရယူရာတွင် အောက်ပါ ဆန္ဒများကို ရရှိခဲ့ပါသည်။

(၁) တောင်ကြီးသည် ရှမ်းပြည်နယ်၏ မြို့တော်ဖြစ်သော်လည်း တောင်ကြီးသို့ ဘုရားဖူးများလာရောက်ကြသည့်အခါ အင်းလေး-ဖေါင်တော်ဦးဘုရား၊ ပင်းတယမြို့ ရွှေဥမင်ဘုရား တို့ကိုသာ ပို့ပေးနေရကြောင်း။

(၂) ထို့ကြောင့် တောင်ကြီးမြို့ပေါ်တွင် အများကြည်ညိုဖွယ် မြင်သာထင်သာသော နေရာတွင် တန်ခိုးကြီးဘုရားတစ်ဆူ ရှိသင့်နေပြီဖြစ်ကြောင်း။

(၃) တောင်ကျောင်းကြီးဆရာတော် ဘဒ္ဒန္တနရိန္ဒမထေရ်မြတ်ကလည်း ယခု နွားလားဥသဘတောင်၏ နေရာတွင် ဘုရားတည်ရန် ဆန္ဒရှိနေသည်မှာ နှစ်ပေါင်းများစွာရှိနေပြီး ဖြစ်သော်လည်း စွမ်းဆောင်မည့်ပုဂ္ဂိုလ် မပေါ်ခဲ့သေး၍ အားမလိုအားမရ ဖြစ်နေကြောင်း။

ဦးဆောင်ပေးမည့်သူ ပေါ်လာသည်နှင့် ကြံကြိုက်စဉ်အထမြောက်အောင် ဝိုင်းဝန်းဆောင်ရွက်ကြရန် မိန့်တော်မူခြင်း။

(၄) မြို့ပေါ် ၃၆-ရပ်ကွက်ရှိ မြို့မိမြို့ဘ များက

လည်း ကာယအား၊ ဉာဏအား၊ မနအားဖြင့်- ဘက်စုံအား ပေးကြမည်ဟု ဆန္ဒပြုကြကြောင်း။

(၅) အာဏာပိုင် အဖွဲ့အစည်းများ ဖြစ်ကြသည့် ရှမ်းပြည်နယ် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ရှမ်းပြည်နယ် ဦးစီးဌာနဥက္ကဋ္ဌ-ဦးထွန်းအေး၊တိုင်းမင်းကြီး ဦးလှ၊ သာသနာရေးဦးစီးတာဝန်ခံ ဦးကျော်ဇော်၊ တို့ကလည်း မိမိတို့အနေဖြင့် ထောက်ခံပေးမည် ဖြစ်ကြောင်း အမိန့်ရရှိခြင်း။

## ဘုရားအတွက် ဂေါပကာဖွဲ့

ယက္ကန်းစင်တောင်-ဆရာတော်ကြီး၏ ၁၃၃၁-ခုနှစ် မကုန်မီ ထီးတင်ပေးမည် ဆိုထားသော်လည်း၊ အထက်ပါ ဆန္ဒသဘောထားများကို ရရှိခဲ့ပြီးသော်လည်း၊ ဘုရားတည်ရန် အချိန်မှာ နည်းနေပြီ။

ဘုရား အမြန်ပြီးစီးစေရန် ဘုရားတည်ဆောက်ရေး ဂေါပကအဖွဲ့တစ်ဖွဲ့ လိုအပ်လာသောကြောင့် စိတ်ပါဝင်စားကြသူ (၂၀၀)-ခန့်ကို ဖိတ်ကြား၍၊ **၁၃၃၁–ခုနှစ်၊ ဝါခေါင်လဆန်း(၄)ရက်၊ (၁၇–၈–၆၉)–ရက် တနင်္ဂနွေနေ့၊ (၁၄း၄၀) နာရီအချိန်တွင်၊ ရတနာပုံရပ်ကွက်** (ယခု-သစ်တောရပ်ကွက်) ကျောက်တစ်လုံးလမ်း၊ ဦးစောလှမမ္မာရုံတွင် အစည်းဝေး ကျင်းပ စည်းဝေးခဲ့ပါသည်။

အစည်းအဝေးတွင် အထက်ပါအကြောင်းအရာ အခြေအနေ အရပ်ရပ်များကို ရှင်းလင်း တင်ပြဆွေးနွေးကြပြီးလျှင်- အောက်ဖော်ပြပါ ပုဂ္ဂိုလ်များပါဝင်သော စေတီဖြစ်မြောက်ရေး ဂေါပကအဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့သည်။

နာယကလူကြီးများ-

၁။ ဗိုလ်မှူးသန်းတင် တိုင်းမှူး (ရ. ပ. ခ)
၂။ ဦးထွန်းအေး ဥက္ကဋ္ဌ ရှမ်းပြည်နယ်ဦးစီး
၃။ ဦးလှ တိုင်းမင်းကြီး
၄။ ဦးကျော်ဇော် သာသနာရေးတာဝန်ခံ-ရှမ်းဦးစီး
၅။ ဦးခင်မောင်တင့် (တက္ကသိုလ်ဘုန်းနိုင်)
တောင်ကြီးကောလိပ်ကျောင်းအုပ်ကြီး

အလုပ်အမှုဆောင်အဖွဲ့-

၁။ ဦးသောင်းဖေ ပြည်သူ့မေတ္တာဆေးလိပ် ဥက္ကဋ္ဌ
၂။ ဦးသောင်းဘော အရေးပိုင် (ငြိမ်း) ဒု-ဥက္ကဋ္ဌ
၃။ ဗိုလ်ကြီးမောင်အေး ၂၃၂-ဆေးတပ် အတွင်းရေးမှူး
၄။ ဦးမြမောင် ကုန်သွယ်ရေး တွဲဖက်- ။
၅။ ဦးတင်ဝင်း ကုန်သွယ်ရေး ဘဏ္ဍာရေးမှူး
၆။ ဦးလှဘူး အခွန်ဝန် (ငြိမ်း) တွဲဖက်- ။
၇။ ဦးစောခမ်း မြို့ပိုင် (ငြိမ်း) စာရင်းစစ်

ဖေါ်ပြပါ အလုပ်အမှုဆောင်အဖွဲ့အပြင်-

(၁) ဘဏ္ဍာငွေရရှိရေးအဖွဲ့။

(၂) ဆောက်လုပ်ရေးအဖွဲ့။


(၃) သယ်ယူပို့ဆောင်ရေးအဖွဲ့။

(၄) ဧည့်ခံကြိုဆိုရေးအဖွဲ့။

ဆပ်ကော်မတီ အဖွဲ့ငယ် လေးဖွဲ့ကိုလည်း ထိုနေ့ အစည်းအဝေးမှာပင် ဖွဲ့စည်းခဲ့ပါသည်။

(အဖွဲ့ငယ်အသီးသီး၏ တာဝန်ဝတ္တရားများကို ဆည်မြောင်းဌာနမှ အင်ဂျင်နီယာ- ဦးမောင်မောင် က အများဆုံး တာဝန်ယူ ဆောင်ရွက်ပေးခဲ့ရပါသည်။)

ဘုရားတည်ဆောက်ရေးကိစ္စနှင့် ပတ်သက်၍ ဘုရားဂရံမြေ ရရှိရေးအတွက် သစ်တောဌာနသို့ **၁၉၆၉-ခု**၊ဩဂုတ်လ(၂၂)-ရက်၊ **(၀၉း၀၀)-နာရီ** တွင် သွားရောက် တွေ့ဆုံ လုပ်ဆောင်ရန် ဗိုလ်ကြီးမြင့်စိုး(ရပခ)နှင့် ဗိုလ်ကြီးမောင်အေး (ဆေးတပ်ရင်း) တို့ကို ရွေးချယ်ကြောင်း မှတ်တမ်းတင် ကြပါသည်။



## သဒ္ဒါဦးသူ ချက်ချင်းလှူ

အစည်းအဝေးအပြီးတွင် သဒ္ဒါတရား ချက်ချင်းပေါ်ပေါက် လာကြသော စေတနာရှင်ပုဂ္ဂိုလ်များက အလှူငွေ စတင် ထည့်ဝင်လှူဒါန်း ကြပါသည်။

ရင်းတို့မှာ-

| | |
|---|---|
| ပွဲစားထွန်း(နောင်မွန်-ဓမ္မာရုံ)အကျိုးဆောင် | ၃၂၈/၄၀ါး |
| ဗိုလ်ကြီးမောင်အေး (၂၃၂-ဆေးတပ်ရင်း) | ၁၂၀/၅၀ါး |
| ဦးအာစရ (မန္တလေးတောင်ခြေ) | ၇၃၄/၁၀ါး |
| ဦးချစ်ဖေ (ဓမ္မာရုံ ရတနာပုံရပ်) | ၂၂၃/- - |
| **ငွေစုစုပေါင်း=** | **၁၄၀၆/၀၀** |

ထို ၁၄၀၆/-ကျပ်သည် ရွှေဘုန်းပွင့်စေတီတည်ရန် မ,တည် အလှူငွေဖြစ်ပါတော့သည်။ ထိုငွေထဲမှ-

| | |
|---|---|
| တောင်ပိုင်ဘိုးဘိုးနှင့် ဒေဝယက္ခရုပ်တုခ- | ၃၀၀/- |
| ဦးအာစရ (မန္တလေး အသွား/အပြန်စရိတ်) | ၄၀/- |
| **ထိုနေ့အသုံးငွေ=** | **၃၄၀/-** |

သီးသန့်အလှူရှင်များကလည်း အောက်ပါအတိုင်း ပါဝင်လှူဒါန်းကြပါသည်။

| | | |
|---|---|---|
| ဗိုလ်ကြီးမောင်အေး ဘိလပ်မြေ | | (၅)-အိပ် |
| ဦးသောင်းဖေ+ဒေါ်မြင့်မြင့် ပင်မထီးတော်-စရံ | | ၅၀၀/- |
| ဦးမောင်မောင်+ဒေါ်ခင်မြင့် | အရံစေတီထီး | ၃၀၀/- |
| ဗိုလ်ကြီးမောင်အေး+ဒေါ်ဌေးဌေး | ( ။ ) | ၃၀၀/- |
| ဒေါ်သန်းနု (သစ်တောဌာန) | ( ။ ) | ၃၀၀/- |

**အုတ်မြစ်ချရေး ပါမစ်မပေး**

စေတီတော်တည် အုတ်မြစ်ချနိုင်ရန် သစ်တောခွင့်ပြုမိန့် ရရှိရေးအတွက် **၁၉၆၉–ခု၊ ဩဂုတ်လ (၂၂)–ရက်နေ့၊ နံနက် (၀၉း၀၀)–နာရီ** တွင် သစ်တောဌာနသို့ ဗိုလ်ကြီးမြင့်စိုး (ရပခ)နှင့် ဗိုလ်ကြီးမောင်အေး(ဆေးတပ်ရင်း) တို့သွားရောက်ခဲ့ကြရာတွင် သိပ်အဆင်မပြေခဲ့ကြပေ။

အကြောင်းမှာ-

အုတ်မြစ်ချရေး လုပ်ငန်း၌ ဖေါင်ဒေးရှင်း မှာတူးပြီးနေပြီ။ အခိုင်အမာ အင်္ဂတေ ပါလာ၍ တရားစွဲမည်ဟု ဆိုလာသဖြင့် အလုပ်ပြုတ်သည်အထိ ဖြစ်နိုင်သည်။

အဖွဲ့ဝင် အတော်များများမှာလည်း ဝန်ထမ်းများဖြစ်ကြသည့်အတွက် မည်သူကမျှ အလုပ်အပြုတ်မခံနိုင်ကြပေ။ ရှေ့သို့လည်း တိုးမလုပ်ဝံ့ကြချေ။

အရေးယူမဆောင်ရွက်ပြန်လျှင်လည်း သစ်တောဝန်ထမ်းများ အနေဖြင့်လည်း အရေးယူခံရမည် ဟုဆိုပါသည်။ အကြီးအကျယ် အခက်အခဲ ကြုံနေရပါတော့သည်။

အုတ်မြစ်ချရက်မှာလည်း **၁၃၃၁–ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၁)–ရက်နေ့** သတ်မှတ်ထားပြီး ဖြစ်နေသည်။ အချိန်မှာလည်း (၁၀)-ရက်ခန့်သာ ကျန်ပါတော့သည်။

## ဦးဘရီနှင့်ခင်မင် အတိတ်ရာဇဝင်

ထိုသို့ အခက်အခဲကြုံနေစဉ် ဦးတင်ဝင်းသည် အကြံ တစ်ခုရလာ၍ သူနှင့်ရင်းနှီးသော မိတ်ဆွေ-ဦးဘရီ က ကူညီ လျှင်ရနိုင်မည်ထင်ကြောင်း။ သူကြောင့် ယက္ကန်းစင်တောင် ဆရာတော်ကြီးကို ယခုလို ကြည်ညိုခဲ့ရကြောင်း၊ အဖွဲ့ဝင်များ သိစေရန် အတိတ်ရာဇဝင် ရှင်းပြပါတော့သည်။

ဦးဘရီတို့မိသားစု စားပြတိုက်ခံရ၍ ဒုက္ခရောက်စဉ် ဆရာတော်ကြီးနှင့်တွေ့၍ အဆင်ပြေခဲ့ရသည်။ ဆရာတော် ကြီးထံမှ အဆုံးအမရခဲ့သည်။ မနောချင်းလည်း ဆက်သွယ် နိုင်ခဲ့သည်။ သူ့ကို **ပန်းချီ-ဦးဘရီ** ဟု လူသိများသည်။ ပြည် မြို့ဖက်မှ ရန်ကုန်သို့ရောက်လာပြီး စမ်းချောင်းမြို့နယ်၊ ကျိုက် လတ်လမ်း၊ အမှတ်-(၃၉) တွင် နေထိုင်ကြပါသည်။

**၁၉၅၃-၅၄ ခုနှစ်** ၊ ဦးတင်ဝင်းသည် ပြည်မြို့ဘက်သို့ သန်းခေါင်စာရင်းဝန်ထောက်အဖြစ် သွားရောက်လုပ်ကိုင်ခဲ့ စဉ်က စတင်ခင်မင် မိတ်ဆွေဖြစ်ခဲ့ကြသည်။ စမ်းချောင်းတွင် နေစဉ် လာရောက် ဆုံးမဩဝါဒ ပေးတတ်ပါသည်။

## ဦးဘရီ၌မ်းပုံ အဖုံပုံ

**၁၉၆၁-ခုနှစ်၊ ဒီဇင်ဘာလ**တွင် ဦးတင်ဝင်း လားရှိုးသို့ အလုပ်ပြောင်းရမည်ဖြစ်၍၊ ဦးဘရီကို သွားရောက်နှုတ်ဆက် အပြီး၊ အိမ်အပြန် ဦးဘရီလိုက်လာသည်။ သိမ်းဆည်းထား

သော ပစ္စည်းများကိုကြည့်ပြီး ခေါင်းခါကာ-

**ဦးဘရီ–** 'မပြောင်းရပါဘူးကွာ'

**ဦးတင်ဝင်း–** 'ကျွန်တော် အလုပ်လက်ခံပြီးပြီ၊ အမိန့်စာအရ ခရီးစရိတ်လည်းထုတ်ပြီးပြီ၊ လာရှိုးမှာလည်း အိမ်ငှားပြီးပြီ၊ မနက်ကို ခရီးထွက်ရတော့မှာ'

**ဦးဘရီ–** 'မယုံလည်းစောင့်ကြည့်ပေါ့ကွာ'

ပြောပြီး၊ ပြန်သွားပါသည်။ ထိုနေ့ညနေ ဦးတင်ဝင်း တစ်ယောက် ချောင်းဆိုးရာမှ သွေးများပါလာ၍ ဆေးရုံသို့ တက်လိုက်ရပါတော့သည်။

ဦးဘရီ ဆေးရုံသို့ မျက်နှာခပ်ပြုံးပြုံးနှင့် ရောက်လာပြီး-

**ဦးဘရီ–** 'ဘာမှမဖြစ်ပါဘူး၊ အေးအေးနေပါ'

သူကသာပြောသွားသည်။ ဦးတင်ဝင်း မှာဆေးရုံပေါ် တစ်လခန့် တက်လိုက်ရသည်။ နေကောင်း၍ ဆေးရုံမှဆင်းကြောင်း (မြန်မာ့စီးပွားရေး တိုးတက်မှုကော်ပိုရေးရှင်းရုံး)သို့ သတင်းပို့ရ၏။ ရုံးမှ တောင်ကြီးသို့ သွားရမည်ဖြစ်ကြောင်း သိလာခဲ့ရပြန်သည်။ ဦးဘရီအား သွားပြောပြရာ-

**ဦးဘရီ–** 'အေးဟုတ်ပြီ၊ မင်း- အဲဒီမှာ အလုပ်ရှိတယ်'

ခပ်တည်တည်နှင့် ပြောသဖြင့်-

**ဦးတင်ဝင်း–** 'ဘာအလုပ်လဲခင်ဗျား-' ပြန်မေးလိုက်၏။

**ဦးဘရီ–** 'မင်း အခုသိဖို့ မလိုသေးဘူး'

တစ်လုံးချင်းခပ်လေးလေးပြောနေသဖြင့် ဆက်မမေး

တော့ပေ။ သို့နှင့် ဦးတင်ဝင်း တောင်ကြီးသို့ အလုပ်ပြောင်းခဲ့ရပါသည်။

တောင်ကြီးမြို့လမ်းမတော်တွင် ပင်လုံရိပ်သာဖွင့်၍ စတိုးဆိုင်အုပ်ချုပ်ရခြင်း၊ တပ်ရိက္ခာပေးသွင်းရခြင်း။ ပြည်သူ့ပစ္စည်းကော်ပိုရေးရှင်း (ပပက)အဖြစ် ပုံဖော်ရခြင်း။ ပြည်သူပိုင်ကိစ္စပေါ်လာ၍ တာဝန်ယူအလုပ်များခြင်း၊ တိုင်းကုန်သွယ်ရေး၊ တိုင်းကုန်စည်ဖလှယ်ရေး ဒိုင်ဖွင့်၍- ရှမ်းပြည်နယ်ထွက်ပစ္စည်းအားလုံးဝယ်ယူ၍ တစ်ပြည်လုံးသို့ ဖြန့်ဖြူးရခြင်း။ စသည်ဖြင့် အလုပ်များ အလွန်များခဲ့ရပါသည်။

တောင်ကြီးမြို့မှ ပြန်ပြောင်းရွှေ့ရန် အကြောင်းကိစ္စပေါ်ခဲ့ပြန်သည်။ ဦးဘရီအား အသိပေးရာ-

**ဦးဘရီ-** 'မင်း-ပြောင်းဖို့မရှိဘူး မပြောင်းရဘူး'

ဟုဆို၏။ ပြောင်းရွှေ့ဖို့ ၃-ကြိမ်ဖြစ်ခဲ့သော်လည်း မပြောင်းခဲ့ရပါ။ အကြောင်းမှာ-

ရ. ပ. ခ-နှင့်တောက်လျှောက် ဆက်သွယ်၍ အလုပ်လုပ်နေရသည်က တစ်ကြောင်း၊ လုပ်ငန်း၏ နောက်ကြောင်းရာဇဝင်များကိုသိလိုက ဦးတင်ဝင်းအား မေးမြန်းရသည်။

'**ဦးတင်ဝင်းကို တောင်ကြီးမှာ ပဲရာထူး တိုးလျှင်တိုးပေးပါ တခြားမပြောင်းပါနှင့်**' ဟု -ကုန်သွယ်ရေးရုံးချုပ်သို့ အကြောင်းကြားထားကြောင်း၊ ရ. ပ. ခ မှ ဗိုလ်မှူးဘမောင် ပြောပြ၍ သိရပါသည်။


ယက္ကန်းစင်တောင်နှင့် ဦးတင်ဝင်း

၁၉၆၇–ခုနှစ်၊ ဦးတင်ဝင်း ရန်ကုန်သို့ ဆင်းသွားစဉ်

ဦးဘရီ– 'ရွှေတိဂုံဘုရား အင်္ဂါထောင့်မှာ ယက္ကန်းစင်
တောင်ဆရာတော် ရှိတယ်၊ မင်း- သွားဖူး
ဖြစ်အောင် ဖူးစမ်း-' တိုက်တွန်းသဖြင့်-

သွားရောက်ဖူးခဲ့သည်။ ဖူးမြော်သူများကို ဆေးလုံးလေးများ ပေးနေသည့် ဆရာတော်ကြီးကို ဖူးတွေ့ရပါသည်။ ဆေးလုံး ၃-လုံးရခဲ့ရပြီး အုန်းရေနှင့် သောက်ခဲ့ရပါသည်။

တစ်ခေါက်။ ရန်ကုန်သို့ ဆင်းသွားသည့်အခိုက်-

ဦးဘရီက– ' အလုပ် စပါတော့မယ်- ' ဆိုလာသည်။
ဘာအလုပ်ရယ်လို့ မသိရပါ။

၁၉၆၉–ခုနှစ်၊ ဖေဖေါ်ဝါရီလထဲတွင် စာတစ်စောင် ရေးလာသည်။

**'ယက္ကန်းစင်တောင်ဆရာတော်ကို တောင်ကြီးမှ လက်သမားဆရာ ဦးချစ်မောင် ပင့်သွားတယ်။ ရောက်လာပါလိမ့်မယ်။ ကျောက်တစ်လုံးလမ်း လို့ သိရတယ်– မင်းသွား ဖူးပါ–'** ဟု ရေးထည့်လာသည်။

ဆရာတော်ကြီးကို ၂-ခေါက် ၃-ခေါက်သွားရောက် ဖူးမြော်သော်လည်း ဘာမှလည်း မမိန့်ပါ။ မထူးခြားခဲ့ပါ။ နောက်ဆုံးတစ်ခေါက်သွားဖူးသောအခါ ဘုရားတည်ပန္နက် ငါးမျိုးရိုက်တွင် ရှင်ပြုပန္နက်ပါဝင်သည်ကို သိရသည်။

ဆရာတော်ကြီးဆီမှ အပြန် လမ်းတွင်ဦးတင်ဝင်းက ဇနီးဖြစ်သူ ဒေါ်စန်းစန်းနွယ်နှင့် တိုင်ပင်ပြီး၊ မမွာရုံသို့ပြန်လှည့်ခဲ့ပြီး ဆရာတော်အား လျှောက်ထားလိုက်သည်။

**ဦးတင်ဝင်း–** ‘တပည့်တော်ရဲ့ သား၂-ယောက် ရှင်ပြုဖို့ အရွယ်ရောက်ပြီ ဖြစ်ပါတယ်ဘုရား။ ရှင်အဖြစ် ထည့်ချင်ပါတယ်ဘုရား-’

**ဆရာတော်–** ‘အေး- ဟုတ်ပြီ ဟုတ်ပြီ ၃-ပါးပြည့်အောင် မောင်ချစ်ဖေ မင်းစီစဉ်လိုက်’ ဟု

ဦးချစ်ဖေအား မိန့်ကြားပါသည်။ ဦးချစ်ဖေ၏ သား ၁-ယောက်လည်းပါသည်။ ထိုအခါမှစ၍ ဦးတင်ဝင်းသည် ဆရာတော်ဘုရားကြီးနှင့် အကြောင်းဆက်မိပါတော့သည်။

## တည်ဆောက်မိန့်ရပုံ ဆန်းပြားကြံ့

ထိုသို့ ဦးဘရီကြောင့် ဆရာတော်ကြီးနှင့် ရင်းနှီးပုံ၊ ဦးဘရီ မနောရပုံကို ရှင်းပြလိုက်သဖြင့် အကြောင်းစုံကို သိရသောအခါ ဂေါပကအဖွဲ့ဝင်အားလုံးက ဦးတင်ဝင်းအား ဘုရားမြေဂရံ ရရှိရေး ကိစ္စအတွက် ရန်ကုန်မြို့သို့ စေလွှတ်ရန် သဘောတူခဲ့ကြပါသည်။

စေတီ တည်ဆောက်မိန့်ရရန် ရန်ကုန်မြို့သို့ **စနေနေ့** လေယာဉ်ဖြင့်ရောက်ခဲ့ပါသည်။ ရောက်လျှင်ရောက်ချင်း ဦးဘရီထံ သွားတွေ့ပြီး အကျိုးအကြောင်းကို ရှင်းပြ၏။

'ဒီကိစ္စ အသာထားလိုက်၊ အရေးတကြီးစကားပြော စရာရှိလို့ မင်းငါ့ဆီရောက်လာတာ၊ နားထောင် '

'ဘုရားတည်တဲ့အခါ ထားရမဲ့စိတ်ကို မင်းတို့အဖွဲ့ သိရမှာက ဒီဘုရားက ၃၁–ဘုံသားတွေအတွက်ရည်စူးတည် ရမှာဖြစ်တယ်၊ အယုတ်အလတ်အမြတ် ရွေးလို့မရဘူးကွ။ အရပ်ကပစ်ထားတဲ့သူပင် ဖြစ်ပါစေကွာ ဘုရားကို အထောက် အကူဖြစ်တယ်ဆိုရင် လက်ခံရမယ်။ နှင်မထုတ်ရဘူး။ ဒါ– အားလုံးသိဖို့ပဲ '

'မင်းအနေနဲ့ လုပ်ငန်းဆောင်ရွက်တဲ့အခါ ဘိနပ် ချွတ်က ရောက်နေရောက်နေ၊ တစ်ယောက်တည်းဖြစ်နေပါ စေ၊ စိတ်အား ထက်ထက်သန်သန် ရှိရမယ် '

'နောက်– တတိယအချက်က ဘုရားပြီးသွားတဲ့အခါ ချီးမွမ်းတဲ့ ပုဂ္ဂိုလ်လည်းရှိမယ်။ ကဲ့ရဲ့တဲ့ပုဂ္ဂိုလ်လည်းရှိမယ်။ ဒါကိုလည်း ခံနိုင်ရည်ရှိအောင်လေ့ကျင့်ထားပါ။ ဒီဒဏ်မခံ နိုင်တဲ့လူ အများအပြားတွေ့ရမယ်။ ကုသိုလ်ကနဲ့ အကုသိုလ် ကများ ဖြစ်ကုန်ကြတယ် ' စသည်ဖြင့်–-

သတိပေးစကားများ ပြောနေသည်။ ဦးတင်ဝင်းက အုတ်မြစ်ချရေးကိုသာ စိတ်စောနေသဖြင့် ဦးဘရီ၏ ဆိုလိုရင်း သဘောကို နားမဝင်နိုင် ဖြစ်ခဲ့ရပါသည်။

နောက်နေ့- **တနင်္ဂနွေနေ့** ထပ်သွားပြန်၏။

'ဒီကိစ္စ သစ်တောမင်းကြီးနဲ့ တွေ့မှဖြစ်မယ်၊ သူ့ခရီး

**ထွက်နေတာ တစ်လလောက်ရှိပြီးလို့ ပြောတယ် တွေ့ဖို့ မလွယ်ဘူး '** သိရသဖြင့်-

မိမိတွေ့လိုသည့်ပုဂ္ဂိုလ်နှင့် တွေ့ဖို့ ရာနှုန်းနည်းသွားတော့ စိတ်ပျက်မိသည်။ ရင်ဝကိုစီးပြီး အကန်ခံရသလို ခံစားလိုက်ရသည်။ ညနေပိုင်းတွင် ဦးဘရီ ထံတစ်ခေါက် ရောက်သွား၏။ မျက်နှာရွှင်ရွှင်ပြပြနှင့် သူ့ကို တွေ့ရပါသည်။

**' မင်ကြီး ဒီညနေပြန်ရောက်ပြီတဲ့။ မင်းနဲ့ငါ မနက်ဖြန် အတူသွားမယ် ငါ့အိမ်ကိုလာခဲ့ '** မှာလိုက်သည်။

**နောက်တစ်နေ့ တနင်္လာနေ့-နံနက် ၉-နာရီ အိမ်မှ** ထွက်ခဲ့ကြသည်။ မြို့ထဲသို့ရောက်လျှင်-

**' ငါ ၂၅-လမ်းတိုက်က စောင့်နေမယ်။ ၁၁-နာရီထိုးရင် ငါ့ဆီ ဖုန်းဆက်လိုက် '**

ဦးတင်ဝင်းသည် လျှောက်ထားသည့် လက်ခံဖိုင်တွဲကိုကိုင်ကာ ပန်းဆိုးတန်းလမ်းဘက်လျှောက်လာယင်း--

**'ရှုံးသဘောအရ ခရီးထွက်နေသော မင်းကြီးအနေဖြင့် အပြင်ကိစ္စကို လွယ်လွယ်နှင့် စဉ်းစားပေလိမ့်မည်မဟုတ်'** ဟု အထင်ရောက်ကာ စိတ်လေးပင်စွာနှင့် လေးထပ်တိုက်အပေါ်ထပ်သို့ ခြေတစ်လှမ်းချင်း တစ်လှမ်းချင်း တက်လှမ်းခဲ့ပါတော့သည်။

မင်းကြီးရုံးခန်းအပြင်တွင် မင်းကြီးကိုတွေ့ရန် ဖိုင်များကိုင်လျက်အရာရှိ ၁၅-ဦးခန့် စောင့်နေသည် ကိုတွေ့လိုက်ရ

၍ ပိုစိတ်အား လျှော့သွားရပြန်သည်။

ထိုစဉ် မိတ်ဆွေတစ်ဦးက-

'**တောင်ကြီးကနေ ဘယ်တုန်းကရောက်သလဲ-? မင်းကြီးအခန်းထဲမှာ တောင်ကြီးဘုရားမြေကိစ္စလား ပြောနေတာကြားတယ်၊ အဲဒီကိစ္စ လာတာလား**' ဆိုသဖြင့်-

ထိုသူ့အား စကားမပြန်နိုင်တော့ဘဲ။

'**ခဏ! ခဏလေးဗျာ-**' ဟု

ဆိုလိုက်ပြီး- မင်းကြီးရုံးခန်းထဲ စွတ်ဝင်လိုက်မိတော့သည်။

မင်းကြီး (ဦးမောင်ကလေး) ရှေ့စားပွဲပေါ်တွင် မိမိတို့ လျှောက်ထားသော မြေပုံကိုကားချပ်ကို မြင်လိုက်သဖြင့်-

**ဦးတင်ဝင်း**– 'မင်းကြီး ကျွန်တော်တောင်ကြီးကပါ။ အဲဒီ ဘုရားကိစ္စအတွက် လာခဲ့တာပါခင်ဗျာ'

အလောတကြီးနှင့် မင်းကြီးက မမေးဘဲပြောလိုက်မိသည်။

**မင်းကြီး**– 'ခင်ဗျားလျှောက်တာ ၆-ဧကလောက်ရှိနေတော့- ဝန်ကြီးဆီ တင်ပေးရဦးမယ်'

**ဦးတင်ဝင်း**– 'ဘုရားတည်ဖို့ အချိန်က ခြောက်လပဲ ကျန်ပါတော့တယ်မင်းကြီး။ ဆရာတော်ကြီးက နှစ်မကူးခင် ထီးတော်တင်မယ်လို့ မိန့်ထားပါတယ် ခင်ဗျာ'

**မင်းကြီး**– 'ဘုရားက ဘယ်လောက်ကြီးသလဲ-? ခင်ဗျားတို့ လျှောက်တဲ့ ၁၄၈-ပေပတ်လည်

ဆိုရင် ကျုပ်နဲ့ပြီးတယ်။ ၆-ဧက ဆိုရင်တော့ ဝန်ကြီးဆီ တင်ရမှာပဲ'

**ဦးတင်ဝင်း–** 'မင်းကြီး- ကျွန်တော်တို့က ဝန်ထမ်းတွေပါ ဘုရားတစ်ဆူတည်ဖို့ရရင် တော်ပါပြီ။'

**မင်းကြီး–** 'ဒါဆို ခွင့်ပြုပေးလိုက်မယ်-'

ဦးတင်ဝင်း ထခုန်မတတ် ဝမ်းသာသွားတော့သည်။ မြန်လိုက်တာမှ ခဏလေး။

တောင်ကြီးသစ်တောရုံးသို့လည်း သိရန်အကြောင်းကြားစေလိုကြောင်း ပြောလိုက်ရာ၊ ရုံးအုပ်-ကိုလှအောင်ဆိုသူကိုခေါ်ပြီး တောင်ကြီးသို့ ဖုန်းဆက် အကြောင်းကြားခိုင်းလိုက်သည်။

အလုပ်ကိစ္စအားလုံး ချောမောသွားပြီဖြစ်၍ ဝမ်းသာအားရ ရုံးအောက်သို့ အပြေးကလေးဆင်းလာမိသည်။ နာရီကိုကြည့်လိုက်တော့ ၁၁-နာရီ။ ရုံးအောက် တစ်ဘက်အခန်းကြေးနန်းရုံးမှနေ၍ ဦးဘရီထံ ပထမဖုန်းဆက်လိုက်သည်။ တဟားဟားနှင့် ရယ်မောသံကြားရပြီး-

**ဦးဘရီ–** 'ပြောမယုံ-ကြုံမှသိ ဆိုတာဒါမျိုးပေါ့ကွ-'

**'၁၁–နာရီထိုးရင် ငါ့ဆီဖုန်းဆက်လိုက်** 'ဟု- သူကြိုတင်မှာလိုက်သည့်စကား-။ ဦးတင်ဝင်း ခေါင်းကုတ်လိုက်မိသည်။ မစဉ်းစားတတ်။

ထို့နောက် တောင်ကြီးဂေါပက အဖွဲ့ဝင်များထံ

ဘုရားတည်ဆောက်ခွင့်အမိန့် ရရှိပြီဖြစ်ကြောင်း ဖုန်းဆက်လိုက်၏။ အဖွဲ့ဝင်များ ဝမ်းသာမည်မှာမလွဲ-။

**ကြိုးဝိုင်းအတွင်းစေတီတည်ခွင့် နှစ်စဉ်ပါမစ်**
**သစ်တောနည်းဥပဒေပိုဒ်–၁၀(၂)နှင့် ဌာနဆိုင်ရာ**
**ညွှန်ကြားချက် အပိုဒ်–၆၀ နောက်ဆုံးအပိုဒ်အရ**

ယက္ကန်းစင်တောင်- ဆရာတော်ဦးသြဘာသ အား အောက်တွင် ဖေါ်ပြပါ စည်းကမ်းများဖြင့် တောင်ကြီးမြို့ မြောက်ကြိုးဝိုင်းအမှတ်-၂၃ အတွင်း (၁၄၈)-ပေပတ်လည်း (ဧကဝက်-ခန့်) အကျယ်အဝန်းရှိသည့် နေရာတွင် ဘုရားတည်ထားကိုးကွယ်ရန်နှင့် နှစ်စဉ်ပါမစ်ဖြင့် ခွင့်ပြုလိုက်ပါသည်။ မြန်မာနိုင်ငံ သစ်တောမင်းကြီးချုပ်ထံမှ ၂၄-၉-၆၉ နေ့

စွဲပါ စာအမှတ် ၉၄၃၀/စ(န)၃ ဖြင့် ခွင့်ပြုချက်ရရှိပြီး ဖြစ်ပါသည်။

(မြင့်ဆွေ-၂)
သစ်တောခရိုင်ဝန်
ရှမ်းပြည်နယ်တောင်သစ်တောခရိုင်
တောင်ကြီးမြို့။

တရားဝင်ခွင့်ပြုအမိန့်စာမှာ (၁-၁၁-၆၉) နေ့စွဲပါ စာအမှတ် ၂၂၆-၂၇/၀၉ (၈-၁၀) အရ- တောင်ကြီးမြောက် ကြိုးဝိုင်းအကွက်အမှတ်-(၂၃)အတွင်းမြေ (၁၄၈)-ပေ ပတ်လည်ပေါ်တွင်စေတီကိုတည်ထားကိုးကွယ်ခွင့်ပြုလိုက်သည်။

## ဝမ်းသာအားရ အုတ်မြစ်ချ

ဆရာတော်ကြီး၏ တပည့်ဒကာ ဒကာမများ ဘုရားတည်မည့်ကိစ္စသည် လေးလတိုင်အောင် ကြန့်ကြာခဲ့ရာမှ ယခု ဘုရားတည်ရန် ခွင့်ပြုမိန့်ရ ပြီးဖြစ်၍ အထမြောက်အောင်မြင်တော့မည်ဖြစ်သဖြင့် ဝမ်းသာမဆုံး ပျော်တပြုံးပြုံး ဖြစ်နေကြပါတော့သည်။

၁၃၃၁- ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၁)ရက်၊ (၂၇-၉-၆၉) **စနေနေ့၊ နံနက် (၆-နာရီ၊၁၀-မိနစ်)** အချိန်တွင် ဦးချစ်မောင်က နာရီတွေဘာတွေ ကြည့်မနေဘဲ၊ အရှေ့အရပ်မှ နေလုံးထွက်လာပြီး အနောက်အရပ်တွင်လည်း လဝန်းကြီးကလည်း ရှိနေချိန်ဖြစ်သော **(နေမြင်-လမြင်အချိန်)** တွင် မောင်းထုပြီး စေတီမကြီးနှင့် အရံစေတီ (၈)-ဆူတို့အား တစ်ပြိုင်တည်း အောင်မြင်စွာ အုတ်မြစ်ချနိုင်ခဲ့ပါသည်။

ထို အုတ်မြစ်ချသည့်အချိန်တွင် ယက္ကန်းစင်တောင်ဆရာတော်ကြီးသည် တောင်ကြီးမြို့တွင်မရှိပါ။

## ဒုတိယအကြိမ်ကြွလာ စိန်ဖူးပါ

အုတ်မြစ်ချပြီးသော်လည်း- စေတီတည်ရန်အတွက် အဆင်မပြေမှုများ ခိုက်ရန်ဖြစ်မှုများ အခက်အခဲများနှင့်ကြုံတွေ့နေရပြန်သဖြင့် စေတီတည်ရန် ကြန့်ကြာခဲ့ရပြန်သည်။

ထိုသို့အစဉ်မပြေဖြစ်နေသည်ကို သိသော ယက္ကန်းစင်တောင်ဆရာတော်ကြီးသည် **တန်ဆောင်မုန်းလ** တွင် တောင်ကြီးသို့ ဒုတိယအကြိမ် ကြွရောက်လာခဲ့ပါသည်။ ဆရာတော်နှင့်အတူ **စိန်ဖူးတော်** လည်းပါလာသည်။

စိန်ဖူး-ဒကာ ဒကာမအဖြစ် ဦးပေါစံ ဒေါ်စိန်လှတို့အား သတ်မှတ်ပေးထားပြီးသားဖြစ်၍။ ဦးပေါစံ က စိန်ဖူးတော် အတွက် မိမိစုထားသော စု ဗူးကိုဖေါက်ကြည့်ရာ **၃၀၁၀ိ/-ကျပ်တိတိဖြစ်နေသည်။** စိန်ဖူးတော်သည် ကျပ်တစ်သောင်းခန့် တန်ပါသည်။

ဦးပေါစံက စုဘူးငွေ ၃၀၁၀ိ/-ကျပ် ကို ဆက်ကပ်လှူဒါန်းလိုက်သည်။

**ဦးပေါစံ-** 'ဆရာတော်ဘုရား ၃၀၁၀ိ/- ကျပ်ပဲ စုမိပါတယ် ဘုရား'

**ဆရာတော်-** 'ကိစ္စမရှိဘူး။ ငွေကိုင်ဒကာ မောင်တင်ဝင်းလာ၊ ဘုရားအတွက် **၁၅၀၀ိ/-ကျပ်** ပြန်လှူခဲ့မယ်'

ဦးတင်ဝင်းအား ပေးအပ်ခဲ့ပါသည်။

**မမြင်ရလို့ အထင်မသေးဖို့**

ဆရာတော်ကြီးက-

" ဒီတောင်မှာရှိတဲ့ တောင်ပိုင်ဘိုးဘိုးနဲ့ ဒေဝယက္ခက သူတို့အတွက်ကုသိုလ်ပြုပေးဖို့နဲ့ နန်းတည်ဆောက်ပေးဖို့ငါ့လာလျှောက်နေကြတယ်၊ မမြင်ရတဲ့ပုဂ္ဂိုလ်တွေမို့ အထင်မသေးဖို့လိုတယ်။ ဒါကြောင့်-

ဘုရားအရှေ့မြောက်(တနင်္ဂနွေထောင့်)မှာ တောင်ပိုင်ဘိုးဘိုးပုံကို (ပိန္နဲသား) နဲ့ထု။

အနောက်တောင် (စနေထောင့်) မှာ ဒေဝယက္ခပုံကို (ထောက်ကြန့်သား) နဲ့ထု။

သူတို့အတွက်နန်းဆောက်ပေးလိုက်ကြ။ ပြီးတော့- သူတို့ ဘုရားကို ကုသိုလ်ပြုလှူဖို့ အတွက် အလင်းတိုင်နှင့် အမွှေးတိုင်များ ပေးလိုက်ကြ-" အလေးထားမှာကြား၏။

**မှာတာမလုပ် ပြဿနာရှုပ်**

ဆရာတော်မိန့်မှာသော သစ် အသားဖြင့် တောင်ကြီးမှာပင် ထုလုပ် ပြုလုပ်ပေးလိုက်သောအခါ ပြဿနာများ ပြေပျောက်ပြီး ခိုက်ရန်ဖြစ်ပွားမှုလည်း မရရှိတော့။ လုပ်ငန်းများချောမော အောင်မြင်သွားပါသည်။ ထို့နောက် ဆရာတော်ကြီးလည်း ရန်ကုန် ပြန်ကြွသွားပါတော့သည်။

ပထမအကြိမ် ဂေါပကဖွဲ့စဉ်က ဦးအာစာရ အား

ဒေဝယက္ခနှင့် တောင်ပိုင်ဘိုးဘိုး ထုလုပ်ရန် ငွေသား ၃၀၀ိ/-ကျပ်နှင့် ခရီးစရိတ် ၄၀ိ/-ကျပ် ပေးလိုက်သော်လည်း မထုလုပ်ခဲ့ကြပေ။ ထို့ကြောင့် ဆရာတော်ကြီး မှာခဲ့သည်ကို မလုပ်ခဲ့ကြ၍ ပြဿနာများ ဖြစ်ခဲ့ရသည်။

ယခုလည်း သမိုင်းမသိသူများ ရွှေ့ထား၍ ဒေဝယက္ခရုပ်တုမှာ စနေထောင့်တွင် မရှိချေ။

## ဝမ်းစာပြည့်ကာ ဘုရားတည်

စေတီကိုတည်ရာတွင် အလယ်နေရာ၌ ကြက်ခြေခတ်ပုံဖေါင်ဒေးရှင်းချပြီးမှ ဘေးပတ်ပတ်လည်တွင် ဆူးလေစေတီသဏ္ဍာန် ရှစ်မြှောင့်ပုံ အုတ်ပတ်ကားတက်ပါသည်။ ထိုအခါ အတွင်း၌ အကွက်လေးကွက် ဖြစ်ပေါ်လာသည်။

ထိုအကွက်ထဲတွင် **'ဝမ်းစာပြည့်အောင် ဝမ်းစာဖြည့်ရမယ်'** ဟု ဆိုသဖြင့်- တောင်အောက်ဖက်ရှိ ပတ္တမြားလိုဏ်ဂူထဲမှ ကျောက်များကို သဒ္ဓါတရားထက်သန်ကြသော ဒကာဒကာမများက နေ့ရောညပါ မနားမနေထုခွဲပြီး တစ်ယောက်တစ်လက် လက်ဆင့်ကမ်းကာ၊ တောင်ပေါ်သို့ရောက်အောင် သယ်ပို့ကြသည်။ ကုသိုလ်ပွဲ ဆင်နွှဲနေကြပါသည်။

ပတ္တမြားဂူသည် ချုံနွယ်များနှင့် ပိတ်နေ၍ ပထမတွင် ဂူဝကိုမမြင်ရ ချုံများရှင်းလိုက်မှ ဂူကိုမြင်ရပါသည်။

ယက္ကန်းစင်တောင်ဆရာတော်နှင့် ပါလာသော

ရွှေမြားဆိုသူက တေးဖွဲ့၍ပြီးခဲ့ကြသော စားသားလေးကို ထိုစဉ်ကကျောက်ထုရာတွင် ပါဝင်ခဲ့သူ ဦးတင်ငွေ (သမဝါယမ ဝန်ထမ်း) (ယခု-အောင်မေတ္တာကျောင်း ကိုရင်ကြီး) ကရေးပေးလာ၍ ဖေါ်ပြလိုက်သည်။

**ပြောင်ပြောင်ငယ်ညီး တောင်ကြီးကဖီလာ**
**နိမ့်မြင့်ချည်မြင့်ချီသားရယ်နဲ့ သွားခက်လှတာ**
**စလူရှက်ကာ အင်ဖက်ကယ်မိုးလို့ကာ**
**ဖြိုးဝေစွာတဲ့ရိပ်ဆီး-။**
**တဖြောက်ဖြောက်ကယ်နဲ့ မိုးရေပေါက်ပုံသဏ္ဍာန်**
**ငွေနှင်းရည်မြူထန်လို့ အသူရကန် အရောင်ပိတ်တယ်**
**တောရိပ်မြိုင်ကြီး---။**

မှန်ပါသည်။ ထိုခေတ်အခါက တောင်ကြီးမြို့အရှေ့ဘက် ဘေးမဲ့တောကြီးသည် နေရောင်ပိတ်လောက်အောင် တောထူသည်။ သမင်, ဂျီ, ဒေါင်း, ကျေးငှက် စသည်တို့ ပေါများပြီး အလွန်သာယာလှပါသည်။



ပတ္တမြားဂူ အလကားဂူမဟုတ်

ဤသို့ကျောက်တုံးများကို ခက်ခက်ခဲခဲ မမောမပမ်း ဝမ်းသာအားရ သယ်ကြရာတွင်၊ ဦးပေါစံ၏ စည်းရုံးမှုဖြင့် တောင်ကြီးမြို့မှ သဒ္ဓါတရား အားကောင်းကြသော သူများသည် စနေနေ့ ညနေရုံးဆင်းချိန်တွင် ပတ္တမြားဂူ၌ ညအိပ်၍

ပင် ကျောက်ထုခွဲကုသိုလ်ယူကြပါသည်။

ထမင်းထုပ်လှူဒါန်းသူများကလည်း လှူဒါန်းကြသဖြင့် ပျော်စရာကောင်းလှပေသည်။ ဂူထဲ၌ ပျော်ပျော်ပါးပါး ကျောက်ခွဲယင်း ညဥ့်နက်သွား၍၊ အချို့-တရေးတမောအိပ်ပျော်သွားစဥ် ပျော့ပျောင်းသောလက်ဖြင့် တစ်ဦးဦးက လာရောက် နှိပ်နယ်ပေးသလို ခံစားရသည်။

ညဥ့်မအိပ်လိုသူများက ည-၈-နာရီခန့်တွင် ကျောက်တစ်လုံးလမ်းဘက်မှ ပြန်ဆင်းကြသောအခါ နောက်မှခြေသံများကြားရပြီး တောင်အောက်သို့ရောက်သောအခါ ခြေသံများ နောက်ပြန်လှည့်သွားသံ ကြားရလေ့ရှိသည်။

ပြန်ကြသူတို့စိတ်ထဲ ညက မှောင်မှောင်နှင့်မို့ ပထမခပ်ကြောက်ကြောက်။ စိတ်အထင် သရဲလား- ဘာလား-။ ပြန်တိုင်း ပြန်တိုင်း ကြားရဖန် များလာတော့-

**‘ ငါတို့ကို တောစောင့်နတ် တောင်စောင့်နတ်တွေ စောင့်ရှောက်လိုက်ပို့တာပဲ ’** ဟု -ဆိုကြသဖြင့် မကြောက်တော့ပါ။ တစ်ခါတစ်ရံ အမွှေးနံ့များပင် ရလိုက်သေးသည်။ ထိုကြောင့် တောင်အောက်သို့ ပြန်ဆင်းခါနီး-

**‘ ပြန်တော့မယ်ဟေ့- တို့ကိုလိုက်ပို့ကြဦး ’**

တောင်ခြေသို့ ရောက်တော့လည်း -

**‘ ကျေးဇူးတင်ပါတယ် ’**

စသည်ဖြင့်ပင် နောက်နောက် ပြောင်ပြောင်ပြောနေ

ကြပါသည်။ ပျော်စရာ အမှတ်တရလေး ဖြစ်နေတော့၏။

"ပတ္တမြားဂူ အလကားဂူမဟုတ်ပေဘု
သုံးဆယ့်တစ်ဘုံမှာ များသတ္တဝါတွေ
ချမ်းသာစေချင် ယက္ကန်းစင်ထေရ်ဘုန်း
ရွှေဘုန်းပွင့်ဘုရား တည်စေခဲ့အများ။
ဝမ်းစာတကယ် ပြည့်ဖို့ရယ်မို့
ပတ္တမြားဂူ ကျောက်ထူထူများကို
ထုခွဲကာသယ်ပို့ ဝမ်းဖြည့်လိုက်ကြစို့။
ကူလိုက်ကြပါ့ နတ်,ဝိဇ္ဇာများရယ်
ညအချမ်းမှာ နွမ်းနယ်ကာပမ်း
နှိပ်လိုက်ကြစမ်း
ညအခါမှောင်ရီသန်း ပို့ပေးလိုက်စမ်း။
(သမိုင်းပြုစုသူ)



ပထမဒွာပနာပိတ်ပွဲ ကျင်းပနှဲ့

၁၃၃၁–ခုနှစ်၊ နတ်တော်လပြည့်ကျော်(၁၀)–ရက်။ (၄–၁–၇၀) တနင်္ဂနွေနေ့။ လွှတ်လပ်ရေးနေ့-တွင် တောင်ကြီးမြို့ရှိ ကျောင်းထိုင် ဆရာတော်ကြီးများ၊ သံဃာတော်အရှင်မြတ်များကို ပင့်ဖိတ်၍၊ အောက်ပလ္လင်တော်၌ ပထမဒွာပနာပိတ်ပွဲကို ဆောင်းတွင်း ခိုက်ခိုက်တုန်အောင် ချမ်းချမ်း

အေးအေးကြီးထဲတွင် စည်စည်ကားကား အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြပါသည်။

### ဒုတိယဥာပနာပိတ်ပွဲ ကျင်းပခြင်း

ပထမဥာပနာ ပိတ်ပွဲကျင်းပပြီးနောက် စေတီတော်ခေါင်းလောင်းတော်နံရံကို ဂွန်ကျောက်အုတ်များဖြင့် ပုံဖော်စီတက်လိုက်ပြီးလျှင် အလယ်မှာ ပတ္တမြားဂူမှ ကျောက်များထည့်၍ ဝမ်းစာဖြည့်ခဲ့ကြပါသည်။

(၅) တောင်ကြီးမြို့သူမြို့သားများ၏ အားကြိုးမာန်တက်ဖြင့် တည်လိုက်ကြရာ၊ နောက် **တစ်လနှင့် လေးရက်** အကြာ-

**၁၃၃၁-ခုနှစ်၊ တပို့တွဲလဆန်း(၂)ရက်။ (၈.၃.၇၀) တနင်္ဂနွေနေ့** တွင် သပိတ်မှောက်၌ ဒုတိယ-ဥာပနာ ပိတ်ပွဲကို သံဃာတော်များပင့်ဖိတ်၍၊ အောင်မြင်စွာ ဆင်ယင်ကျင်းပနိုင်ခဲ့ပါသည်။ ထိုစဉ်က ဥာပနာဘူးများစွာ လာရောက်လှူဒါန်းကြပါသည်။ ဖွင့်မကြည့်ရန် အလှူရှင်များဆိုကြသည်။

### ၃၁-ဘုံအတွက် ကြွမြန်းတက်

**၁၃၃၁-ခုနှစ်မကုန်မီ ၃၁-ဘုံသားတွေ အတွက်ထီး**တင်မည်ဟု အမိန့်ရှိခဲ့သည့်အတိုင်း ရွှေဘုန်းပွင့်စေတီတော်

(၃) ထီးတင်လှူနိုင်ရန် **၁၃၃၁-ခုနှစ်၊ နှောင်းတန်းခူးလကွယ်နေ့ ( ၆-၄-၇၀ )-ရက် တနင်္လာနေ့** တွင်- ယက္ကန်းစင်တော်

ဆရာတော်ဘုရားကြီးသည် နောက်ပါသံဃာတော်များဖြင့် တောင်ကြီးမြို့သို့ တတိယအကြိမ် ကြွရောက်လာပါသည်။ ဆရာတော်ကြီး၏ နောက်ဆုံးသာသနာပြုခရီး ကြွရောက်ခြင်း ဖြစ်သည်ဟု မည်သူမျှ မထင်ကြပါချေ။



## ကြေးထီးမိန့်မှာ သံထီးသာ

ယက္ကန်းစင်တောင်ဆရာတော်ကြီးက ရွှေဘုန်းပွင့် စေတီတော်တွင် (**ကြေးထီးတော်**)တင်လှူရန် ဆန္ဒရှိ မိန့်မှာ တော်မူခဲ့ပါသော်လည်း၊ ဦးအာစရနှင့် ဒကာအချို့က (**သံထီး တော်**)ကို ပင့်ဆောင်လာခဲ့ကြပါသည်။

**ဦးချစ်မောင်–** 'ဆရာတော်ဘုရား- ဆရာတော်မှာတာက ကြေးထီးတော်၊ အခု ထီးတော်က သံထီးဖြစ် နေပါတယ်ဘုရား'

**ဆရာတော်–** 'ငါက **ကြေးထီး** လုပ်ခိုင်းတာပဲ၊ **သံထီး**လုပ် လာတော့ လဒနားနား၊ ကျိုးနားနားကွာ'

သူတော်စင်-ရဟန်းပီပီ ဦးအာစရအား အပြစ်မဖို့တော့ပေ။

ထို့ကြောင့်- ပထမတင်လှူမည့်ထီးတော်မှာ ရည်မှန်း ထားသည့် **'ကြေးထီးတော်'** မဟုတ်ပဲ **'သံထီးတော်'** ဖြစ်ခဲ့ရပါ သည်။

ထီးတော်တင်ရန် သင်္ကြန်အကြိုနေ့ကို သတ်မှတ်ပြီး ဖြစ်၍၊ တောင်ကြီးမြို့အတွင်း ထီးတော်လှည့်လည် အပူဇော်

ခံရေးကိုသာ စိုင်းပြင်းကြပါတော့သည်။

## ငါးမည်ရပြည်ဗဟို
## တောင်ကြီးမြို့အရှေ့ဖျား
## ရွှေဘုန်းပွင့်ဘုရား

ထီးတော်လှည့်လည်အပူဇော်ခံရန်အတွက် ဘုရားဘွဲ့တော် အမည်ပေးရန် လိုအပ်လာသဖြင့် ဦးချစ်မောင်က ဆရာတော်အား ဘွဲ့အမည်ပေးရန်လျှောက်ထားပါသည်။

စေတီပန္နက် စ,ရိုက်သောနေ့က ယက္ကန်းစင်တောင် ဆရာတော်ကြီးနှင့် လိုက်ပါလာသော ဦးပဏ္ဍိစ္စနှင့် အဖွဲ့က 'မာန်အောင်ဘုရား' အမည်တွင် စေရမည်ဟု- ဆိုခဲ့ကြသဖြင့်၊ ပထမ စတင် ဤဘွဲ့အမည်ခေါ်တွင်ခဲ့သည်။

ဘုရားဘွဲ့တော်ကို ယက္ကန်းစင်တောင် ဆရာတော်ကြီးမှ ကြိုတင်အမိန့်မရှိခဲ့သဖြင့် စေတီတော်တည်ဆောက်ရေးအတွက် ပထမအကြိမ် တည်ဆောက်ရေးဂေါပကဖွဲ့စည်းရေး အစည်းအဝေး၌ 'ဓါတ်ပေါင်းစုဘုရား' သတ်မှတ်ကာ အလှူတော်ငွေ ကောက်ခံခဲ့ကြပါသည်။ ဤအမည်ကား- ဘုရားဒုတိယဘွဲ့နာမ ဖြစ်ပါသည်။။

စေတီတည်နေစဉ်အခါက အနီးကပ်ကြီးကြပ်ပေးရသော ဦးအာစာရက အတိတ်တဘောင်ထင်ကာ-

'လောကထိပ်တင် သက်တော်ရှင်ဘုရား'

ဟု ဘွဲ့အမည် မှည့်ထားခဲ့ပြန်သည်။

ထိုစဉ်က **'နှိုးဆော်စာ'** လေးတစ်ခုတွင် အောက်ပါအတိုင်းရေးထားသည်ကို တွေ့ရပါသည်။

ထိုဘွဲ့အမည်ဖြင့် နောက်ပိုင်းအလှူခံခဲ့ကြပါ၏။

နိဗ္ဗာန်ရည်သန်၍
ဒါနကုသိုလ်ဖြင့် သံသရာစီးပွါးရှာမှီးကြပါရန်
နှိုးဆော်စာ

ယက္ကန်းစင်တောင်-ဆရာတော် ဦးဩဘာသ အဘဘုရား၏ ဩဝါဒမိန့်မှာချက်အရ ၁၃၃၁-ခုနှစ်၊ အတွင်း သုံးဆယ့်တစ်ဘုံသားတို့ ကပ်ဆိုးဘေးဆိုးမှ ကျော်နင်းစေရန် ရည်သန်လျှက်၊ သုံးတယ့်တစ်တောင် ဉာဏ်တော်အမြင့် ရှိသော**'လောကထိပ်တင် သက်တော်ရှင်စေတီတော်'** တစ်ဆူကိုတောင်ကြီးမြို့အရှေ့ဘက် **နွားလားဥသဘတောင်(ခေါ်) ဘိုးမင်းတောင်** ထိပ်တွင် တည်ထားကိုးကွယ်ရန် ပန္နက်ချ သတ်မှတ်တော်မူခဲ့ပါသည်။

အဘဘုရား၏ မိန့်မှာချက်ကို ဦးထိပ်ပန်ဆင်လျှက် သားတပည့်ဖြစ်သူ မန္တလေးမြို့ ဥပုသ်ကုန်း (ရွှေဘိုဆရာတော်) မည်တွင်သာစွ ဦးအာစာရသည်၊ **၁၃၃၁-ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၁)-ရက်၊ စနေနေ့၊ နံနက် (၆း၁၀)-နာရီ** နေမြင်လယှဉ်အချိန်တွင် အုတ်မြစ်ချ မင်္ဂလာအခမ်းအနားကို ကျင်းပပြီးစီးခဲ့ပါသည်။

သုံးဆယ့်တစ်တောင် ဗဟိုမကိဋ်စေတီမဘွင် ဆယ့်တစ်တောင် အမြင့်ဆောင်သည့် ရှစ်ဆူသော စေတီရံတို့မှ ခြွေရံဝိုင်းပတ်လျက် ရှစ်မျက်နှာဖွင့် ရှစ်မြောင့်ချိုး ဆူးလေသဏ္ဍာန်မျိုးဖြင့် စေတီလုံးဖေါ် ထုတ်တည်ဆောက်ရေး ကိစ္စအလုပ်ကို မန္တလေး ရသေ့ကြီး ဦးအာစာ၏ ဘထွေးတော်သူ ဆရာကြီးဦးဖျော်မှ ဆရာဘဘုရားတို့၏အလိုတော်ကျနိုင်း ဆထောက်ရှု ရှေ့ဆောင်ညွှန်ပြမှုအောက်၌ တည်ဆောက်ရေးကော်မတီသည်၊ ၁၃၃၁-ခုနှစ် မကုန်မီ အပြီးတည်ကြမည့် အဓိဋ္ဌာန်ချက်တွင် သူတော်စဉ် ကလျာဏအပေါင်းတို့မှ သဒ္ဓါတတ်အားသမျှ အလှူဒါန-ပါဝင်ကြပါမည့်အကြောင်း လေးမြတ်စွာ နှိုးဆော်အပ်ပါကြောင်း။

လောကထိပ်တင်သက်တော်ရှင်
စေတီတော်တည်ဆောက်ရေးကော်မတီ

**ဆက်သွယ်ရန်—**

ယက္ကန်းစင်တောင်– ဦးစောလှ–မွှောရုံ၊
သာသနာ့ မဟိဒ္ဓိအဖွဲ့ချုပ်၊
ကျောက်တစ်လုံးလမ်းသွယ်၊
ရတနာပုံရပ်ကွက်၊ တောင်ကြီးမြို့။

၁၃၃၁-ခုနှစ်၊ တပို့တွဲလဆန်း (၂)-ရက်နေ့ဒုတိယ-အကြိမ် ဌာပနာပိတ်ပွဲတွင်လည်း၊ ကံဦးကျောင်းဆရာတော်ဦးမေဓိယ က ယက္ကန်းစင်တောင် ဆရာတော်မှာ တနင်္ဂနွေ

သားဖြစ်၍၊ ဘုရားဘွဲ့မည်ကို 'အောင်ဝိဇ္ဇာဦးဘုရား' ဟု ခေါ်တွင်စေရန် အမိန့်ရှိပါသည်။

ဤသို့ ဘွဲ့အမည်လေးထွေ ခေါ်တွင်နေခဲ့ပါသည်။ ထို့ကြောင့် ယက္ကန်းစင်တောင်ဆရာတော်က ထီးတော်လှည့်ရန်အတွက်- 'ရွှေဘုန်းပွင့်ဘုရား' အမည်တွင်စေ ဟု- နောက်ဆုံး ဘုရားဘွဲ့အမည်ပေးတော်မူခဲ့ပြီး၊ နောက်-

'ငါးမည်ရ ပြည်ဗဟို တောင်ကြီးမြို့အရှေ့ဖျား – ရွှေဘုန်းပွင့်ဘုရား ပေါ့ကွာ–' ဟု စာချိုးကလေး ချိုးလိုက်ပါတော့သည်။

## ထီးတော်လှည့်ပွဲ ဆင်ယင်ပုံ

ထီးတော်လှည့်လည် အပူဇော်ခံရန် ပြင်ဆင်ရာတွင် ရွှေဘုန်းပွင့်ပင်မစေတီ ထီးတော်နှင့် အရံစေတီ ထီးတော်ရှစ်ဆူ၊ စုစုပေါင်းကိုးဆူဖြစ်ပြီး၊ ဂြိုဟ်တိုင်ရှစ်တိုင်တွင် အပူဇော်ခံမည့် ကျောက်ဆင်းတုတော် ရှစ်ဆူလည်းပါဝင်သည်။

ထီးတော်များနှင့် ဘုရားများ လှည့်လည် ပူဇော်ခံပွဲကြီးကို ၁၃၃၁– ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၄)–ရက်၊ (၁၀–၄–၇၀)–ရက် သောကြာနေ့။ နနံက်(၈)–နာရီ မှ စ၍ နေ့လည် (၁၂)–နာရီအထိ။ ကျင်းပကြပါသည်။ လှည့်လည် အပူဇော်ခံသည့် ခရီးစဉ်မှာ-

၁။ ဦးစောလှ-ဓမ္မာရုံ ကျောက်တစ်လုံးလမ်းမှ ရေထွက်ဦးလမ်း

အတိုင်း မင်းလမ်းသို့ထွက်၍၊

၂။ မင်းလမ်းမှ တောင်ဘက်သို့ချိုးတက်ကာ စာတိုက်အထိ ရောက်လျှင်၊ စစ်စံထွန်းလမ်းသို့ ချိုးဝင်ပါသည်။

၃။ စစ်စံထွန်းလမ်းအတိုင်း မြောက်ဘက်သို့ ပြန်ဆင်းပြီးလျှင်၊ မြို့မဈေး-အနောက်မြောက်ဒေါင့်၊ ကုန်သည်လမ်းမှ မြို့ပတ်လမ်းသို့ ဆင်းပါသည်။

၄။ မြို့ပတ်လမ်းအတိုင်းမြောက်သို့ဆင်း၍နဂါးပွက်ကျောင်း လမ်းအတိုင်း မင်းလမ်းသို့ ပြန်ထွက်လာသည်။

၅။ မင်းလမ်းအတိုင်း တောင်ဘက်သို့တက်၍ ရေထွက်ဦးလမ်း မှ မူလစံမြန်းရာ ဓမ္မာရုံသို့ ပြန်ဝင်ခဲ့ကြပါသည်။

ထီးတော်များ ဆင်းတုတော်များကို အများပူဇော်ခံ သဒ္ဓါပွားနိုင်ရန် (၉.၄.၇၀)-ရက် မှ (၁၁.၄.၇၀)-ရက် အထိ ဓမ္မာရုံတွင် အပူဇော်ခံပြီး၊ (၁၂-၄-၇၀)-နေ့ တွင် နွားလား ဥသဘတောင်ပေါ် သို့ ဆင်တဲစခန်းလမ်းဘက်မှ လက်ဆင့် ကမ်း ပင့်ဆောင်ကြပါသည်။



## စခန်းထောက် ဖြစ်မယ်

ထီးတော်ကို ဆင်တဲမှ တစ်ဆင့် တောင်ပေါ် သို့သယ် ဆောင်ရာတွင် ဆရာတော်ကြီးက မိန့်တော်မူသည်မှာ-

**'ဆင်တဲနဲ့ ပတ္တမြားဂူဟာ နောင်မှာ ရွှေဘုန်းပွင့်ဘုရား ရဲ့ စခန်းထောက်တွေ ဖြစ်မယ်'**

ယခုလည်း ရွှေဘုန်းပွင့်ဘုရားသို့ ဘုရားဖူးလာသူများ ဘုရားဖူးနောက် ပတ္တမြားလှိုဏ်ဂူ နှင့် ဆင်တဲနဂါးရေထွက်သို့ သွားရောက်တတ်ကြပါသည်။

ကျောက်တစ်လုံးဘက်မှ တက်ရောက်ကြသူများမှာလည်း ရွှေဘုန်းပွင့်မရောက်မီ ဆင်တဲနဂါးရေထွက်နှင့် ပတ္တမြားလှိုဏ်ဂူတွင် ခရီးတစ်ထောက်နားကြပါသည်။



## မှတ်တမ်းတင် အလှူရှင်

ရွှေဘုန်းပွင့်စေတီ တည်ရာတွင် တောင်ကြီးမြို့ မှ သဒ္ဓါတရားထက်သန်ကြသော မြို့သူမြို့သားများနှင့် မြန်မာနိုင်ငံ အရပ်ရပ်မှ ဒကာ ဒကာမများ၊ ဘုရားဖူးများကလည်း ၅-ပြား၊ ၁၀-ပြား မှအစ လှူဒါန်းကြပါသည်။ ထိုစဉ်က-

သဲနု သဲကြမ်း တစ်ကျင်း - - - ၁၂/၃၀ါး
ဘိလပ်မြေတစ်အိပ်လျှင် - - - ၁၀/-
ကမ္ဘာကျောက် တစ်ကျင်း - - - ၃၅/-
ထုံးတစ်အိတ်- - - - - - - - - - ၇/-
ရေနံဆီ တစ်ဂါလံ - - - - - - - ၁/၅၀ါး
၄-ပေမီးချောင်း တစ်ချောင်း -- ၈/-

စာရင်းရှင်းမှတ်တမ်းများ အရ သိရပါသည်။

နှစ်ပတ်လည်စာရင်းရှင်းတမ်းအရ သီးသန့်လှူခဲ့ကြသော သမိုင်းဝင်အလှူရှင်များ ဝမ်းမြောက်ဖြစ်စေရန် သမိုင်း

ရေးသူမှ ရှာဖွေတင်ပြပေးလိုက်ပါသည်။

ဦးပေါစံ+ဒေါ်စိန်လှ(မိသားစု) **စိန်ဖူးတော်** ၃၀၁၀ိ/-
ဦးသောင်းဖေ+ဒေါ်မြင့်မြင့် (ပြည်သူ့မေတ္တာဆေးလိပ်ခုံ)
**ပင်မထီးတော်**ကို ၅၀၀ိ/-ကျပ် ကို မတည်ထားပြီး ကျန်ငွေကို ၇-ရက်သားသမီး အများကောင်းမှုဖြင့် ပါဝင်၍ လှူဒါန်းကြသည်ကို တွေ့ရပါသည်။ တန်ဖိုး ရေးမထားပါ။

## အရံစေတီ ရှစ်ဆူအလှူရှင်များ–

| | | |
|---|---|---|
| ဦးထွန်းတင်(ပတ္တမြားဆေးလိပ်ခုံ) | တစ်ဆူ | ၁၄၀၀ိ/- |
| ဒေါ်သန်းကြည် | နှစ်ဆူ | ၂၆၀၂ိ/၅ဝါး |
| ဦးသာဒင်(ဒေါ်စိန်လှ-အကို) | တစ်ဆူ | ၁၄၇၅ိ/- |
| ဦးစဝ်သာတင့်+ဒေါ်စဝ်မြစ်ဦး | တစ်ဆူ | ၁၄၂၈ိ/- |
| ဦးထွန်းရင် | တစ်ဆူ | ၁၄၀၀ိ/- |
| နဂါးကမ္ဘာလုံးအပ်ချုပ်ဆိုင် | တစ်ဆူ | ၁၅၀၀ိ/- |
| ဦးစိန်တင် (ကျားပျံဆေးလိပ်) | တစ်ဆူ | ၁၀၀၀ိ/- |

စုစုပေါင်း-အရံစေတီ ရှစ်ဆူ ဖြစ်ပါသည်။

## အရံစေတီ–ထီးတော် အလှူရှင်များ

| | |
|---|---|
| ဦးမောင်မောင်(ဆည်မြောင်း)+ဒေါ်ခင်မြင့် | ၃၀၀ိ/- |
| ဗိုလ်ကြီးမောင်အေး+ဒေါ်ဌေးဌေး (ဆေးတပ်) | ၃၀၀ိ/- |

| | |
|---|---|
| ဒေါ်သန်းနု | ၃၀၀ိ/- |
| ဒေါ်ချစ်ဖြူ | ၂၅၀ိ/- |
| ဦးသက်ရှည် | ၃၀၀ိ/- |
| ဦးအောင်ဖေ (မိုးထီဆိုင်) | ၂၀၀ိ/- |
| ဦးစဝ်သာတင့်+ဒေါ်စဝ်မြစ်ဦး | ၅၅၀ိ/- |
| ဦးတင်ဝင်း+ဒေါ်စန်းစန်းနွယ် | ၃၁၅ိ/- |

စုစုပေါင်း-အရံစေတီထီး ရှစ်လက်ဖြစ်ပါသည်။

## ဖြိုဟ်တိုင် ရှစ်တိုင်အလှူရှင်များမှာ–

| | |
|---|---|
| ဦးကျော်ရှိန်+ဒေါ်တုတ်(ကျွန်သည်လမ်း) | ၆၄၀ိ/- |
| ဦးကျင်ဟောင်း | ၃၅၀ိ/- |
| ဦးစံဝမ်း+ဒေါ်လှိုင်ဝေ့ (ကူညီကုန်း) | ၄၄၄ိ/- |
| ဒေါ်ကြင်လှိုင် (ဝါးတန်း) | ၃၀၀ိ/- |
| ဒေါ်အေးခင် (ချူးဆေးလိပ်ခုံ–မိုးကုတ်) | ၃၀၀ိ/- |
| ဦးကောစံ+ဒေါ်ကျင်မြိုင်(တောင်ကြီး) | ၃၀၀ိ/- |
| ဦးကျော်လှ+ဒေါ်ညွန့် (စစ်စံထွန်းလမ်း) | ၂၅၀ိ/- |
| ဦးကျော်လွင်+ဒေါ်ရီ (အောင်ပန်း) | ၅၀၀ိ/- |

စုစုပေါင်း-ဖြိုဟ်တိုင် ရှစ်တိုင် ဖြစ်ပါသည်။

**သီးခြား အလှူရှင်များမှာ–**

ဒေါ်တုတ်ဆေးလိပ်ခုံ (ဌာန်းကျောက်-၅၀၀၀-လုံး) အတွက်-
တောင်ပေါ်အရောက် ၁၅၆၀ိ/-
ဦးဆန်းမြင့်(ရေကန်မ,တည်ငွေ) ၄၀၀ိ/-
ဦးအေးမောင်+ဒေါ်ကြင်(ဆန်ကုန်သည်) ၂၅၀၀ိ/-
ရေစက်တစ်လုံး
ဦးတင်ဝင်း (ဓမ္မာရုံ-မ,တည်ငွေ) ၃၀၀ိ/-
ဦးသောင်းဖေ (နတ်စင်အတွက်) ၁၀၀ိ/-

ရွှေဘုန်းပွင့်ဘုရား တည်ရာတွင် ပေးရန်ကျန်ရှိငွေမှာ ၄၅၀၀ိ/-ကျပ်အပါ၊ စုစုပေါင်းကုန်ကျငွေမှာ-**၅၈၀၅၆/–၇၃ါး** ဖြစ်ကြောင်း တွေ့ရှိရပါသည်။

ထိုပေးရန် ငွေကျန်ရှိသည်ကို ဆရာတော်ကြီး အား လျှောက်ထားရာ ဆရာတော်ကြီးက ဆက်လက် ဆောင်ရွက်ရန် မှာကြားခဲ့ပါသည်။ မကြာမီ ပေးဆပ်နိုင်ခဲ့ပါသည်။



**ထီးတော်တင်ပွဲ ချိမ့်ချိမ့်သဲ**

ထီးတော်များ လှည့်အပြီး နောက် သုံးရက်အကြာ မင်္ဂလာရက်မြတ်ဖြစ်သော-

**၁၃၃၁–ခုနှစ်၊ နှောင်းတခူးလဆန်း (၇)ရက်နေ့။**
**(၁၃–၄–၇၀)–ရက်၊ အင်္ဂါနေ့၊ နံနက် ၉–နာရီ**
**သင်္ကြန်အကြိုနေ့**

အချိန်တွင် ရွှေဘုန်းပွင့်စေတီတော်ကြီး ပင်မထီးတော်နှင့် အရံစေတီထီးတော် ၈-ဆူကိုတင်လှူခဲ့ပါသည်။လုပ်အားပေး ကုသိုလ်ပါဝင်ကြသူများနှင့် မြို့သားမြို့သူများနှင့် အလွန်စည်ကားလှပေသည်။ ထီးတော်ကို ဆရာတော်ကြီးကိုယ်တိုင် အောင်မြင်စွာ တင်လှူနိုင်ခဲ့ပြီး၊ ဘုရားကို အနေကဇာတင်ခြင်း တဆက်တည်း ပြုခဲ့ကြပါသည်။



## ကောင်းကင်မော့ ဘုရားဖူးလို့ရပြီ

ရွှေဘုန်းပွင့်ဘုရားထီးတင်ပြီး ဆရာတော်က စေတီတော်အား ညဘက်တွင် မီးပူဇော်ပြီး ကြည်ညိုရန် မီးချောင်းများကိုတပ်ဆင်ခိုင်းသည်။ ညရောက်သောအခါ တက္ကသိုလ်ဘုန်းနိုင်အား ရုတ်တရက်ခေါ်၍-

**ဆရာတော်–** 'ဘုန်းနိုင် ဂျစ်ကားသွားယူကွာ'

တက္ကသိုလ်ဘုန်းနိုင် ကားမောင်းလာပြီး-

**ဘုန်းနိုင်–** 'ဆရာတော် ကားရောက်ပါပြီဘုရား'

**ဆရာတော်–** 'မြို့ပေါ် မင်းလမ်းကနေ တောက်လျှောက် ရွှေဘုန်းပွင့်ဘုရား မီးပူဇော်ထားတာ ဖူးမလို့ ကြည်ညိုမလို့ကွ'

လှည့်လည်ကြည်ညိုယင်း-

**ဆရာတော်–** 'ဘုန်းနိုင် ကြည်ညိုစရာ မကောင်းဘူးလား တောင်ကြီးမြို့မှာကောင်းကင်မော့ ဘုရားဖူး

လို့ရပြီ ဘုရား'

ထို့နောက်-

**ဆရာတော်**— 'တောင်ပေါ်ကိုတက်ပြီး ဖူးဦးမယ်ကွာ။ တောင်ပေါ်ကို မောင်းဟေ့-'

**ဘုန်းနိုင်**— 'ဆရာတော် ခါတ်ဆီနည်းနေလို့ ခါတ်ဆီ ဖြည့်လိုက်ပါဦးမယ်ဘုရား-'

**ဆရာတော်**— 'ရပါတယ်ကွာ မောင်းသာ မောင်းပါ-'

တက္ကသိုလ်ဘုန်းနိုင် သတိနှင့်မောင်းတက်လာရာ တောင်ပေါ်သို့ ရောက်ရှိသွားပါသည်။

ဆရာတော်သည် ဆီမီးများဖြင့် ဘုရားကို ပူဇော်ပြီး အမျှပေးဝေပြီး ပြန်ဆင်းလာပါသည်။

ရုပ်ဝါဒီအမှု နတ်စစ်သူကြီးထု

ထီးတော်တင်အပြီး သုံးရက်မြောက် (၁၅–၄–၇၀) **သင်္ကြန်အကြတ်နေ့** တွင်- ဆရာတော်ကြီးက ဦးချစ်ဖေ နှင့် ဦးတင်ဝင်း တို့အားခေါ်၍၊ ရွှေဘုန်းပွင့်ဘုရား၏ တနင်္ဂနွေထောင့်တွင် **အရှေ့ဘက်သို့ ဘယ်ဘက်လက် ဆန့်ကာတားနေဟန်** တရုတ်နတ်စစ်သူကြီးပုံရုပ်တု ကို ထုလုပ်ရမည်ဟု မိန့်ပါသည်။

မည်သူကမျှ တရုတ်နတ်စစ်သူကြီးပုံကို မမြင်ဘူးချေ။ ဆရာတော်အား မည်သို့ထုရမည်ကို လျှောက်ထား၏။

ဆရာတော်– ‘ အောင်ပန်းစော်ဘွား ဦးထွန်းအေးအိမ်မှာ ရှိတယ် သွားရှာကြ ’ ဟု မိန့်လိုက်လေ၏။

အောင်ပန်းစော်ဘွား ဦးထွန်းအေးသည် ဦးစဝ်သာတင့်၏ယောက္ခမဖြစ်သည်။ ထို့ကြောင့် ဦးစဝ်သာတင့် ကိုယ်တိုင်သွားရှာရာ- ဦးစောထွန်းအေး၏အိမ် ဧည့်ခန်း၌ ပိုးဖြင့်ယက်လုပ်ထားသော တရုတ်နတ်စစ်သူကြီးပုံပါ ခန်းဆီးလိုက်ကာ အရွယ်ပိတ်စကလေးတစ်ခု အလှချိပ်ထားသည်ကို တွေ့ရပါသည်။

သို့နှင့် ထိုပုံကိုဆရာတော်ကြီးထံ ဆက်ကပ်ခဲ့ကြ၏။ ဆရာတော်ကြီးက ညတွင်းချင်းအပြီးလုပ်ရန် မိန့်ကြားတော်မူသဖြင့် ထိုပိတ်စကို ကြည့်ပြီး အောက်လင်းဓါတ်မီးထွန်း၍ ထုလုပ်ကြရသည်။ မိုးမလင်းမီ ပြီးစီးခဲ့ပါသည်။

(ဦးစပ်သာတင့်၏ ယောက္ခမ- ဦးစောထွန်းအေးသည် မြန်မာနိုင်ငံ၏ပထမဦးဆုံး လူဝင်မှုကြီးကြပ်ရေးဝန်ကြီးတာဝန်ထမ်းဆောင်စဉ်အခါ တရုတ်ပြည်သို့ ချစ်ကြည်ရေးခရီးအဖြစ် သွားရောက်ခဲ့ရသည်။ တရုတ်ပြည်မှ အပြန်တွင်လက်ဆောင်အဖြစ် ရလာသော တရုတ်နတ်စစ်သူကြီးပုံပါ ပိုးပိတ်စကလေး ဖြစ်ပါသည်။)

ဦးချစ်မောင်၊ ဦးတင်ဝင်းတို့သည် မည်သည့် ကိစ္စအကြောင်းကြောင့်လုပ်သည်ကို သိရှိလိုသဖြင့် ဆရာတော်ကြီးအားမေးလျှောက်သော်-

**ဆရာတော်–** 'မင်းတို့ ခုတလော ဘာသတင်းထူးကြား ကြ သလဲ-' ပြန်မေးလိုက်သည်။

**တပည့်များ–** 'တပည့်တော်တို့ ဘာမှမကြားမိပါဘုရား-' ပြန်လျှောက်ထားကြ၏။

နောက် ၂-ရက် ၃-ရက်ခန့်အကြာတွင် သတင်းစာထဲ၌ ကြူကုပ်ကို လာတိုက်ကြသော အင်အား ၁၅၀၀-ခန့်ရှိသော ဗကပ-စစ်တပ် သည် နောက်သို့ ပြန်လည်ဆုတ်ခွါသွားကြောင်း သတင်းထူးဖတ်မိရလေသည်။

ထိုသတင်းကို ဆရာတော်ကြီးအားလျှောက်ထားရာ-

**ဆရာတော်–** 'ရုပ်ဝါဒီသမားတွေ ဘယ်ခံနိုင်မှာလဲကွ-' ဟုသာ မိန့်ကြားလိုက်ပါတော့သည်။

**ဆွမ်းဆန်စိမ်းအစ ရွှေဘုန်းပွင့်က**

**၁၃၃၂–ခုနှစ်၊ တန်ခူးလဆန်း(၁၁)–ရက်၊ စနေနေ့** (၁၇–၄–၇၀) ရက်ရွှေဘုန်းပွင့်ဘုရား ထီးတော်တင်အပြီး ဘုရား၏ **ဝေယျာဝစ္စလုပ်ခဲ့ကြသူ အမျိုးသား (၂၄)–ဦးကို** ဒုလ္လဘရဟန်း ခံစေခဲ့ပါသည်။

**၁၃၃၂–ခုနှစ်၊ တန်ခူးလပြည့်နေ့၊** (၂၁–၄–၇၀) ရက်၊ **ဗုဒ္ဓဟူးနေ့တွင် ကန်ဦးကျောင်းမဏ္ဍပ် ၌၊ သံဃာတော်(၇၅)ပါး** ပင့်ဖိတ်၍၊ ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို စည်ကားစွာဖြင့် လောင်းလှူခဲ့ကြပါသည်။

နှစ်စဉ် နှစ်တိုင်းလည်း ဤသို့ဆွမ်းဆန်စိမ်း လောင်းလှူပွဲကျင်းပသွားရန် မိန့်ကြားခဲ့ပါသည်။ ဆရာတော်ကြီး၏ မိန့်ကြားချက်အရ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို နှစ်စဉ်မပြတ်ကျင်းပလာခဲ့ရာ ယနေ့တိုင်ပင်ဖြစ်ပါတော့သည်။

ထို့ကြောင့်-

**'တောင်ကြီးမြို့မြို့လုံးကျွတ်ဆွမ်းဆန်စိမ်းလောင်းလှူပွဲအစ ရွှေဘုန်းပွင့်က'** ဟု သမိုင်းတင်ရပါမည်။

၁၉၉၉-ခုနှစ် မှစ၍ 'တောင်ကြီးမြို့-မြို့လုံးကျွတ်ဆွမ်းဆန်စိမ်းလောင်းလှူပွဲ' ကို ရှမ်းပြည်နယ်-အုပ်ချုပ်ရေးပိုင်း မှ ပြောင်းလွှဲ ဦးစီးတာဝန်ယူ ကျင်းပခဲ့ကြပါသည်။

## မီးပူဇော်ရန် ကန့်ကွက်ပြန်

ဘုရားတည်ပြီးဖြစ်သည့်အတွက် ဆရာတော်ကြီးသည် စေတီတွင် ညဘက်မီးများကို ထွန်းညှိဘုရားမီးပူဇော်ပါသည်။ ထိုအခါ သစ်တောဌာနက ဆီမီးမထွန်းရန် ကန့်ကွက်မှုများပြုလာကြပါသည်။

အင်ဂျင်စက်ဖြင့် မီးထွန်းပူဇော်သောအခါတွင်လည်း သားငှက်တိရစ္ဆာန်များ ထိတ်လန့်ကုန်မည်ဖြစ်သောကြောင့် အင်ဂျင်-မီးစက်လည်း မမောင်းရပေ။

ထို့ကြောင့် ဆရာတော်ကြီးက (၇-၄-၇၀) - နေ့စွဲပါစာဖြင့် သစ်တောဌာနကို (၈-၄-၇၀)-ရက် မှစတင်မီး

ထွန်းညှိ ပူဇော်မည်ဖြစ်ကြောင်း၊ အကြောင်းကြားလိုက်ပါသည်။

သစ်တောဌာနမှလည်း (၈-၄-၇၀)-နေ့စွဲ စာဖြင့် ဆီမီးထွန်းညှိပါက တရားစွဲရမည်ဖြစ်ကြောင်း အကြောင်းပြန်လာပါသည်။

ဆရာတော်ကြီးက (၉-၄-၇၀)-နေ့စွဲပါ စာဖြင့်ထပ်မံ၍ သစ်တောမင်းကြီးချုပ် ရန်ကုန်မြို့သို့ စာရေးအကြောင်းကြားပါတော့သည်။ စာတွင်-

(၁) ရွှေဘုန်းပွင့်ဘုရား မီးပူဇော်ခြင်းကို တောင်ကြီးခရိုင်သစ်တောရုံးမှ ခွင့်မပြုကြောင်း-
(၂) ဘုရားစေတီရှိလျှင် ပန်း,ရေချမ်း,ဆွမ်း,ဆီမီး, ဆက်ကပ်ပူဇော်သည်မှာ ဗုဒ္ဓဘာသာ ဓလေ့ထုံးတမ်းဖြစ်ကြောင်း။
(၃) လျှပ်စစ်မီးရောင်ကြောင့် သားငှက်တိရစ္ဆာန်တို့ မထိတ်လန့်သည့်အပြင် ဒေါင်း,တောခွေး,ဂျီ,တောကြက်,ကျားသားအမိ စသောတိရစ္ဆာန်တို့ ညစဉ်လာရောက် ကျက်စားလျက်ရှိသည်ကို တွေ့ရပါသည်။
(၄) ခရိုင်သစ်တောမင်းကြီး ထင်သကဲ့သို့ မဟုတ်ကြောင်း။

စာရေးပြန်အကြောင်းကြားလိုက်ပြီး၊ အင်ဂျင်မီးစက်ဖြင့် စေတီတော်အား မီးဆက်လက် ပူဇော်ခဲ့ကြပါသည်။



## မီးထွန်းညှိရေး အစည်းဝေး

ဤသို့ မီးထွန်းညှိပူဇော်ရေး ပြဿနာဖြစ်နေစဉ်-

၁၉၇၀-ခုနှစ်၊ ဇွန်လ၊(၃၀)-ရက်နေ့နံနက်(၉း၂၃၀) နာရီအချိန်တွင် ရ. ပ. ခတိုင်းရုံးခန်းမတွင်ရွှေဘုန်းပွင့်ဘုရားဆီမီးထွန်းညှိရေးအတွက်အစည်းအဝေးပြုလုပ်သည်။ အစည်းအဝေးသို့ တက်ရောက်ကြသူများမှာ-

၁။ ဗိုလ်မှူးကြီးတင်မြတ် တိုင်းဦးစီးချုပ် (ရ. ပ. ခ)
၂။ ဒု-ဗိုလ်မှူးကြီး သိန်းမောင် ဥက္ကဋ္ဌ (ခလက) တ/က
၃။ ဦးလှငွေ ညွှန်ကြားရေးမှူး တ/က
၄။ ဦးလှ တိုင်းမင်းကြီး တ/က
၅။ ဦးမြင့်ဆွေ သစ်တောမင်းကြီး တ/က
၆။ ဦးခင်မောင်တင့် ကျောင်းအုပ်ကြီး တ/က
၇။ ဦးတင်ဝင်း ဌာနခွဲမန်နေဂျာ (ကသရ)
၈။ ဗိုလ်မှူးဘမောင်အတွင်းရေးမှူး (ပလက)တို့ဖြစ်ကြသည်။

တိုအစည်းအဝေးပွဲတွင် တိုင်းဦးစီးချုပ် ဗိုလ်မှူးကြီး တင်မြတ် က-

-ရွှေဘုန်းပွင့်စေတီတော် ဖြစ်မြောက်ရေးကော်မတီမှ သက်ဆိုင်ရာ၏ ခွင့်ပြုမိန့်ဖြင့် စေတီတည်ပြီး ကိုယ်ပိုင်မီးစက်ဖြင့် မီးပူဇော်လျက်ရှိသည်။

-ခရိုင်သစ်တောဝန်မှလည်း ဘေးမဲ့ကြိုးဝိုင်းဖြစ်သဖြင့် သား

ငှက်တိရစ္ဆာန်များ နေထိုင်ရေးထိခိုက်မည်စိုး၍ မီးပူဖောင်းခြင်းကို ရပ်ဆိုင်းပေးရန် ကန့်ကွက်ခဲ့ပါသည်။

-ယင်းကိုဆရာတော်မှလည်း ကန့်ကွက်ချက်များအရ ထိခိုက်မှုမရှိကြောင်း ထို့ကြောင့် ဆက်လက်မီးပူဖောင်းခဲ့သည်။

-ထိုကိစ္စကို ခရိုင်လုံခြုံရေးနှင့်အုပ်ချုပ်မှုကော်မတီ။ ထိုမှ-ရှမ်းပြည်နယ်တောင်ပိုင်း တိုင်းလုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ။ ထိုမှ-

ရှမ်းပြည်နယ်လုံခြုံရေးနှင့်အုပ်ချုပ်မှုကော်မတီ။ ထိုမှတစ်ဆင့် မိမိတို့ထံ ရောက်လာပါသည်။

-ထိုဖြစ်ရပ်သည် ယခင်တိုင်းမှူး ဗိုလ်မှူးကြီးသူရ-အောင်ဖေ လက်ထက်မှစ၍ ဆောင်ရွက်လာသည့်ကိစ္စဖြစ်သည်။

-၄င်းကိစ္စနှင့်ပတ်သက်၍ စာရွက်စာတမ်းများလည်း တွေ့ရှိရပါသည်။

-သက်ဆိုင်ရာမှလည်း ခွင့်ပြုထားပြီးဖြစ်၍ မီးထွန်းခွင့်ပြုရမည်ဖြစ်ကြောင်း။

-ဂေါပကမှသစ်တောမီးမလောင်ရေး၊ ဘုရားဖူးများ သစ်ပင်မခုတ်ရေးတို့ကို တာဝန်ယူရမည်ဖြစ်ကြောင်း။

အဆုံးအဖြတ်ပေးလိုက်သည်။ ဤတွင် စေတီတော်မီးထွန်းပူဖောင်းရေးကိစ္စသည် စေတီတည်အပြီး ၂-လအကျော် အကြာတွင် ပြီးစီးအောင်မြင်သွားပါတော့သည်။



**ရည်ရွယ်ချက်မှန် သံဃာအပ်နှံ**

ရွှေဘုန်းပွင့်ဘုရား တည်ပြီး၊ ဆရာတော်ဘုရားသည် စေတီနှင့်ပတ်သက်၍ နောင်အခါ၌ ပြဿနာများ မပေါ်ပေါက်စေရန် ရည်ရွယ်ချက် ကြီးမားစွာဖြင့် အောက်ပါအတိုင်း သံဃာတော်အားလျှောက်ထားကာ ရွှေဘုန်းပွင့်ဘုရားကိုအပ်နှံခဲ့ပါသည်။

**ယက္ကန်းစင်တောင်ဆရာတော် ဦးဩဘာသ၏**
**သံဃာတော်အရှင်သူမြတ်တို့များအား**
**ပန်ကြားလျှောက်ထားချက်**
**(စာတမ်း)**

တောင်ကြီးမြို့ သံဃာဂိုဏ်းလုံးဆိုင်ရာ မင်္ဂလာရာမဂိုဏ်းထောက်ဆရာတော်ကို အမှူးပြု၍ သံဃာတော်အရှင်သူမြတ်အပေါင်းတို့ဘုရား---

တောင်ကြီးမြို့ အရှေ့ဖျား နွားလားဥဿဘမည်တွင် တောင်ထိပ်တွင် အားလုံးသောမြို့သူ/သား၊ နယ်သူ/သားများမကျန် အများပြည်သူ ရှင်လူရဟန်း၊ လူမျိုးမရွေး ဘာသာမရွေး ကိုးကွယ်ဆည်းကပ် နိုင်စိမ့်သောငှါ- သုံးဆယ့်တစ်တောင် အမြင့်ဆောင်သော ရွှေဘုန်းပွင့်- စေတီတော်မြတ်ကြီးကို ဘုရားတပည့်တော်မှ ရှေ့ဆောင်ကြီးမှူးလျက်တည်ထား ကိုးကွယ်ထားခဲ့ပါသည်။

ဘုရားတပည့်တော်မှာ- တောင်ကြီးမြို့တွင် ထာဝရ

အမြဲ သီတင်းသုံးနေထိုင်ခြင်းငှာ၊ မတတ်စွမ်းနိုင်သည့်အပြင်၊ မကြာမီ အောက်ပြည်အောက်ရွာသို့ ကြွရောက်မည်ဖြစ်ပါသဖြင့်၊ ယခုတည်ထားပြီးဖြစ်သော ရွှေဘုန်းပွင့် စေတီတော်မြတ်ကြီး၏ ရှေ့တိုးတက်ရာတိုးတက်ကြောင်း ဗုဒ္ဓဝေယျာဝစ္စကိစ္စအဝဝကို ဆက်လက်ဆောင်ရွက်အားထုတ်ရန် အပြီးအပိုင် လွှဲအပ်ထားရှိသော ဗုဒ္ဓ-ဓမ္မ-သံဃ ဝေယျာဝစ္စ အဖွဲ့ဝင်ပုဂ္ဂိုလ်တို့မှ စေတီတော်မြတ်ကြီး၏ တိုးတက်စည်ပင်ပြန့်ပွားရာ ပြန့်ပွားကြောင်း ဆောင်ရွက်မှုတို့၌ အရှင်သူမြတ်တို့၏ ဩဝါဒကို ခံယူခဲ့ပြီး ခံယူဆဲ ဖြစ်သည့်အပြင် လိုအပ်သော ဩဝါဒညွှန်ကြားမှု တို့ကိုလည်း အထက်ပါ ရွှေဘုန်းပွင့် ဗုဒ္ဓဂေါပကအဖွဲ့အား သာသနာ့အကျိုး မျှော်ကိုးလျက်- အခါအားလျော်စွာ မိန့်ကြားသမှုပြုပါရန် လေးမြတ်စွာ လျှောက်ထား ပန်ကြားအပ်ပါသည် ဘုရား။

ဦးဩဘာသ

ယက္ကာန်းစင်တောင်ဆရာတော်

## ယက္ကန်းစင်တောင်ဆရာတော်
## ထေရုပ္ပတ္တိအကျဉ်း



မွေးဖွားရွာက မြေပုံကန်

ယက္ကန်းစင်တောင်ဦးသြဘာသသည် စဉ့်ကူးမြို့နယ် အပါအဝင် စကျင်တောင်အနီး မြေပုံကန်ရွာ၌၊ **ကောဇာ သက္ကရာဇ် ၁၂၀၂–ခုနှစ်၊ တပေါင်းလဆန်း (၉)ရက်တနင်္ဂနွေ နေ့ နံနက်(၇)နာရီ အချိန်တွင် အဘ–ဦးရာကျော်၊ အမိ– ဒေါ်မယ်ပွင့်၊** တို့မှ မွေးဖွားသော **သားကြီး**ဖြစ်သည်။

ငယ်နာမည်မှာ **မောင်ကွန်း** ဖြစ်သည်။ အသက် ၁၄-နှစ်အရွယ်တွင် မွေးသမိခင် မွေးသဘခင်တို့က သာသနာ့ ဘောင်၌ ရှင်သာမဏေအဖြစ် သွတ်သွင်းပေးခဲ့သည်။ နုစဉ် ကာလ **ရှမ်းမြောင်ရိုးကျောင်း–ဆရာတော်**ထံ၌ လောကီ- လောကုတ္တရာ ပညာရင်နို့သောက်သုံးခဲ့ရာ- အထူးသဖြင့် လောကီပညာရပ်များကို တတ်မြောက်ခဲ့ပါသည်။

မောင်ကွန်းတွင် မလှဝင်း အမည်ရှိသော နှမတစ်ဦး သာရှိ၍ ရေနံ့သာရွာတွင်နေထိုင်စဉ် ကွယ်လွန်ခဲ့သည်။

ရှမ်းမြောင်ရိုးဆရာတော်က မောင်ကွန်းအား နောင် သောအခါ ပညာထူးချွန်မည့် ပုဂ္ဂိုလ်မှန်းသိရှိသဖြင့် ကျောင်း သားဘဝမှ သာမဏေဘောင်သို့ ချီးမြှင့်ပြီး၊ လောကီဗေဒင် ဆေးကျမ်းနှင့်အခြား လောကီပညာရပ်တို့ကို သင်ကြားပြသ

ပေးခဲ့သည်။

## ရဟန်းဖြစ်တာ ဘုတလင်မှာ

ထို့နောက် သက္ကရာဇ် ၁၂၅၆–ခုနှစ်၊ တွင် ဘုတလင်မြို့ တောင်ကလာပ်၌ နေထိုင်တော်မူသော သိက္ခာတော် ၃၇-ဝါရ ဆရာတော်–ဦးရာဇိန္ဒ ထံတော်၌ အန္တေဝါသိ တပည့်ခံယူပြီးလျှင်- ထိုနှစ် တန်ခူးလဆန်း(၇)–ရက် သောကြာနေ့တွင် ရဟန်းဒကာ– (အင်စပက်တော်ကြီး) ဦးပေါက်ပွင့်၊ ရဟန်း–ဒကာမ ဒေါ်ဘန်း တို့၏ စတုပစ္စယနုဂ္ဂဟကို ခံယူပြီးဆရာတော်–ဦးရာဇိန္ဒ အား ဥပဇ္ဈာယ်၍ ကာရကသံဃာ ၃၇–ပါး ၏ချီးမြှောက်မှုဖြင့် မြင့်မြတ်သော ရဟန်း-ဦးဩဘာသ အဖြစ်သို့ ရောက်ရှိခဲ့လေသည်။

အမြို့မြို့ အနယ်နယ်မှ ဒကာ-ဒကာမများ၏ ပင့်လျှောက်ချက်အရ သီတင်းသုံးနေထိုင်ခဲ့သည်။

ဦးဩဘာသသည် မဆုတ်မနစ်သော ဇွဲလုံ့လဝီရိယစိုက်ထုတ် ပညာသင်ကြားသောကြောင့်၊ အရွယ်နှင့်မလိုက်အောင် အပြင်အောင်ခြင်း၊ အတွင်းအောင်ခြင်း၊ နမက္ကာရပရိတ်ကြီး၊ လောကနီတိ၊ သဒ္ဒါ၊ သင်္ဂြိုဟ်ကျမ်း တို့ကိုတတ်ကျွမ်းခဲ့၍ နှုတ်တတ်အာဂုံဆောင်နိုင်ခဲ့သည်။

ဆရာတော်ဦးဩဘာသသည် ဟသ်ာရွာမတွင် ၃၉-ဝါတိုင်တိုင် သီတင်းသုံးပြီး သတ္တဝါများကို မေတ္တာရှေ့ထား၍

ဝေဒနာပျောက်ကင်းအောင် မိမိဆည်းပူးခဲ့သော ပညာဖြင့် ကယ်တင်ခဲ့သည်။

## အသက်ရှည်စွာ သာသနာပြု

ယက္ကန်းစင်တောင်ဆရာတော်တွင် တပည့် ၄-ဦးရှိသည်။ (၁) ဆရာချန်။ (၂) ဆရာဆိုင်။ (၃) ဆရာလှိုင်။ (၄) ဆရာရဲသူ။ တို့ဖြစ်ကြသည်။

ဆရာတော်ဦးသြဘာသသည် ဂန္ဓာရီလောကီပညာရပ်ကို ဆုံးခန်းတိုင်အောင် လေ့လာလိုက်စားတော်မူခဲ့သည်။ အောင်မြင်ပေါက်ရောက် ခရီးရောက်ကြောင်း သိရှိရသောအခါ ကိုရင်ကြီးအဖြစ်ပြောင်းကာ **သဗျော့တောင်**တွင် သိတင်းသုံးတော်မူပြီး လည်းကောင်းတောင်ပေါ်တွင် အနောက်အရပ်ကိုမျက်နှာမူသည့် **ဆုတောင်းပြည့်စေတီ**ကို တည်ထားခဲ့လေသည်။

သဗျော့တောင် (သို့) (ယခု)-ယက္ကန်းစင်တောင် ၏ အရှေ့မြောက်ဘက် တောင်ခြေတွင် သီရိလက်ာမှ မဟိန္ဒမထေရ်က သမုတ်ခဲ့သော ရဟန္တာသိမ်တော် တစ်ခုရှိသည်။

**'သ'** သည် သောကြာ (၆) ဂဏန်း၊ **'ဗျော့'**သည် ကြာသပတေး (၅)ဂဏန်း၊ **'တောင်'**သည် စနေ(၇) ဂဏန်း၊ ပေါင်းလျှင် (၁၈)ဖြစ်ပြီး၊ ထပ်ပေါင်းလျှင်(၉)နဝင်းရသည်။

ယက္ကန်းစင် ကိုလည်း နေ့နံပေါင်းလိုက်လျှင် (၉)-န

ဝင်းရပါသည်။ သို့အတွက် သဗျောတောင်ခေါ် ယက္ကန်းစင်တောင်ကို **'ဂူကိုးလုံးတောင်'** ဟုလည်းခေါ်ကြသေး၏။

ဆရာတော်သည် သက်တော် (၂၆)-နှစ် မှစ၍ မိမိ၏ဉာဏ်စွမ်းဖြင့် ထိုးထွင်းကြံဆကာ ဖေါ်စပ်တော်မူခဲ့သော **'ရသာရတနဆေး'** ကို မှီဝဲသုံးဆောင်ခဲ့သဖြင့်၊ **၁၃၃၁-ခုနှစ်**၊ တွင် သက်တော် ၂၀၅-နှစ်၊ သိက္ခာတော် (၇၆)ဝါတိုင်၊ သက်တော်ထင်ရှားခဲ့၍ သာသနာ့အကျိုး သယ်ပိုးခဲ့လေသည်။

## သဗျောတောင်နှင့် အလောင်းစည်သူ

ယက္ကန်းစင်တောင် ဆရာတော်ဘုရား၏ ဘဝနှင့် ဆက်စပ်နေသည့် သဗျောတောင်သည် အလောင်းစည်သူမင်းကြီး၏ သမိုင်းနှင့်ဆက်စပ်နေပေသည်။

ဆက်စပ်သည့်အကြောင်းမှာ- ကောဇာသက္ကရာဇ် **၄၇၄-ခုနှစ်**၊ တွင် နန်းတက်တော်မူခဲ့သော ပုဂံပြည့်ရှင် အလောင်းစည်သူမင်းကြီးသည် မြန်မာပြည် အထက်ပိုင်းသို့တိုင်းခန်းလှည့်လည်လာစဉ် စဥ့်ကူးမြို့နယ်ရှိ ၎င်း၏ဘိုးတော်များတည်ထားခဲ့သော (**ရွှေမာလဲစေတီတော်ကြီး**)အား သာသနာ ၅၀၀၀-နှစ် တည်စေသော၄ှာ နေရာပြောင်းရွှေ့ တည်ထားတော်မူပြီးလျှင်- ဘုရားကြီးအား ပြင်ဆင်ရန်နှင့် ဆွမ်း , ဆီမီးကပ်လှူ ပူဇော်ရန်အတွက် လယ်ယာမြေများနှင့်တကွ သစ်တောများပါ နယ်လေးရပ် ကျောက်တိုင်မှတ်ပြီး လှူဒါန်းတော်

မူခဲ့သည်။

ထိုသို့တိုင်းခန်းလှည့်လည်ပြီး ရေလမ်းခရီးမှ နေပြည်တော်သို့ စုန်လာစဉ်၊ ယခု ယက္ကာန်းစင်တောင် ဟုခေါ်သော တောင်အနီးသို့ ရောက်လာသောအခါ၊ အလောင်းစည်သူမင်းကြီးသည် လက်ညှိုးညွှန်ရာရေဖြစ်သည့် ဘုရင်တစ်ပါးဖြစ်ရသည်ကိုဂုဏ်ယူ၍ မိမိကိုယ်မိမိ အထင်ကြီးကာ မနောစိတ်ဖြင့်၊ မိမိ၏ ဘိုးတော်-ဘွားတော်များသည်၊ မိမိကဲ့သို့ ဘုန်းကြီးခဲ့ပါမည်လား ဟု-တွေးထင်တော်မူသောအခါ မျက်လုံးတော်အစုံသည် ကွယ်ခဲ့ရ၏။

မင်းကြီးစီးလာသော ဖေါင်တော်သည်လည်း ရေအလယ်တွင် ပတ်ပတ်လည်၍ သွားမရဖြစ်ခဲ့ရသည်။ ထိုနေရာကို ' **ပတ်လည်အင်း** ' ဟုအမည်တွင် ခဲ့သည်။

ပညာရှိအမတ်များအား အဘယ်ကြောင့် မျက်စိနှစ်ကွင်း အလင်းကွယ်ခဲ့ရကြောင်း မေးမြန်းသောအခါ ပညာရှိအမတ်များအနေနှင့် ပဋ္ဌာနဋ္ဌရိယကံထိုက်ကြောင်း ပြောကြား၏။ ဘိုးတော်-ဘွားတော်များ၏ ရုပ်ထုများထုလုပ်၍ ပူဇော်ကန်တော့တောင်းပန်ပါက မျက်စိနှစ်ကွင်း ပြန်လည်အလင်းရမည်ဖြစ်ကြောင်း လျှောက်ထားကြ၏။

ထိုနေရာနှင့်အနီး အမြင့်ဆုံးတောင်ပေါ်တွင် ဘိုးတော်ဘွားတော်များ၏ရုပ်ထုများထုလုပ်၍ တောင်းပန်ကန်တော့ရာ မျက်စိနှစ်ကွင်းပြန်လည်၍အလင်းရခဲ့လေသည်။ ထို

အချိန်မှစ၍ ဂင်းရုပ်ထုများတည်ထားသော တောင်ကို ဘိုးတော် ဘွားတော်တောင် ဟုခေါ်ခဲ့၏။ နှစ်ကာလ ရွေ့လျားလာသောအခါ **'ဘိုးတော်တောင်'** အမည်ကျန်ခဲ့လေသည်။

အလောင်းစည်သူမင်းကြီးလည်း မျက်စိနှစ်ကွင်းအလင်းရပြန်လည်မြင်ရလာသောအခါ ဝမ်းမြောက်ဝမ်းသာ ရှိလှသဖြင့် ထိုသဗျော့တောင်၏ အနောက်ဘက် တောင်စွန်းတွင် ဆုတောင်းပြည့်စေတီတစ်ဆူကိုတည်တော်မူလေသည်။

ထိုစေတီ၏မုခ်ဦးသည် ရေပြင်ရှိရာအနောက်သို့ မျက်နှာမူထားပြီး၊ ရွှေ-ငွေ-ရတနာများနှင့် ဓါတ်တော်များကို ဌာပနာ၍ တည်ထားကိုးကွယ်စေခဲ့သည်။

ဤဆုတောင်းပြည့်စေတီတော်အား အလုပ်အကျွေးပြုရန်အတွက် ရွာတစ်ရွာ တည်ထားခဲ့သည်။ **ပတ်အင်းအား** အစွဲပြု၍ **'ပတ်လည်အင်းရွာ'** ခေါ်ခဲ့သည်။ သဗျော့တောင်နှင့် ဘိုးတော်တောင်ကြား ရေဘေးလွတ်ရာ အရပ်တွင်တည်ရှိခဲ့ပါသည်။

ဆရာတော်-ဦးဩဘာသသည် ကောဇာသက္ကရာဇ် (၁၂၅၈)-ခုနှစ်၊ တပေါင်းလဆန်း ၈-ရက်နေ့၊ ညနေ ၅-နာရီ အချိန်တွင် သဗျော့တောင်၏ အနောက်ဘက် တောင်နှာမောင်းရှိ အလောင်းစည်သူမင်းမြတ် တည်ထားကိုးကွယ်ခဲ့သော စေတီမြတ်၏ အရှေ့တောင်ထောင့်တွင် ကျယ်ပြန့်သော **'မဟာသီလာ–ကျောက်ဖျာကြီး'** အပေါ်၌ သိဒ္ဓိစခန်း

မဟာဂန္ဓာရီ ဝိဇ္ဇာထိုရ် လမ်းကြီးကို၊ ပြီးမြောက်အောင်မြင် အောင်ပန်းဆင်ကာ အောင်ပွဲဝင်တော်မူခဲ့သည်။

ထိုသို့ ဆရာတော် ဦးဩဘာသသည် ကုဒ္ဒိပညာ ပေါက် အောင်မြင်တော်မူပြီးသော်- အလောင်းစည်သူမင်း ကြီး တည်ထားကိုးကွယ်တော်မူခဲ့သော စေတီမြတ်တည် နေရာအောက်ရှိ ရတနာသိုက် ၉-လုံးနှင့်၊ အရိမေတ္တေယျ မြတ်စွာဘုရားပွင့်တော်မူလေလျှင် သက်န်းယက်၍ဆက်ကပ် လှူရန် ယက္ကန်းစင် ၉-စင်ကိုလည်းတွေ့ရှိခဲ့ရလေသည်။

ထိုယက္ကန်းစင်အနက်မှ ယက္ကန်းစင် တစ်စင်သည် ချည်များနှင့် ရှုပ်ထွေးနေသဖြင့်၊ ဆရာတော်သည် ၎င်း၏ သိဒ္ဓိတန်ခိုးဖြင့် ရှင်းလင်းပေးလိုက်ရာ၊ ချည်များပြန်လည်ရှင်း သွားခဲ့ရသည်။

ဤသို့ သဗျော့တောင်တွင် အရိမေတ္တေယျ မြတ်စွာ ဘုရားပွင့်တော်မူလျှင် သင်္ကန်းများယက်၍ ဆက်ကပ်လှူရန် ယက္ကန်းစင်များ ရှိကြောင်း သိရသည့်အချိန်မှစ၍၊ သဗျော့ တောင်အား '**ယက္ကန်းစင်တောင်**' ဟုခေါ်၍ ဆရာတော်- ဦးဩဘာသကိုလည်း 'ယက္ကန်းစင်တောင်ဆရာတော်' (သို့) '**ယက္ကန်းစင်တောင် ဆရာတော်ဦးဩဘာသ**' ဘွဲ့အမည်တွင် ခဲ့ပါတော့သည်။

(ယက္ကန်းစင်တောင်-ထေရုပ္ပတ္တိစာအုပ်မှ)



## ယက္ကန်းစင်တောင် အဆုံးအမ

ယက္ကန်းစင်တောင်ဆရာတော် လမ်းညွှန်ပေးခဲ့သော ကောင်းမြတ်သည့် သူတော်ကောင်းများ ကျင့်စဉ်စိတ်ထားများမှာ---

(၁) ယုတ်မာညစ်ညမ်း မကောင်းမှုအမျိုးမျိုးကို တစ်ရံ တစ်ဆစ်မျှမပြုလုပ်ရန်။

(၂) ဓမ္မိက၊ လဒ္ဓ၊ ဝင်စွာရသည့် ပစ္စည်းကို မလိုချင်ဘဲရှောင်လွှဲကျင့်ရန်။

(၃) အဖေါ်မမှီးတစ်ကိုယ်တည်းသာ ဘာဝနာ ကမ္မဋ္ဌာန်းကို စီးဖြန်းကျင့်ရန်။

(၄) မိဘ,ဆရာ အလိုကျဖြင့် မိတ္တကလျာ စည်းရုံးရာသည်။

(၅) ကမ္မဋ္ဌာန်း အာရုံ တကယ်ထုံအောင် နေ့စဉ်ပွားများအားထုတ်ထားပါ။

(၆) ရပြီးကမ္မဋ္ဌာန်း တိုးတက်အောင် ထပ်ခါထပ်ခါ ရှုမှတ်ပါလော့။

(၇) ဖြူစင်သီလ မြတ်ဓမ္မကို နေ့ညမကွာ စောင့်စည်းပါလေ။

(၈) ပညာရှိကို ချစ်ခင်မြတ်နိုး လွန်ရိုကျိုးပါ။

(၉) နိဗ္ဗာန်သည်သာ အားထားရာဟု ဘာဝနာ-လမ်းမြတ် ကမ္မဋ္ဌာန်းကို ကြိုးစားကာသာ သင်နေပါ။

(၁၀)ဆရာ့ဆရာ သူတော်စွာတို့ ပြုပြုသမျှ ပတ္တိဒါနကုသလကို ခံစားရလို- ဟု တောင်းဆုဆိုပါ။



## တောင်ကြီးမှာ ခန္ဓာဝန်ချရာ

ရွှေဘုန်းပွင့်ဘုရားတည်ပြီးနောက် စေတီတော်အား သံဃာအားအပ်နှံခြင်း၊ ဒုလ္လဘရဟန်းခံပေးခြင်း၊ ဆွမ်းဆန်စိမ်း လောင်းလှူစေခြင်းများ ပြုလုပ်ပြီး ၊ နောက်- **၁၃၃၂-ခုနှစ်၊ တန်ခူးလဆုတ် (၂)-ရက်နေ့၊ (၂၃-၄-၇၀) ရက်၊ ကြာသ ပတေးနေ့ညအချိန်**တွင် ဦးထွန်းအောင်၊ ဦးချစ်မောင်၊ ဦးကြင် တို့အားခေါ်၍ ကုတင်ပေါ်တွင်လဲလျောင်းပြီး-

**ဆရာတော်-** 'ငါ့ကို စောင်ခြုံပေး၊ ပြီးရင်ခြင်ထောင်ချ။ အခန်းတံခါးကို အသေအချာ ပိတ်လိုက်။ ဘယ်သူ လာလာ ဖွင့်မပေးနဲ့-' မိန့်မှာသည်။

ဆရာတော်မှာသည့်အတိုင်း စောင်နှစ်ထပ် အသေအချာခြုံပေးပြီး၊ ခြင်ထောင်ကိုလည်း အသေအချာ ချကာ၊ တံခါးကို ပိတ်လိုက်ကြသည်။

ဦးချစ်မောင်၊ ဦးကြင် တို့လည်း ဆရာတော်ကြီးခန္ဓာဝန်ချတော့မည် ကိုသိ၍ စိတ်မကောင်းဖြစ်နေကြသည်။

ဦးပဏ္ဍိစ္စသည် ရုတ်တရက်ရောက်လာပြီးလျှင်-

**ဦးပဏ္ဍိစ္စ-** 'ဦးကြင်- ဆရာတော် ဘယ်မှာလဲ-?'

**ဦးကြင်-** 'အခန်းထဲမှာပါဘုရား'

**ဦးထွန်းအောင်-** 'ဆရာတော် ကျိန်းနေပါတယ်ဘုရား'

**ဦးပဏ္ဍိစ္စ-** 'ဉူးပဥ္ဇင်း ခြင်ထောင်နဲ့ ခေါင်းအုံး ယူချင်လို့'

**ဦးချစ်မောင်-** 'ဆရာတော်က ဘယ်သူမှ ဖွင့်မပေးနဲ့လို့ မှာ

ထားပါတယ်ဘုရား'

ဦးချစ်မောင်က ဦးပဏ္ဏိစ္စကို ဆရာတော်၏ တပည့်မို့ ရိုရိုသေသေ ပြောလည်းမရပါ။ ဦးပဏ္ဏိစ္စ တံခါးကိုဖွင့်ပြီး ပစ္စည်းများ ဝင်ယူပါတော့သည်။

ထိုအခါ ဆရာတော်ကြီး မှာ ငေါက်ခနဲ ထထိုင်လိုက်ပါသည်။ ဆရာတော်ကြီး ကတော့ဘာမှမပြောပါ။ သူ့ကိစ္စ ပျက်သွားပါသည်။ ထိုည နိမိတ်ပြသည်မှာ -

ယင်မမဲ အစိမ်းကောင်ကြီးအများအပြား ဓမ္မာရုံထဲသို့ တဝီဝီနှင့် ဝဲပျံဝင်လာကြ၏။ ဘယ်လိုမှ မောင်းထုတ်လို့ မရပေ၊ နောက်မှ သူ့အလိုလို ထွက်သွားကြ၏။

ဆရာတော်ကြီး မှာ တစ်ညလုံးမကျိန်းစက်တော့ပေ။ နံနက် အရုဏ်တက်သောအခါ-

**ဆရာတော်–** 'ဖိုးကြွင် မင်းရဟန်းဝတ်နိုင်မလား-?'

**ဦးကြွင်–** 'တပည့်တော် ဝတ်ချင်ပါတယ်ဘုရား-။ ဒါပေမဲ့ ဇနီး, သားသမီး တွေနဲ့ပါ ဘုရား။'

**ဆရာတော်–** 'အေး- လောကီအရေးက ရှိသေးတယ်၊ ကားသွားရှာကွာ၊ မနက်ဖြန် ငါရန်ကုန်ပြန်ကိုကြွမယ်'

ဦးချစ်ဖေတို့ ကားရှာပြီးသော်လည်း ဆရာတော်ကြီးအား မပြန်စေလိုသောကြောင့် ကားရကြောင်း မလျှောက်ကြပေ။

(၂၄-၄-၇၀)-ရက်နေ့ နံနက်စောစော-

**ဆရာတော်-** 'မောင်ချစ်ဖေ ကား အဆင်သင့်ဖြစ်ပြီလား ငါ့ခန္ဓာကိုယ်ကြီး မသယ်ချင်တော့ဘူးကွ'

**ဦးချစ်ဖေ-** 'မှန်ပါ အဆင်သင့်ဖြစ်ပါပြီ ဘုရား'

ဒကာ ဒကာမ အားလုံး ငိုကြပါသည်။

**ဆရာတော်-** 'မငိုကြနဲ့။ ငါနောက်ပြန်လာမှာပါ-'

'ဖိုးကြင်ကော-?

**ဦးကြင်-** 'ရှိပါတယ်ဘုရား-'

**ဆရာတော်-** 'မင်းခန္ဓာနဲ့ ငါ့ခန္ဓာ လဲချင်တယ်ကွာ-'

မိန့်ပါသည်။ ဦးကြင်နားမလည်ပါ။

ရန်ကုန်သို့ပြန်ကြွရာတွင် ဦးလှမြင့်ဂျစ်ကားကို ငှါးပေးလိုက်သည်။ ညောင်လေးပင်အဖွဲ့လည်း လိုက်ပါကြသည်။

(ယခု သမိုင်းရေးသူအား ဦးကြင် က ပြန်လည်ပြောပြသည်မှာ-)

**ဦးကြင်-** 'တပည့်တော် ဆရာတော်ကြီး ပျံလွန်တော်မူမယ်ဆိုတာသိပါတယ်ဘုရား။ ပျံလွန်တော်မူရင် ဆရာတော်အလောင်းကို မိုက်ခရိုဝေ့ နေရာမှာ အလောင်းစံဖို့ အစီအစဉ်ရှိပါတယ် ဘုရား-။

ဂျစ်ကားဆရာ ဦးလှမြင့် ရန်ကုန်သို့ မောင်းနှင်လာစဉ်ကားပေါ်၌ ဆရာတော်ကြီးသည် ဝမ်းများသွားနေပါသည်။ အားလည်းနဲ့နေပါသည်-

**ဆရာတော်–** 'ဒကာကြီး ဘယ်ရောက်ပြီလဲကွဲ့-?'
**ဦးလှမြင့်–** 'တောင်ငူရောက်ပါပြီဘုရား-'
**ဆရာတော်–** 'တောင်ငူ ရောက်ပြီးဆိုတော့ ဒေါ်ကြည် အိမ်ကို အမြန်မောင်း'

ကားဆရာသည် ဦးဟုတ်မှီ+ဒေါ်ကြည်အိမ်သို့ မောင်းနှင်ခဲ့ပါသည်။

**ဆရာတော်–** လာမယ်လာမယ် မကြည်ရဲ့
တကယ်ရောက်မဲ့အချိန်
မလွယ်ပေါက်နဲ့အိမ်၊
မကြည်ရယ် သူကလိန်ကလိန်--။

ဒီသီချင်းက မြန်မာအမျိုးသမီးများအတွက် မကောင်းတဲ့ အတိတ်ပဲကွ။ ဒီ- သီချင်းကိုချေရမယ်-'

ထိုတဘောင်ကို ချေဖျက်သောအားဖြင့်- ဒေါ်ကြည် အိမ်ကို မလွယ်ပေါက်မှ ဝင်ခဲ့ပါသည်။ ထို့နောက်-

ဆရာတော်ကြီးသည် **တောင်ကြီးမြို့** နှင့် ဓါတ်တူနံတူသည့် **တောင်ငူမြို့**၊ ဒေါ်ကြည်အိမ်တွင် **၁၃၃၂–ခုနှစ်၊ တန်ခူးလပြည့်ကျော် (၃)–ရက်၊ (၂၄–၄–၇၀) စနေနေ့၊ နေ့လည် ၂–နာရီ** တွင် ဘဝနတ်ထံသို့ ကြွမြန်း သွားခဲ့ပါတော့သည်။

ဘဝတစ်ခု၌ အများသတ္တဝါများကို သီလ သမာဓိ ပညာ ကျင့်ကြံလာအောင်၊ မိမိကိုယ်တိုင် ဣဒ္ဓိအဓိဋ္ဌာန် တို့ကို

ကျင့်ကြံ အောင်မြင်ပြီးမှ နည်းလမ်းသွယ်ကာ ကယ်တင် အကျိုးပြုသွားသည့် **ပုဂ္ဂိုလ်ထူးတစ်ပါး** ဖြစ်ပါသည်။

## ဘဝပြောင်းအသွား ထူးခြားမှုများ

ဆရာတော်ကြီး ပျံလွန်တော်မူသွားသည်ဟု တောင်ငူက ဖုန်းလာ၍ တောင်ကြီးမှ ဦးကြင်၊ ဦးချစ်မောင်၊ ဦးပေါစံ တို့လိုက်သွားကြသည်။

ဆရာတော်ကြီးသည် ပျံလွန်တော်မူလျှင်မူချင်း၊ နှာခေါင်း၊ ပါးစပ်မှ လက်သန်းခန့်၊ အဖြူရောင်၊ အမြီးနှစ်ခွနှင့် လောက်ကောင်ကြီးများ ထွက်လာကြပါသည်။

အခြားသူများက နံသည်ဆို၍ အနားမကပ်ကြသော်လည်းဦးပေါစံသည် ဆရာတော် အလောင်းနားတွင် တပတ်လုံးစောင့်အိပ်သည်။ အနံ့မရပါ၊ ထူးခြားမှုတစ်ခု။

ဦးကြင်မှာ ဆရာတော်အလောင်းခေါင်းရင်းတွင် ထိုင်၍တရားရှုမှတ်ရာ သူ့တစ်ကိုယ်လုံး အေးစက်လာပြီး-

**'မင်းခန္ဓာနဲ့ ငါ့ခန္ဓာ လဲချင်တယ်ကွာ'**

နားထဲ၌ ဆရာတော်ကြီး ပြောသံကိုသူကြားနေရပါသည်။ သူလည်း အနံ့မရပါ။

## ရွှေဘုန်းပွင့်ဘုရား ထူးခြားချက်များ

၁။ ရွှေဘုန်းပွင့်ဘုရား၏ အနောက်ဖက် ကြာသပတေး ထောင့်တွင် မီးမပြတ်ထွန်းပေးရန်။

ထို့ကြောင့် ကြာသပတေးထောင့်တွင် ၆၅-ပေ အမြင့်ရှိသော မီးတိုင်ကိုဗဟိုပြု၍ မီးမပြတ်ပူဇော်ထားပါသည်။

၂။ မီးနီလုံးဝမထွန်းရ။

အကြောင်းမသိသူများက မီးနီထွန်းမိလျှင်- အချင်းချင်း ခိုက်ရန်ဖြစ်ပွားမှု၊ သွေးထွက်သံယိုများ ဖြစ်ပေါ်လာတတ်ကြောင်း တွေ့ရပါသည်။

ထို့ကြောင့် ဆရာတော်ကြီးမှာသည်ကို အထူးသတိပြုရန်လိုအပ်သည်။

၃။ ရှမ်းပြည်နယ်တွင်းဖြစ်စေ၊ တောင်ကြီးမြို့တွင်ဖြစ်စေ ရောဂါအန္တရာယ်များ ဖြစ်လာလျှင် ရွှေဘုန်းပွင့်ဘုရား၌ ပရိတ်များရွတ်ဖတ်ခြင်း၊ အသံမစဲ ပဌာန်းတရားရွတ်ဖတ်ပူဇော်ခြင်းများ ပြုလုပ်လျှင် အန္တရာယ်ကင်းရှင်းတတ်ပါသည်။

ထို့ကြောင့် ရွှေဘုန်းပွင့်စေတီကုန်းတော်သည် သာမန် ပူဇော်ယုံသက်သက် မဟုတ်ဘဲ၊ တတ်သဘောအရ တည်ထားသော စေတီကုန်းတော်နေရာဖြစ်ပါသည်။

### စေတီပြီးတော့ ကော်မတီဖျက်

ရွှေဘုန်းပွင့် ထီးတော်မတင်မီ ခရိုင်သစ်တောရုံးမှ စာအမှတ် ၁၅၃၅-၄၁/စ(၈)-၁၀ အရ- စေတီတည်ပြီးပါက ' တည်ဆောက်ရေးကော်မတီအဖွဲ့ ' ဖျက်သိမ်းပေးပါရန် အကြောင်းကြားလာသဖြင့်-

**၁၉၇၀–ခုနှစ်၊ ဧပြီလ(၅)–ရက်နေ့** ညတွင် ယက္ကန်းစင်တောင်ဆရာတော် ကို အပြီးအပိုင် လွှဲပြောင်းပေးလိုက်ပြီးဖြစ်ကြောင်းနှင့် **၁၉၇၀–ခုနှစ်၊ ဧပြီလ(၇)–ရက်နေ့** တွင် စေတီတည်ဆောက်ရေးကော်မတီကို ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း သစ်တောခရိုင်ဝန်ထံ အကြောင်းပြန်ကြားခဲ့သည်။

တည်ဆောက်ရေးကော်မတီသည်လည်း ဂေါပကအဖွဲ့ပင်ဖြစ်ပါသည်။

### ဥပါသကာထူး ၁၇–ဦး

ရွှေဘုန်းပွင့်ဘုရား တည်ပြီးနောက်ပိုင်း ဒေါ်စိန်လှ တစ်ယောက်သည် ဦးစောလှဓမ္မာရုံသို့ ဒေါ်စန်းစန်းနွယ်နှင့် ရောက်လာတတ်ပြီး ပုတီးစိပ်ပါသည်။ ဝိပဿနာတရား အားထုတ်နည်းများကိုလည်း သင်ယူပြီး မိမိအိမ်တွင် တရားထိုင်ခြင်းများကို ပြုလုပ်ခဲ့သည်။

တစ်နေ့ ဒေါ်စိန်လှနှင့် မောင်နှမ (မိသားစု)၊ တူ၊ တူမ ဆွေမျိုးတစ်စု စုစုပေါင်း (၁၇)-ဦးသည် ကုန်းသာကျောင်း

ဆရာတော်ကို အိမ်သို့ပင့်ဖိတ်ပြီး၊ ဥပါသကာ ဥပါသိကာများ အဖြစ် ခံယူကြပါတော့သည်။

မည်သူတစ်ဦးတစ်ယောက်မျှ တိုက်တွန်းခြင်းမရှိပါပေ။ ပါရမီခတ်ခံတွေက ကောင်းလိုက်ပါဘိ။ ဝမ်းသာစရာကောင်းလေစွ။ စာရေးသူပင် ထိုအကြောင်းကို ရေးယင်းပင် မိမိမှာ ပီတိသောမနသ ဖြစ်ရ၍-

**သာဓု --- သာဓု --- သာဓု ---**

ခေါ်လိုက်ရပါတော့သတည်း----॥



**ဗျာဒိတ်တည်ရေး ညွှန်ကြားခြင်း** ဩဝါဒပေး

ရွှေဘုန်းပွင့်ဘုရား ထီးတော်တင်အပြီး စေတီရင်ပြင်တော်ပေါ်မှာပင် ဆရာတော်ကြီးက ရွှေဘုန်းပွင့်စေတီ၏ ရာဟုထောင့်(အနောက်မြောက်)တွင် **'ဗျာဒိတ်ပေးဘုရား'** တည်ရန် ဩဝါဒ ပေးခဲ့ပါသည်။ မည်သည့်နေ့တွင် တည်ရမည်၊ ရက်အချိန်သတ်မှတ်ခြင်း မပြုခဲ့ပါ။ ထို့ကြောင့်-

**၁၃၃၂-ခုနှစ်၊ ဝါခေါင်လဆန်း (၄)-ရက်** နေ့တွင်၊ ဦးစောလှ-ဓမ္မာရုံတွင် **'ဗျာဒိတ်ပေးဘုရား'** တည်ရေးအတွက် ပထမအကြိမ် အစည်းအဝေး ပြုလုပ်ခဲ့ကြသည်။ အစည်းဝေးသို့ အဖွဲ့ဝင်(၄၁)-ဦး တက်ရောက်ခဲ့ကြပါသည်။

ထိုအစည်းအဝေးတွင်- ရွှေဘုန်းပွင့်စေတီ၏ **ရာဟုထောင့်** တွင် အမြင့်ဉာဏ်တော် ကိုးတောင်ပြည့် ဗျာဒိတ်ပေး

**ဟန် ဗုဒ္ဓရုပ်ပွားတော်** တစ်ဆူ တည်ဆောက်ရေး ဆွေးနွေး ဆုံးဖြတ်ချက် ချမှတ်ခဲ့ကြပါသည်။

**ဗျာဒိတ်ပေးမှာ ၈–နှစ်ကြာ**

ရွှေဘုန်းပွင့်စေတီတည်ပြီးနောက် ဂေါပကအဖွဲ့တွင် ဥက္ကဌ အလုပ်ပြောင်းသွားခြင်း။ အချို့အမှုဆောင်များမှာ ကွယ်လွန်သွားခြင်း။ အနီးကပ်ကြီးကြပ်နေသော ဦးအာစရ မှာလည်း သံဃာသြဝါဒခံ ဆောင်ရွက်ရမည့်လုပ်ငန်းဖြစ်၍ ဆက်လက်တာဝန်ယူ မဆောင်ရွက်နိုင်တော့ပေ။

ထို့ကြောင့် ကံဦးကျောင်းဆရာတော်-ဦးမေဓိယ က ဦးချစ်မောင်ကို **'ဗျာဒိတ်ပေးဘုရား'** တည်ရန် တာဝန်ပေးခဲ့ သည်။ သို့သော်လည်း ဘဏ္ဍာရေးအခြေအနေမှာ မပြည့်စုံ သဖြင့် အကောင်းအထည် မဖော်နိုင်ခဲ့ပေ။

**၁၉၇၈–ခုနှစ်**တွင် ဆရာကျော်သည် တောင်ကြီးမြို့ မှ ဦးခင်မောင်သန်း (ရုပ်ရှင်ရုံ-မန်နေဂျာ)၊ ဦးတင်မြင့်(ဘဏ်) (ဦးတိလောက)၊ ဆရာ-ဦးစိုးအောင် (နေစိုးကွန်ပျူတာစာစီလုပ် ငန်း) တို့၏အကူအညီဖြင့် ထိုနေရာတွင် ကြိုတင်ပန္နက် စီမံ ခဲ့ပါသော်လည်း မအောင်မြင်ခဲ့ချေ။

ဤသို့ဖြင့် ဗျာဒိတ်ပေးရုပ်ပွားတော်ကို ပုဂ္ဂိုလ်အမျိုး မျိုး၊ လူအမျိုးမျိုးက တည်ရန် ကြိုးစားကြသော်လည်း အချိန် မကျသေး၍ အောင်မြင်မှုမရှိပဲ အကြိမ်ကြိမ်ပျက်ခဲ့ရသည်။

နောက်ပိုင်းကြိုးစာကြရာတွင် ရွှေဘုန်းပွင့်စေတီ ၏ ဧရိယာ အပြင်ဘက်တွင်ရောက်နေသဖြင့် သက်ဆိုင်ရာများက ခွင့်မပြုသဖြင့် (၈)-နှစ်နီးပါးခန့်ကြာမြင့်ခဲ့ပါသည်။

## ဗုဒ္ဓဝင်ပြရေး အကြံပေး

**၁၉၇၈–ခုနှစ်** တွင် ဦးဌေးလွင် (ဥက္ကဋ္ဌ)၊ ဦးတင်ဝင်း (အတွင်းရေးမှူး)၊ဦးစွန်ကြိုင် (ဘဏ္ဍာရေးမှူး)၊ အဖြစ်ပါဝင် ဂေါပကအဖွဲ့ ပြန်လည်သတ်မှတ်ကာ **'ဗျာဒိတ်ပေးဘုရား'** တည်နိုင်ရေးအတွက် ရံပုံငွေ-တစ်စုတစ်စည်းတည်း ရရန် ရံပုံငွေရှာဖွေရေးကို စီစဉ်ဆောင်ရွက်ခဲ့ကြသည်။

ထိုအချိန်တွင် ဗိုလ်မှူးသံဒိုင်(အငြိမ်းစား)၊ ဦးတင်လှ (ဟိန္ဒူ-ဗုဒ္ဓဘာသာအဖွဲ့) တို့က ဗုဒ္ဓဝင်ပြပွဲ ကျင်းပနိုင်ပါက ရံပုံငွေ ရနိုင်မည်ဖြစ်ကြောင်း အကြံပြုလာပါသည်။ ဦးတင်လှ ၏စည်းရုံးမှုကြောင့် မြို့မရပ်နေ ဦးစိန် ဆိုသူက ငွေကျပ်-(၁၅၀၀၀ိ) မ,တည်ထုတ်ပေးခဲ့သည်။

ထိုအကြံကို အများကလက်ခံသဖြင့် **၁၉၇၈–ခုနှစ် နိုဝင်ဘာလ** တွင် **' ဗုဒ္ဓဝင်ပြပွဲကျင်းပရေးကော်မတီ '** ကို ဖွဲ့စည်းလိုက်ကြသည်။ ထိုအဖွဲ့တွင်-

| | | |
|---|---|---|
| ဒု-ဗိုလ်မှူးကြီးအောင်သန်း | (၂၁၂-ဆ/သ) | **ဥက္ကဋ္ဌ** |
| ဦးတင်ဝင်း | (ကုန်သွယ်ရေး) | **အတွင်းရေးမှူး** |
| ဦးဝင်းမောင် | (ဘဏ်မန်နေဂျာ) | **ဘဏ္ဍာရေးမှူး** |

ဦးစိုးတင့် (ဆလက) **စာရင်းကိုင်ချုပ်**

စသည်ဖြင့် ၁၀-ဦးခန့် ပါဝင်ကြပါသည်။

ဗုဒ္ဓဝင်ပြပွဲကို ကံဦးကျောင်းတိုက်အတွင်း၌ ကျင်းပပြသခဲ့သည်။ ဘဏ်မန်နေဂျာ ဦးဝင်းမောင်သည် ဘာသာခြားဖြစ်သော်လည်း ဗုဒ္ဓဝင်ပြပွဲကို စိတ်အားထက်သန်စွာကူညီပေးခဲ့ပါသည်။ ဗုဒ္ဓဝင်ပြပွဲကို စိတ်ပါဝင်စားသူ ကြည့်ရှုသူများပြားသဖြင့် ပြရက်ထပ်တိုးကာ (၁၇)-ရက်တိုင်တိုင် ပြသခဲ့ရပါသည်။

## ဗုဒ္ဓဝင်ပြပွဲ အကျိုးဆက်တွဲ

နေ့စဉ် တောင်ကြီးမြို့ရှိ အစိုးရစာသင်ကျောင်းများမှ တစ်နေ့လျှင် နှစ်ကျောင်းစီ၊ အလှည့်ကျ ကျောင်းသားကျောင်းသူများကို ကြည့်ရှုစေခဲ့သည်။ ဗုဒ္ဓဝင်အကြောင်းအရာများကိုလည်း ရှင်းလင်းပြပြီး **ဗုဒ္ဓဝင်စာမေးပွဲ** ကျင်းပပေး၍ ဆုပေးမည်ဖြစ်သောကြောင့် သေချာစွာ မှတ်သားရေးမှတ်စေခဲ့ပါသည်။

ဗုဒ္ဓဝင်စာမေးပွဲကို စိတ်ဝင်စားကြသူ ကျောင်းသား-ကျောင်းသူ တစ်ထောင်ခန့်၊ ဝင်ရောက်ဖြေဆိုကြသည်။ ဆုရသူများကိုလည်း ထိုက်ထိုက်တန်တန် ဆုချီးမြှင့်ပေးခဲ့၏။

ထိုပြပွဲကို ဒု-ဗိုလ်မှူးကြီးအောင်သန်း၊ ဗိုလ်မှူးသံဒိုင်နှင့် ဦးတင်လှတို့က စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့်

ကူညီခဲ့သောကြောင့် အောင်မြင်ခဲ့ခြင်းဖြစ်ပါသည်။

ဋင်း ဗုဒ္ဓဝင်ပြပွဲတွင် အလှူတော်ငွေ စုစုပေါင်း (၆၈၃၄၅–ကျပ်၊ ၁၆–ပြား) ရရှိခဲ့ပါသည်။ ထိုငွေကို မြန်မာ့စီးပွားရေးဘဏ်တွင် (SF-394)- ဖြင့် စာရင်းဖွင့် အပ်နှံခဲ့ကြသည်။

ဗျာဒိတ်တည်ရန် ဖွဲ့စည်းပြင်

(၁၆–၁–၈၂)နေ့ တွင် ရွှေဘုန်းပွင့်ဗျာဒိတ်ပေးဘုရားတည်ရန် **ရုံပုံငွေရှာ–ဗုဒ္ဓဝင်ပြပွဲကော်မတီက** ဩဝါဒါစရိယ ဆရာတော်ကြီးများဖြစ်ကြသော-

၁။ အောင်မြေသာစည်ဆရာတော်

၂။ တောင်ကျောင်းကြီးဆရာတော်

၃။ သိမ်တောင်ဆရာတော်

၄။ ကုန်းသာဆရာတော်

၅။ မြို့ဦးဆရာတော်

၆။ မင်းကွန်းဆရာတော်

ဆရာတော် (၆)-ပါးကို မြို့လည်ဓမ္မာရုံသို့ ပင့်ဆောင်၍ ရွှေဘုန်းပွင့်-ဂေါပကအဖွဲ့ဘဏ္ဍာရေးမှူး-ဦးစွန်ကြိုင် ထံသို့ ဘဏ်တိုးငွေ နှစ်သောင်းကျပ်ခန့် နှင့် စုစုပေါင်း ရှစ်သောင်းကျပ်ကျော်ကို လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ကျင်းပခဲ့ပါသည်။

ထိုငွေလွှဲအပ်ပွဲ အခမ်းအနား၌ တဆက်တည်း **ရွှေဘုန်းပွင့် ဗျာဒိတ်ပေးဘုရား–တည်ဆောက်ရေးကော်မတီ** ကို ဖွဲ့စည်းခဲ့ကြသည်။

ထိုကော်မတီတွင်--

| | |
|---|---|
| ဦးအုံးကြိုင်(ဆလက) | ဥက္ကဋ္ဌ |
| ဦးတင်လှ (မြို့မရပ်) | ဒု-ဥက္ကဋ္ဌ |
| ဦးတင်ဝင်း (ကုန်သွယ်ရေး) | အတွင်းရေးမှူး |
| ဦးမောင်မောင်မြိုင် (ဘဏ်) | ဘဏ္ဍာရေးမှူး |
| ဦးစိုးတင့် (ဆလက) | စာရင်းစစ် |

စသည်ဖြင့် ပုဂ္ဂိုလ်(၁၈)-ဦး ပါဝင်ခဲ့ကြပါသည်။

### တည်ဆောက်ရေးဥက္ကဋ္ဌ ဦးတင်လှ

ဗျာဒိတ်ပေးဘုရားတည်ရန် တည်ဆောက်ရေးအဖွဲ့ ဖွဲ့စည်းပြီး ရံပုံငွေရှိသော်လည်း သက်ဆိုင်ရာကသစ်တောကို ဖြတ်လျှင်ပင် တရားစွဲခံရမည့်အချိန်ဖြစ်ပြီး ဘုရားတည်ရန်မှာ ပို၍ခက်ခဲနေကြပါသည်။ အဖွဲ့ဝင်များမှာလည်း ဝန်ထမ်းများဖြစ်နေ၍ မည်သူမျှ မလုပ်ဝံ့ချေ။

တည်ဆောက်ရေးဥက္ကဋ္ဌ-ဦးအုံးကြိုင်မှာ ပင်စင်ယူခါနီး ဖြစ်နေ၍ ပင်စင်မထိခိုက်လိုသောကြောင့် တည်ဆောက်ရေးဥက္ကဋ္ဌတာဝန်မှ နုတ်ထွက်သွားပါသည်။ ဤတွင်လည်း (၁၉၈၂–၁၉၈၃)ခုနှစ် အထိ ၂-နှစ်ကြန့်ကြာခဲ့ရပြန်သည်။

ထို့ကြောင့် ၁၉၈၄–ခုနှစ်၊ တွင် ဥက္ကဋ္ဌတာဝန်ကို ဦးတင်လှအား တာဝန်ယူရန်အဖွဲ့ဝင်များက သဘောတူညီခဲ့ကြပါသည်။

**ထူးဆန်းဖြစ်မှန် နဂါးကန်**

ဦးတင်လှသည် ဗုဒ္ဓဘာသာ-ဟိန္ဒူလူမျိုးဖြစ်ပါသည်။ ရွှေဘုန်းပွင့်ဘုရား တည်ပြီးကတည်းက မိမိသဒ္ဒါတရားဖြင့် ရေကန်ပြုလုပ်ရန် ဆင်တဲရေထွက်နေရာသို့ အလုပ်သမားများဖြင့် တက်ရောက်ခဲ့သည်။

မြေနေရာကို ပေါက်ပြားဖြင့် တူးပေါက်လိုက်ရာ မြေအောက်တွင် မြွေတစ်ကောင်ကို ပေါက်မိသဖြင့် ခေါင်းပြတ်သွားခဲ့သည်။ နောက်တစ်နေ့ ကန်နေရာကိုဆက်လုပ်သောအခါ အလုပ်သမားတစ်ယောက်က-

**'ဘယ်သူ့အမိန့်ရလို့ လုပ်တာလဲ–? ငါ့သား တစ်ယောက်လည်း ခေါင်းပြတ်သွားလို့ မကျေနပ်ဘူး'**

နှုတ်မှပြောဆိုနေ၏။ ဦးတင်လှမှာ ထိပ်လန့်သွားပြီး **'အများအတွက်လုပ် တာဖြစ်မို့ မှားတာရှိယင် ခွင့်လွှတ်ပါ'**

အလုပ်သမားက ဆက်၍-

**' ဒီလိုဆိုရင်– ငါ့အတွက် ပွဲတစ်ပွဲ ပေးရမယ် '**

နောက်တစ်နေ့တွင် ကန်တော့ပွဲတစ်ပွဲ ပေးလိုက်၏။ ဦးတင်လှသည် ပေါက်တူးဖြင့် မြွေကို ပေါက်မိသည့် နိမိတ်ကို

အကြောင်းပြု၍၊ နဂါးတစ်ကောင်၏ ပါးစပ်မှ ရေကန်ထဲသို့ ရေထွက်ကျနေသည့်သဏ္ဍာန် ရေထွက် ပြုလုပ်ရန် စိတ်ကူးဖြင့်၊ ဆင်တဲရေထွက်နေရာမှ ရေကို ရေပိုက်ဖြင့်သွယ်၍၊ နဂါးအမြီးမှ ပိုက်ဖြင့်ဝင်၍ နဂါးဝမ်းဗိုက်ဖြတ်ပြီး နဂါးပါးစပ် မှ ရေထွက်ကျနေဟန် ရေကန်ပြုလုပ်လိုက်သည်။



**စိတ်ထဲမပျော် နဂါးအဖော်**

ရေကန် ပြုလုပ်ပြီးသော်လည်း ဦးတင်လှ၏ စိတ်ထဲတွင် ပျော်ပိုက်ခြင်းမရှိ သလိုခံစားနေရသည်။ တစ်နေ့တွင် သူ အိပ်မက်တစ်ခုမြင်မက်၏။ အိပ်မက်မှာ-

နိုင်ငံခြားသားများ နဂါးရေကန်ကို လက်ညှိုးထိုးပြီး စကားပြောနေကြသည်။ ဦးတင်လှက ရေကန်ကို လှမ်းကြည့်လိုက်ရာတွင် နဂါးအရုပ်ကို မတွေ့ရပဲ၊ တကယ့်နဂါး တစ်ကောင်သည် ရေကန်ထဲတွင် မြူးတူးပျော်ရွှင်စွာ ရေကူးနေသည်ကို တွေ့လိုက်ရသည်။

ထိုစဉ် နဂါးက သူ့အား - -

**'ငါတစ်ကောင်ထဲနေရတာ ပျင်းတယ် ငါ့အဖော်ခေါ်ပေးပါ'**

ဟူသော အိပ်မက်ဖြစ်သည်။

ဦးတင်လှစိတ်ထဲတွင် ပေါက်တူးကြောင့် သေသွားသောမြွေမှာ သူ့အဖော်ဖြစ်မှာပဲ။ တစ်ကောင်တည်းဘက်ပဲ့နေ၍ အဖော်စုံအောင် နဂါးတစ်ကောင်ကို ထပ်မံပြုလုပ်ပေး

လိုက်၏။

ရေထွက်မှာ နဂါးနှစ်ကောင်ဖြစ်သွားသည်။ ထိုအခါမှစ၍ **(နဂါးရေထွက်)နဂါးနှစ်ကောင်ရေထွက်** ဟု လူခေါ်များလာခဲ့ရပါသည်။



**ဆင်တဲရေကန် အကြောင်းခံ**

ဦးတင်လှသည် ရေရရှိရေးကိစ္စဆိုလျှင် အလွန်သဒ္ဓါတရား သန်သည့်ပုဂ္ဂိုလ်ဖြစ်သည်။ ဟိန္ဒူလူမျိုးများအဖွဲ့ သာရေး-နာရေးများ တွင်လည်း သူဦးစီးပြီး လုပ်ကိုင်ပေးတတ်ပါသည်။

ဆင်တဲရေထွက် ရေလျှံသည့်အခါ ရေများ အလဟဿ စီးကျနေသည်ကို တွေ့မြင်ရ၍၊ ထိုရေကို နောက်ထပ်ကန်တစ်ခု ပြုလုပ်ပြီး ရေလှောင်လိုက်မည်။

ထိုကန်မှ ကလေးဆေးရုံနှင့် တောင်ကြီးမြို့တွင်း လိုအပ်သည့်နေရာသို့ ပို့ပေးရန် အကြံဖြစ်လာသည်။

သို့သော်- မိမိတစ်ဦးတည်းလုပ်၍မရ။ သက်ဆိုင်ရာအာဏာပိုင်များ ကိုတင်ပြလိုက်၏။ တောင်ကြီးမြို့ရှိ ပါတီ၊ ကောင်စီ အဖွဲ့အစည်းအသီးသီးကလည်း နွေရာသီအချိန်တွင် တောင်ကြီးမြို့ ရေအခက်အခဲ ကိုဖြေရှင်းရန် စီစဉ်နေချိန်ဖြစ်၍ ဦးတင်လှအကြံပြုချက်ကို လက်ခံလိုက်၏။

စီမံချက်မှာ ဆင်တဲရေထွက်မှ ရေကို တိုက်ရိုက်ပိုက်

ဖြင့်သွယ်တန်း၍ ရေဖြန့်ဝေ၍မရနိုင်ပေ။ ကြားခံ ရေလှောင်ကန်တစ်ခုတည်ဆောက်ပြီး ရေလှောင်၊ ထိုမှတစ်ဆင့် ၄-လက်မရေပိုက်ဖြင့် ရေဖြန့်ဝေ ပေးရေးဖြစ်သည်။

အများအကျိုးအတွက် အများပေါင်းစု ပါဝင်စေရန် ရပ်ကွက်ပေါင်း၂၀-မှ ရပ်ကွက်ကောင်စီ ဥက္ကဋ္ဌများကို ဖိတ်ခေါ်ဆွေးနွေးပြီး၊ ရပ်ကွက်များမှ ရွေးချယ်ပေးလိုက်သောကိုယ်စားလှယ် (၂၅)-ဦးပါသော '**ဆင်တဲ-သောက်ရေကန်တည်ဆောက်ရေးကော်မတီ**' ကို (၂၂-၁၁-၈၂) နေ့တွင် ဖွဲ့စည်းတာဝန်ပေးလိုက်သည်။

ထိုအဖွဲ့တွင်-

| | | |
|---|---|---|
| ၁။ ဦးတင်လှ | မြို့မရပ် | ဥက္ကဋ္ဌ |
| ၂။ ဦးညို | ။ | အတွင်းရေးမှူး |
| ၃။ ဦးမောင်မောင်ကျော် (လမ်းမတော်) | | တွဲ- ။ |
| ၄။ ဦးခင်မောင်ဆွေ | ညရဟက | ဘဏ္ဍာရေးမှူး |
| ၅။ ဦးသောင်းရှိန် | မြို့နယ်စာရင်း | စာရင်းစစ် |
| ၆။ ဦးတင်ငွေ (ဒု-လထ/အင်္ဂျင်နီယာကျွမ်းကျင်သူ) ။ | | |
| ၇။ ဦးမောင်ကြည် | စစ်စံထွန်းရပ် | အဖွဲ့ဝင် |
| ၈။ ဦးကျောင်းကျန် | ညောင်ဖြူစခန်း | ။ |
| ၉။ ဦးကျော်လွင် | ပြည်တော်သာရပ် | ။ |
| ၁၀။ ဦးထွန်းကြိုင် | ရတနာသီရိရပ် | ။ |
| ၁၁။ ဦးထွန်းတင် | ချမ်းမြသာစည်ရပ် | ။ |

| | | |
|---|---|---|
| ၁၂။ဦးထွန်းမြ | ရွှေတောင်ရပ် | ။ |
| ၁၃။ဦးကျော်မြင့် | စိန်ပန်းရပ် | ။ |
| ၁၄။ဦးအောင်မြိုင် | ကံသာရပ် | ။ |
| ၁၅။ဦးမောင်တင် | ချမ်းသာရပ် | ။ |
| ၁၆။ဦးအောင်မြင့် | ကျောင်းကြီးစု | အဖွဲ့ဝင် |
| ၁၇။ဦးလှကျော် | သစ်တောရပ် | ။ |
| ၁၈။ဦးမြမောင် | ဟော်ကုန်းရပ် | ။ |
| ၁၉။ဦးမြင့် | ဈေးပိုင်းရပ် | ။ |
| ၂၀။ဦးတင်အောင် | ကန်အောက်ရပ် | ။ |
| ၂၁။ဦးတင်မောင်မြင့် | ကန်ရှေ့ရပ် | ။ |
| ၂၂။ဦးလှတင် | ရေအေးကွင်း | ။ |
| ၂၃။ဦးခင်မောင်သိန်း | မြို့မရပ် | ။ |
| ၂၄။ဦးပဏ္ဍိတသာရမ် | လမ်းမတော်ရပ် | ။ |
| ၂၅။ဦးလှရွှေ | မင်္ဂလာဦးရပ် | ။ |

တို့ဖြစ်ကြပါသည်။

ထိုကော်မတီသည် ရပ်ကွက်များသို့ အလှူငွေများကောက်ခံရာ စုစုပေါင်း- (**၁၂၂၃၁၈/၈၀ါး**) ကောက်ခံရရှိခဲ့ပါသည်။ အလှူငွေရရှိသည်နှင့် **၁၉၈၃–ခုနှစ်၊ ဖေဖါ်ဝါရီလ (၂၄)–ရက်နေ့** တွင်တောင်ကြီးမြို့ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်ဥက္ကဋ္ဌ ဗိုလ်မှူးဘိုးရွှေမှ အလျား (၅၂)ပေ၊ အနံ (၃၂)ပေ၊ အမြင့်(၈)ပေ၊ရှိ ရေကန်ကိုအုတ်မြစ်ချပေးပြီး တည်

ဆောက်ခဲ့ရာ **၁၉၈၃–ခုနှစ်၊ မေလ(၂၀)–ရက်နေ့** တွင်အပြီး တည်ဆောက်နိုင်ခဲ့ပါသည်။

ဤရေကန်တွင် **ရေ ကုဗပေ (၁၃၃၁၂)**ရှိပြီး၊ **ရေဂါလံပေါင်း (၆၂၀၀၀)** ဂါလံဆန့်ပါသည်။ တစ်နာရီလျှင် **ရေဂါလံ (၃၀၀)** လွှတ်ပေးနိုင်သည်။ မိုးရာသီ အလယ်တွင် တစ်နာရီလျှင် **ရေဂါလံ (၆၀၀)** လွှတ်ပေးနိုင်သည်။

ကုန်ကျငွေ စုစုပေါင်းတန်ဘိုးမှာ-(**၇၂၆၄၄/ ၇၀ါး**)ဖြစ်ပြီး လက်ကျန်ငွေကို နောင် ရေရရှိရေးတွက် အသုံးပြုနိုင်ရန် ဘဏ်တွင် အပ်နှံထားပါသည်။

(၂၀–၅–၈၂) နေ့တွင် ဆင်တဲရေလှောင်ကန်ဖွင့်ပွဲကို **တိုင်းမှူး–ဗိုလ်ချုပ်အေးစံ**၊ ကိုယ်တိုင် တက်ရောက်ဖွင့်လှစ်ပေးခဲ့ပါသည်။

သမိုင်းတစ်ခု မပျောက်ပျက်သွားစေရန်လည်းကောင်း ရွှေဘုန်းပွင့် ဘုရားသမိုင်းနှင့် ဆက်စပ်နေ၍လည်းကောင်း ရွှေဘုန်းပွင့်ဘုရား၏ရေိယာသည် ဆင်တဲရေကန် နှင့် ပတ္တမြားဂူ အထိပါဝင်နေ၍ လည်းကောင်း-

**'တောင်ကြီးမြို့ ဆင်တဲသောက်ရေကန်တည်ဆောက်ရေးကော်မတီ၏ အစီရင်ခံစာနှင့်ရငွေ သုံးငွေစာရင်းရှင်းတမ်း'** မှ သမိုင်းမှတ်တိုင်ထူ၍ ရေးသားပေးလိုက်ရပါသည်။

(ဆင်တဲရေလှောင်ကန် အကြောင်းမှတ်တမ်းစာအုပ်ကို တောင်ကြီး မူလ-မင်းကွန်းကျောင်းတိုက်၊ မှ ဦးညို ခေါ်

ဦးဝိသုဒ္ဓ က စာရေးသူအား ကူညီပေးပါသည်။)

## ဆင်တဲရေကန် ဗျာဒိတ်မှန်

**၁၉၈၄–ခုနှစ်** ၊ တွင် ရွှေဘုန်းပွင့်ဂေါပကအဖွဲ့သည် ဗျာဒိတ်ပေးဘုရားတည်ခွင့်ရရန် သက်ဆိုင်ရာသို့ သွားရောက်လျှောက်ထားကြသည်။ ဆင်တဲ ရေလှောင်ကန်ကို ပြုခဲ့သောကုသိုလ်ကံအကြောင်းကြောင့် လည်းကောင်း-

ယက္ကန်းစင်တောင်-ဆရာတော်ကြီးက **၁၈၈၆–ခုနှစ်** တွင် မြန်မာနိုင်ငံသည် ကိုလိုနီလက်အောက် ကျရောက်ခဲ့၏။ **၁၉၈၆–ခုနှစ်** ရောက်လျှင်၊ **အနှစ်တရာပြည့်**တော့မည်။

ထို့ကြောင့် ကပ်ဆိုးဘေးဆိုးများမှ လွတ်မြောက်စေရန် မန္တလေးမြို့ တွင်လည်း မြန်မာမှုအနုပညာလက်ရာများ ပြန်လည်ထွန်းကား ပြန့်ပွားစေရန် ယက္ကန်းစင်တောင်ဆရာတော် ဦးဩဘာသ က ဗျာဒိတ်ပေးဘုရား တည်ရန်အသေအချာမှာခဲ့ကြောင်း၊ ရှင်းလင်းတင်ပြ ပြောဆိုကြပါသည်။

သက်ဆိုင်ရာ ပုဂ္ဂိုလ်ကြီးများကလည်း နိုင်ငံအရေး၊ ပြည်သူ့အရေး၊ သာသနာအရေးမို့ မြင့်မြတ်သော သဘောထားဖြင့် ခွင့်ပြုလိုက်ကြပါတော့သည်။

**ခြုံစောင်လှူကာ သင်္ကန်းရ**

ဦးညို (မြို့မရပ်) သည် ဘာသာခြားဖြစ်သည်။ ဇနီးသည် ဒေါ်ထွေးမှာ ရွှေဘုန်းပွင့်စေတီ တည်စဉ်ကပင် လာရောက်၍ ဝေယျာဝစ္စ-ကုသိုလ်ဒါန ပေးနေသူတစ်ယောက်ဖြစ်ပါသည်။

တစ်နေ့ သူမအိပ်မက် မြင်မက်သည်။ အိပ်မက်တွင်

**ဆရာတော်–** 'မင်းတို့တောင်ကြီးက တအားချမ်းတယ်-'

ဆိုသဖြင့် သူမက- ဂွမ်းစောင် ခြုံပေးလိုက်ကြောင်းဖြစ်သည်။ နောက်နေ့ အိပ်မက်အကြောင်းကို ခင်ပွန်းသည် ဦးညိုအား ပြန်ပြောပြလိုက်သည်။

**ဦးညို–** ' ဒီလိုဆိုလည်း ဂွမ်းစောင်တစ်ထည် သွားလှူလိုက်ပေါ့ကွာ' ။

ဒေါ်ထွေးလည်း အစိုးရဆိုင်တွင် ယုန်တံဆိပ် စောင်တစ်ထည်ကို၂၇ဝိ/-ကျပ်ဖြင့်ဝယ်ယူပြီး ဆရာတော်ကြီးအားသွားရောက် ဆက်ကပ် လှူလိုက်ပါသည်။

ဆရာတော်ကြီးသည် ဒေါ်ထွေး၏စောင်ကိုလက်ခံပြီးလျှင်၊ သူမ၏ ခင်ပွန်းဖြစ်သူ ဦးညို **ရဟန်းဖြစ်မည့်** နိမိတ်ကိုမြင်သဖြင့် သူ၏ **ကေသီသင်္ကန်း**ကို စွန့်ပေးလိုက်သည်။

ဒေါ်ထွေးလည်း ဝမ်းသာအားရ အိမ်ပြန်လာခဲ့သည်။

ဦးညိုသည် ၁၉၈၈-ခုနှစ်တွင် တောင်ကြီးမြို့ မူလမင်းကွန်းကျောင်းတွင် ရဟန်းဝတ်ခဲ့ရာ ယခု ဝါတော် (၁၆)-

ဝါ ခန့်ပင် ရနေပါပြီ။ ဘွဲ့အမည်မှာ **ဦးဝိသုဒ္ဓ** ဖြစ်ပါသည်။

ဒေါ်ထွေးသည် ဆရာတော်၏ သင်္ကန်းမှာ သူမနှင့် မအပ်စပ်၍ ဦးဝိသုဒ္ဓ-အား ပေးလှူလိုက်ပါသည်။

ထို့ကြောင့် ဆရာတော်ကြီး၏ သင်္ကန်းကို ရရှိသွားသူမှာ ဦးညို ( **ဦးဝိသုဒ္ဓ** ) ဖြစ်ပါသည်။

တဆက်တည်း ဆရာတော်ကြီး၏ ပစ္စည်းများကို ရလိုက်ကြသည့် သူများအကြောင်း ဖေါ်ပြပါဦးမည်။



## တက္ကသိုလ်ဘုန်းနိုင် ပုတီးပိုင်

ဆရာတော်ကြီးသည် ကျွတ်ထိုက်သည့် ဝေနေယျများကို ချေချွတ်ခဲ့ပါသည်။ ဤတွင် စေတီတည်ဆောက်ရေး ကော်မတီတွင်ပါသော တောင်ကြီးကောလိပ်ကျောင်း-ဥက္ကဋ္ဌဖြစ်သူဦးခင်မောင်တင့် (တက္ကသိုလ်ဘုန်းနိုင်) သည် အရက်ကို နှစ်ချိုက်စွာ သောက်တတ်သည်။

တစ်နေ့ ဆရာတော်ကြီးက-

**ဆရာတော်–** ' ဒကာကြီး သေရည်သောက်သလား-? '

**ဘုန်းနိုင်–** ' တပည့်တော် ဈာန်ဝင်ပြီး စာရေးလို့သွက်အောင်တော့ သောက်ပါတယ်ဘုရား-'

**ဆရာတော်–** ' မမှီဝဲဘဲနဲ့ စာရေးသွက်မယ်ဆိုယင်၊ မင်း- မသောက်ဘဲနဲ့ ရေးနိုင်မလား-? '

ဆရာတော်က သူ့အား ဓမ္မလမ်းကြောင်း ချလိုက်၏။

သူက အမှတ်တမဲ့မို့ ဖြေလိုက်သည်။

**ဘုန်းနိုင်–** 'မှန်ပါ စာရေးလို့ ရမယ်ဆိုယင် မသောက်ဘဲ ရေးပါ့မယ်၊ ဆေးပေးပါဘုရား'

**ဆရာတော်–** 'ဒီလိုဆိုယင် ဒီညမသောက်ဘဲ ရေးကြည့်'

ထိုည တက္ကသိုလ်ဘုန်းနိုင်သည် မသောက်ဘဲ စာရေးကြည့်ရာ စာအရေးသွက်ပြီး စာအတော်များများ ရေးပြီးသွား၏။ သူအံ့ဩသွားသည်။

နောက်တစ်နေ့ ဆရာတော်အား သူသွားရောက်ပြီး ဦးချကန်တော့ သောအခါ၊ ဆရာတော်ကြီးက ရေတစ်ခွက် တိုက်ပြီးလျှင်- သူအမြဲစိပ်နေသော စိတ်ပုတီးကို ခေါင်းပေါ်မှ စွပ်ပေး လိုက်သည်။

ထို့ကြောင့် ဆရာတော်ကြီး၏ **ပုတီး**ကို တက္ကသိုလ် ဘုန်းနိုင် ပိုင်သွားပါသည်။

**ထောက်ဘည်စေရေး တောင်ဝေ့ပေး**

တောင်ကြီးဓါတ်ပုံတိုက်ပိုင်ရှင် ဦးဘတုတ်၏အဖေ ဦးသောင်သည် ယက္ကန်းစင်တောင်ဆရာတော်၏ တပည့်ဝေနေယျ တစ်ဦးဖြစ်ကြောင်း ရှေ့တွင်ရေးခဲ့ပြီးပါပြီ။

သမထအကျင့်စခန်းများကျင့်ရန် ဆရာတော်က သူ့အား ပညာပေးသော်လည်း သူအားမထုတ်နိုင်ခဲ့။

ယခု ဆရာတော်နှင့် ပြန်တွေ့သောအခါ ဆရာတော်

မှာ ပျံလွန်တော်မူတော့မည်ကို သူသိနေပါသည်။

ထို့ကြောင့် ဝမ်းနည်းပက်လက်ဖြစ်ကာ မျက်ကျခဲ့ရ စိတ်မကောင်းရှာပေ။

ဆရာတော်ကြီးက သူ့အား ဝမ်းမနဲရန် တရားကျင့်ကြံနိုင်စေရန် သတိတရားရစေရန် ထောက်တည်ရာရစေရန် သူကိုင်ခဲ့သော '**တောင်ဝှေးတော်**' ကို စွန့်ပေးလိုက်သည်။ ထို့ကြောင့် ဆရာတော်ကြီး၏ တောင်ဝှေးတော်ကို ရရှိသူမှာ ဦးသောင်ဖြစ်ပါသည်။

➢ ဗျာဒိတ်ပေးဘုရားအကြောင်း ပြန်ဆက်လိုပါသည်။

 တပ်မတော်နေ့တွင် ပန္နက်တင်

**၁၉၈၄–ခုနှစ်၊ မတ်လ (၂၇)–ရက်တပ်မတော်နေ့တွင် ဆဋ္ဌသင်္ဂါယနာပါဠိဝိသောဓက၊ ဆဋ္ဌသံဂီတိကာရက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဓမ္မပါလာဘိဝံသ မင်းကွန်းဆရာတော် (နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်) ( မြို့နယ်သံဃနာယက–ဥက္ကဋ္ဌ )** က ဦးစီးဦးဆောင်၍ ရွှေဘုန်းပွင့်စေတီရာဟုထောင့်တွင် ဗျာဒိတ်ပေးဘုရားပန္နက်ရိုက်ပွဲကို အောင်မြင်စွာ ကျင်းပပေးခဲ့သည်။ နောက်ရက်တွင်အုတ်မြစ်ဆက်ချခဲ့ကြပြီး **ဉာဏ်တော် (၁၈)–လက္ခ ယာယီဗျာဒိတ်ပေးရုပ်ပွားတော်လေး** တစ်ဆူကို စတင်တည်ခဲ့ပါသည်။

ဗျာဒိတ်ပေးရုပ်ပွားတော် တည်မည့် အောက်တည့်

တည့်နေရာတွင် ကျောက်တုံးကြီးရှိပါသည်။ ထိုကျောက်တုံးကြီးကို မခွဲပဲ ငုံ၍၊ ၉-ပေအုတ်ခုံ ပြုလုပ်ခဲ့ကြသည်။

ယာယီဗျာဒိတ်ပေး တည်ပြီးနောက် ကိုးတောင်ပြည့် ဘုရားကြီး ဆက်လက်တည်ဆောက်ရန် အဆင်မပြေမှုများ ဖြစ်နေခဲ့ရပြန်ပါသည်။

## ဌာပနာမှားချက် တည်ရန်စက်

ထိုစဉ် အောင်ပန်းမှ ဦးသိန်းလှိုင်၊ တောင်ကြီးမြို့ မှ ဦးစိုးအောင်၊ ညောင်ရွှေမှ ဦးမျိုးသန့် တို့နှင့်အတူ ဆရာကျော် ဆိုသူ တောင်ပေါ်သို့ (၂၂-၅-၈၄)-နေ့ တွင် ဒုတိယအကြိမ် ရောက်လာခဲ့ကြသည်။

တည်ဆောက်ရေးကော်မတီ ဥက္ကဋ္ဌ- ဦးတင်လှ၊ အတွင်းရေးမှူး- ဦးတင်ဝင်း၊ ဦးညို(မြို့မရပ်)၊ အင်ဂျင်နီယာ- ဦးစောလွင်၊ ရုပ်ပုံထု-ပန်းရံဆရာ ဦးတင်အောင် တို့နှင့် တွေ့ဆုံခဲ့သည်။

ဆရာကျော်က ဘုရားဖူးများထိုင်မည့် (၉)-ပေ အုပ်ခုံ အောက်တွင် ဌာပနာ ဗုဒ္ဓရုပ်ပွားတော်များ ရောက်နေသဖြင့် သဖြင့် ပြန်လည်တူးဖေါ်စေခဲ့ရာ ဆင်းတုတော်များ ဌာပနာ အများအပြားကို တွေ့ရှိခဲ့ရပါသည်။ နေရာမှား ဌာပနာခဲ့၍ အဆင်မပြေမှုများ ကြုံရခြင်းဖြစ်ပါသည်။

တည်ဆောက်ရေးအဖွဲ့ကလည်း ဆရာတော်ကြီး ၏

ရည်ရွယ်ချက်များကို အသေးစိတ်ရှင်းပြခဲ့ပြီး၊ ဆရာကျော်ကို သာသနာပြုပါရန် မေတ္တာရပ်ခံသဖြင့် ဆရာကျော်ကလည်း လက်ခံခဲ့ပါသည်။

## ဝိုင်းဝန်းကျိုးဆောင် ဗျာဒိတ်အောင်

(၂၅-၅-၈၄)-နေ့ မူလအုတ်ခုံကို ပြန်လည်ပြုပြင်ပြီး (၉)-တောင်ပြည့် ဗျာဒိတ်ပေးဟန် ဗုဒ္ဓရုပ်ပွားတော်မြတ် ကို မန္တလေးမြို့မှ ရုပ်လုံးထုပန်းရံဆရာကြီး ဦးတင်အောင်အား ဉာဏ်တော် တစ်ပေလျှင် တစ်ထောင်ကျပ်နှုန်းဖြင့်အပ်နှံခဲ့သည်။

၁၈-ရက်နှင့်အပြီးတည်ရန် ရည်မှန်းထားခဲ့ကြ၏။ ထိုရက်အတွင်း မိုးလေ သည်းထန်စွာရွာပြီး မုန်တိုင်းကျရောက်သောကြောင့် ခက်ခက်ခဲခဲ ကြိုးပမ်းလုပ်ကိုင်ခဲ့ကြရပါသည်။

ဦးတင်လှနှင့်အဖွဲ့မှ ဝါးများတင်ပို့ပြီး ငြမ်းဆင်ပေးကြသည်။ ဦးနီနှင့်အဖွဲ့က ယင်းဖျာလိပ်များကို ထမ်းတင်ပို့ခဲ့ကြပြီး၊ ဘုရားလေးဖက်လေးတန်မှ ကာခဲ့ရသည်။ ဦးတင်ဝင်းနှင့်ဦးစိုးအောင်တို့မှ ဝပ်ရှော့ဆရာ-ဦးသန်းစိန်၏ မော်တော်ယာဉ်အကူအညီဖြင့် အခြားလိုအပ်သည့် ပစ္စည်းများကို တင်ပို့ပေးပြီး အပြင်းအထန် ဆောင်ရွက်ခဲ့ကြပါသည်။

ဦးညို (မိုးကုတ်)က မိုးထဲလေထဲတွင် ၁၀-ရက်တိုင်တိုင် ပဋ္ဌာန်းတရားတော်ကို မပြတ်ရွတ်ဆို အဓိဋ္ဌာန်ဝင်ခဲ့ပါသည်။ သဒ္ဓါတရား ထက်သန်ကြသော တည်ဆောက်ရေး

ပုဂ္ဂိုလ်များသည် ကိုယ်တိုင် ကာယ-ဉာဏအား စိုက်သဖြင့် အခက်အခဲ အမျိုးမျိုးကို အများစုပေါင်းအားဖြင့် ကျော်လွှား နိုင်ခဲ့ကြပါသည်။

လက်ရှိအလှူ ရံပုံငွေဖြင့် မလုံလောက်သဖြင့် ဆရာ ကျော်သည် ရန်ကုန်မြို့၊ ပင်းတယမြို့မှ ပါရမီရှင်များကို အလှူ ငွေ ထည့်ဝင်စေခဲ့သည်။

တောင်ကြီးမှ- ဦးစိုးအောင်၊ ဦးနီ၊ ဦးတင်မြင့်၊ ဦးရွှေပေါ၊ ဦးဝင်းမြင့်၊ ဦးအောင်ဝင်း၊ ဦးစန်းမောင်၊ ဦးဝင်းမော်ဦး၊ ဦးမြတ်ဦး တို့ကလည်းကောင်း-

အမျိုးသမီးအဖွဲ့ဝင်များ ဖြစ်ကြသည့် ဒေါ်စန်းစန်းနွယ်၊ ဒေါ်ဆိုင်၊ဒေါ်လှပို၊ဒေါ်သန်းသန်းမြင့်၊ဒေါ်လှငြိမ်း၊ ဒေါ်သန်း သန်းအေး တို့မှလည်း စွမ်းနိုင်သမျှ ကူညီကြသည့် အပြင် အလှူတော်ငွေများကို ကိုယ်တိုင်ထည့်ဝင်ခြင်း၊ ကောက်ခံပေး ခြင်းကြောင့် (၂၅-၃-၈၄) မှ (၁၅-၆-၈၄) နေ့အထိ ၃- လအတွင်း အလှူတော်ငွေ စုစုပေါင်း (၅၃၈၄၅/၆၀ါး) ရရှိ ပြီး တည်ဆောက်ရေးကော်မတီသို့ ပေးအပ်ခဲ့ပါသည်။

သဒ္ဓါကထက်- ကာယအားကသွက်- ဒါနကုသိုလ် အားက ဆက်သဖြင့် မိုးထဲလေထဲ အောင်ပွဲဆင် အနိုင်ရကာ (၁၅-၆-၈၄)နေ့တွင် ဗျာဒိတ်ပေးရုပ်ပွားတော်မြတ်ကြီး ပီပီ ပြင်ပြင် ဖူးတွေ့ရပါတော့သည်။ တောင်ကြီးမြို့သား မြို့သူများ နှင့် တည်ဆောက်ရေး ပါရမီရှင်တို့၏ ကုသိုလ်အောင်ပွဲ

သမိုင်းမှတ်တိုင် တစ်တိုင်ဖြစ်ပါတော့သည်။

### ဗျာဒိတ်မြတ်ရှင် အနေကဇာတင်

ဗျာဒိတ်ပေးဘုရားပြီးသော **၁၃၄၆–ခုနှစ်၊ နယုန်လဆုတ်(၂)–ရက်နေ့၊ (၁၅–၆–၈၄)ရက်၊ သောကြာနေ့** တွင် တောင်ကြီး–ဗျာဒိတ်ပေးဘုရားရှင် ကို နံနက် (၉ း ၂၄)–**နာရီ** တွင် **အနေကဇာတင်မင်္ဂလာ** ပြုလုပ်ခဲ့သည်။

ယက္ကန်းစင်တောင် ဆရာတော်၏တပည့် **မန္တလေးမြို့မ ရသေ့ကြီး–ဦးခန္တီ** တည်ခဲ့သော ဉာဏ်တော် တစ်ဆယ့်ရှစ်တောင် ဗျာဒိတ်ပေးဘုရား **အနေကဇာတင်မင်္ဂလာ** ကိုလည်း တချိန်တည်း ပြုခဲ့ပါသည်။

ဗျာဒိတ်ပေးဘုရား တည်ရာတွင် စုစုပေါင်း ကုန်ကျငွေမှာ ဗုဒ္ဓဝင်ပြပွဲမှရငွေ **(၆၈၃၄၅ိ/ ၁၆ါး)** နှင့် ဘုရားတည်ဆောက်စဉ် ပြီးသည်အထိ အလှူခံရငွေ **(၅၉၀၇၅ိ/ ၅၀ါး)**။ နှစ်ရပ်ပေါင်းငွေမှာ-**(၁၂၇၄၂၀ိ/ ၆၆ါး)** ဖြစ်ပါသည်။

ထို ဗျာဒိတ်ပေးဘုရားသည် စတင်ဆောက်လုပ်မည်ဟု ကြိုးပမ်းခဲ့သည်မှ ပြီးစီးသည်အထိ အချိန် **၁၃–နှစ်ကျော် ၁၄–နှစ် နီး**ပါးကြာ မြင့်ခဲ့သည်။ ပြီးစီးအောင်မြင်ပြန်တော့လည်း **(၁၈)–ရက်** တည်း။ အံ့သြစရာ။

## ရည်ရွယ်ချက်သုံးလီ ဗျာဒိတ်တည်

ရွှေဘုန်းပွင့်ဘုရားတွင် ဗျာဒိတ်ပေးဘုရား ရုပ်ပွား တော်မြတ် တည်ထားရခြင်း၏ ရည်ရွယ်ချက်မှာ-

(၁) ဗုဒ္ဓသာသနာ အဓွန့်ရှည်တည်တံ့ပြန့်ပွားရေး။

(၂) မြန်မာ့ယဉ်ကျေးမှု အဓွန့်ရှည်တည်တံ့ခိုင်မြဲရေး။

(၃) သတ္တဝါအများ ကောင်းကျိုးချမ်းသာရရှိရေး။

## ဂန္ဓကုဋီ တည်ပြန်ပြီ

(၃–၁၁–၈၄)ရက်နေ့ တွင် ရွှေဘုန်းပွင့်ဘုရားဂေါပက - ဖွဲ့၏ ၅/၈၄ အစည်းဝေးပွဲကို ခေါ်ယူကျင်းပခဲ့ကြပါသည်။ ထိုအစည်းအဝေး၌ ဗျာဒိတ်ပေးဘုရားဂန္ဓကုဋီတည်ဆောက် ရေးနှင့် တဆက်တည်း ဂန္ဓကုဋီ အတွင်းတွင် ရှင်သီဝလိနှင့် ရှင်ဥပဂုတ္တ ရုပ်ပွားတော်မြတ် နှစ်ဆူကို တည်ထားကိုးကွယ် ရန် စည်းဝေးတိုင်ပင်ကြပါသည်။

ရဟန္တာရုပ်ပွားတော်များမှာ ညာဏ်တော် ၄-ပေခန့် အမြင့်နှင့် ဂန္ဓကုဋီတိုက်မှာ အလျား ၃၆-ပေ၊ အနံ ၉-ပေ၊ အမြင့် ၂၀-ပေ၊ တည်ဆောက်ရန်။

ထိုဂန္ဓကုဋီ တိုက်အပေါ် အလယ်တွင် အမြင့်(၁၁) ပေ ဘုံသုံးဆင့်ပြဿဒ်နှင့် ဝဲယာနှစ်ဘက်တွင် အမြင့်(၉)-ပေ ဘုံသုံးဆင့်ပြဿဒ် နှစ်-ခုဆောက်ရန်။

ထိုစီမံချက် ၃-ခုကို တည်ဆောက်ရန်ဆုံးဖြတ်ချက်ချ

မှတ်ခဲ့ကြပါသည်။

နှစ်ကုန်ပိုင်းနှင့် နှစ်ဆန်းပိုင်းတွင် ထိုဂန္ဓကုဋီ တည်ဆောက်ရေးအတွက် အလှူငွေကောက်ခံ ခဲ့ကြသည်။

## ဂန္ဓကုဋီတည်ရန် ဖွဲ့စည်းပြင်

(၂၅-၂-၈၅) ရက်နေ့။ ပြည်နယ်သံဃာနာယက ဥက္ကဋ္ဌ-ဆရာတော်၊ မြို့နယ်-သံဃာ့နာယကဆရာတော်များ ပင့်ဖိတ် အစည်းအဝေးကျင်းပပြီး၊ ရွှေဘုန်းပွင့်-ဂေါပကအဖွဲ့ ကို ပြန်လည်ဖွဲ့စည်း ခဲ့ပြန်ပါသည်။

ထိုအဖွဲ့တွင်-

ဆရာကျော် (ရန်ကုန်) နာယက

| | |
|---|---|
| ၁။ ဦးမြင့်ဝေ (စက်မှု အ. ထ. က) | ဥက္ကဋ္ဌ |
| ၂။ ဦးတင်ဝင်း (စန်းမော်ပရိဘောဂ) | ဒု-ဥက္ကဋ္ဌ |
| ၃။ ဦးအောင်မြင့် (ပြည်တော်သာပုံနှိပ်တိုက်) | ဒု-ဥက္ကဋ္ဌ |
| ၄။ ဦးဘိုလှိုင် (မြို့နယ်လျှပ်စစ်ရုံး) | အတွင်းရေးမှူး |
| ၅။ ဦးစိုးအောင် (ကန်ရှေ့ရပ်) | တွဲ- ။ |
| ၆။ ဦးမောင်မောင်မြိုင်(မြန်မာ/ဘဏ်) | ဘဏ္ဍာရေးမှူး |
| ၇။ ဦးစိုးတင့် (ဆ. လ. က) | စာရင်းစစ် |
| ၈။ ဦးပေါက်ကျော် (ငြိမ်း/အတွင်းဝန်) | အဖွဲ့ဝင် |
| ၉။ ဦးသန်းရွှေ (စက်မှု-အ.ထ.ကကျောင်းအုပ်) | ။ |
| ၁၀။ဦးမွှေး (အ. ထ. က-၁) | ။ |

၁၁။ဦးနီ (မြို့မရပ်) ။
၁၂။ဦးတင်လှ (မြို့မရပ်) ။
၁၃။ဦးမြတ်ဦး (ပြည်နယ် ဆ. သ. ရ) ။
၁၄။ဦးညို (မြို့မ သ/မအသင်း) ။
၁၅။ဦးဝင်းမောင်ဦး (တပ်/နည်းပြ) ။
၁၆။ဦးစန်းမောင်(ညောင်ဖြူစခန်း) ။
၁၇။ဦးသန်းဝင်း (ပြည်/စာရင်းရုံး) ။
၁၈။ဦးမျိုးဟန် (ပြည်တော်သာ) ။
၁၉။ဦးသန်းစိန် (ကန်ရှေ့ရပ်) ။
၂၀။ဦးထွန်းမြင့် (ကန်ရှေ့ရပ်) ။
၂၁။ဦးသက်နိုင် (မြို့မရပ်) ။

ဂေါပက ဖွဲ့ပြီးသည်နှင့် ဂန္ဓကုဋီကို စတင်ဆောက်လုပ်ပါတော့သည်။ **၁၉၈၅–ခုနှစ်၊ မတ်လ** အကုန်ခန့်တွင် ဗျာဒိတ်ပေးဘုရား-ဂန္ဓကုဋီ ပြီးစီးပါသည်။

ဂန္ဓကုဋီ-ထီးတော် တင်လှူရန် **(၈–၄–၈၅)–ရက် တနင်္လာနေ့** တွင် ဂေါပကအဖွဲ့၏ ၄/၈၅ အစည်းအဝေး ကျင်းပသည်။ ထိုအစည်းဝေးတွင်-

(၁) **ထီးတော်နေရာချထားရေးကော်မတီ။**

(၂) **ထီးတော်ပင့်ဆောင်လှည့်လည်ရေးကော်မတီ။**

(၃) **အလှူငွေကောက်ခံရေး ဆပ်ကော်မတီ။**

(၄) **ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီ။**

**(၅) လှူဆော်ရေး ဆပ်ကော်မတီ။**

အဖွဲ့များကိုဖွဲ့စည်းခဲ့ကြပြီး၊ ထီးတော်များပင့်ဆောင်ရေး ဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ကြပါသည်။

**(၂၃–၄–၈၅)**-နေ့တွင် ထီးတော်သည် ရန်ကုန်မြို့မှ အောင်ပန်းမြို့သို့ ပင့်ဆောင်ပြီး၊ အောင်ပန်းမြို့တွင် ခေတ္တစံထား နားခဲ့ပါသည်။

**၁၃၄၇–ခုနှစ်၊ကဆုန်လဆန်း(၆)–ရက်၊(၂၄–၄–၈၅) ဗုဒ္ဓဟူးနေ့။** အောင်ပန်းမြို့မှတစ်ဆင့် တောင်ကြီးမြို့သို့ ပင့်ဆောင်ရေးဆပ်ကော်မတီ အစီအစဉ်များဖြင့် ခမ်းခမ်းနားနား ပင့်ဆောင်ကြိုဆိုပြီး၊ တောင်ကြီးမြို့ မင်းကွန်းကျောင်းတွင် စံထားကာ (၉)-ရက်တိုင်တိုင် အပူဇော်ခံခဲ့ပါသည်။

**(၂–၅–၈၅)** နေ့တွင် ထီးတော်ကို ကန်ဦးကျောင်းမှ ညနေ ၂-နာရီတွင် တောင်ပေါ်သို့ပင်ဆောင်ခဲ့သည်။

**(၃–၅–၈၅) ၁၃၄၇–ခု၊ ကဆုန်လပြည့် (သောကြာ) နေ့၊ အရုဏ်တက် (၄)–နာရီ။** အချိန်တွင် ဗျာဒိတ်ပေးဘုရား ပင်မ အလယ်ဘုံပြဿဒ်ထီးတော်ကို တင်လှူခဲ့ပြီး၊ နံနက်ပိုင်း ကြွရောက်လာသော ဧည့်သည်များကို ချာပါတီမုန့် အာဟာရများဖြင့် ကျွေးမွေးဧည့်ခံခဲ့ကြပါသည်။

**နံနက်(၇း၄၅)–နာရီ** တွင် **ရှင်သီဝလိ** နှင့် **ရှင်ဥပဂုတ္တ** ဘုံပြဿဒ် ၂-ခုကို ထီးတော်တင်လှူခဲ့ပါသည်။ ပင့်သံဃာတော် ၃၇-ပါးကို ပင့်၍ အနေကဇာတင်ပြီး၊ နေ့ဆွမ်းအဖြစ်

သက်သတ်လွတ်-အုန်းဆွမ်းကို ဆက်ကပ်ခဲ့ကြပါသည်။

**ရဟန္တာမြတ်(၂)-ဆူ ကိုလည်း ဆက်လက်ထုလုပ်ရာ (၁၈-၁၀-၈၅) ရက်၊ သောကြာနေ့ နံနက်(၉း၄၅)-နာရီမှ ပြီးစီးပါသည်။**

## လျှပ်စစ်မီးရလာ ထိန်ထိန်သာ

(၂၇-၆-၈၈) ရက်နေ့ ၌ ရှမ်းပြည်နယ် ဒေသပါတီ ကော်မတီအတွင်းရေးမှူး ဦးစိုင်းမိုင်း၊ ရှမ်းပြည်နယ် ပြည်သူ့ကောင်စီအတွင်းရေးမှူး ဗိုလ်မှူးစံဝင်း တို့သည် ရွှေဘုန်းပွင့် စေတီတော်အတွက် လျှပ်စစ်မီတာတစ်လုံး အသုံးပြုခွင့် အမိန့်ချပေးခဲ့ပါသည်။

ဦးအောင်မြင့်၊ ဦးသန်းရွှေ နှင့် ဦးစိုးအောင်တို့သည် ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးချို့နှင့်သွားရောက်တွေ့ဆုံခဲ့ရာ ဦးချို့မှ ပြည်နယ်လက်ထောက် အင်ဂျင်နီယာ ဦးစိန်လင်း အား တာဝန်လွှဲအပ်လိုက်သည်။

(၂၈-၆-၈၈) ရက်နေ့တွင် ဦးတင်ဝင်း၊ ဦးစိုးအောင် ဦးနီ နှင့် လျှပ်စစ်ဝန်ထမ်း ၃-ဦးတို့ လျှပ်စစ်မီးသွယ်တန်းရေး အတွက် တိုင်းတာခြင်းလုပ်ငန်းကို ပြုလုပ်ကြသည်။

(၂၂-၁၀-၈၈) ရက်နေ့တွင် ဦးတင်လှနှင့် ဦးသန်းစိန် တို့မှ တောရှင်းခြင်း၊ သစ်သားတိုင် (၁၀)-တိုင် စိုက်ထူခြင်း။

(၅-၁၂-၈၈) ရက်နေ့ ဦးတင်ဝင်း၊ ဦးစိုးအောင်၊ ဦးနီ၊

ဦးဘိုကြီး၊ ဦးစိန်လင်း နှင့် ဦးမောင်ဦး ဦးဆောင်သည့် လျှပ်စစ်လုပ်သား ၁၀-ဦးဖြင့် လျှပ်စစ်မီးသွယ်တန်းပြီး မီတာတပ်ဆင်ခဲ့ကြသည်။

**(၁၄–၁၂–၈၈) ရက်နေ့ ညနေ (၅း၂၇)–နာရီ** တွင် ရွှေဘုန်းပွင့်စေတီ လျှပ်စစ်မီးစတင် ပူဇော်နိုင်ခဲ့ပါသည်။

## သိတင်းသုံးခဲ့ရာ ဝိဟာရာ

ရွှေဘုန်းပွင့်ဘုရား တည်စဉ်ကာလက ယက္ကန်းစင်တောင်ဆရာတော် သိတင်းသုံးခဲ့သော အဆောက်အဦးကို ဂေါပကသြဝါဒါစရိယ ဆရာဆရာကျော်၏ ညွှန်ကြားချက်ဖြင့် ဦးနေဦးခေါင် မှ ကမကထပြုလုပ်ပြီး ဦးစိုးအောင်၊ ဦးနီ၊ ဦးအောင်ဝင်း၊ ဦးအောင်ခိုင်၊ တို့စုစည်းပြီး (၃၁)-ဘုံသားတို့ ကောင်းကျိုးချမ်းသာရရန် (၇)-ရက်သားသမီးများထံမှ **တစ်ဦးလျှင် ၃၀/–ကျပ်တိတိ** အလှူငွေထည့်ဝင်စေလျက် ဓါတုဝိဟာရကျောင်းတော်ကို တည်ဆောက်ခဲ့ကြသည်။

နက္ခတ္တဗေဒပညာရှင် ဆရာကြီး-ဦးကျော်စိန်ထွန်း အခါပေးသည့် **၁၃၅၁–ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၅)–ရက်၊ နံနက် (၄း၅၀)–နာရီ** တွင် စတင်ဆောက်ရွက်ခဲ့ရာ၊ ယက္ကန်းစင်တောင်ဆရာတော်ကြီး ကြေးရုပ်ထုတော်ကို ပလ္လင်တော်နှင့်တစ်ကွ ပြုလုပ်တည်ဆောက်ထားခဲ့ကြပါသည်။
**၁၃၅၁–ခုနှစ်၊ တော်သလင်းလပြည့်နေ့ (၁၉၈၉–ခုနှစ်)**တွင်

အောင်မြင်ပြီးစီးခဲ့ပါသည်။

### ဝိဟာရသစ် ပြန်တည်ဖြစ်

အဆိုပါ ဓါတုဝိဟာရကျောင်းကို ၂၀၀၂-ခုနှစ်၊ အရောက်တွင် **ကျောက်မဲမြို့မှ ဦးဟန်သိန်း+ဒေါ်နန်းရွှေအောင် (ဆင်ဖြူတော် ဆားချိုသီးလုပ်ငန်းမိသားစု)**က ခမ်းနားသပ်ရပ်စွာ တည်ဆောက်လိုကြောင်း ဂေါပကအဖွဲ့သို့ တောင်းဆိုရာ ဂေါပကတစ်ဖွဲ့လုံးကလည်း မူလဓါတ်ပန္နက်ကို မပျက်စေဘဲ တည်ဆောက်ခွင့်ပေးလိုက်သည်။

**(၂၀၀၂)-ခုနှစ်၊ မေလ (၁၉)-ရက်** တွင်ဆောက်လုပ်ပြီးစီးခဲ့ပြီး၊ **ကျပ်ငွေ (၃၈)-သိန်း** ကုန်ကျခဲ့ပါသည်။

### သီတင်းသုံးခဲ့ ရဟန်းအဆက်ဆက်

တောင်ကြီးမြို့-ရွှေဘုန်းပွင့်ဘုရား စတင် ဖြစ်ပေါ်လာရခြင်းသည် ဦးချစ်ပေ (ခေါ်) ဦးဂန္ဓမာ ကြောင့်ဆိုလျှင် မည်သူမှ မငြင်းနိုင်ပါ။ တောင်ကြီးတစ်မြို့လုံးမှလည်း သိရှိကြပါသည်။ သို့သော်- ဦးဂန္ဓမာသည် ထိုစဉ်က ဘုရားတည်ပေးရန်သာအကြောင်းသာပါ၍ ရွှေဘုန်းပွင့်ဘုရားတွင် သီတင်းသုံးပြီး သာသနာပြုရန် အကြောင်းမပါခဲ့ပါ။

နှစ်အနည်းငယ်သာ သီတင်းသုံးနေထိုင်ခဲ့ပါသည်။

**၁၉၇၀-ခုနှစ်၊** ဘုရားကြီးတည်ပြီးသောအခါ လူဝတ်

ကြောင်နှင့်ဖြစ်နေသည်။ တစ်ခါ ရဟန်းဘဝရောက်သွားပြီး ဘုရားတွင် သီတင်းသုံးခဲ့ပြန်ပါသည်။

ယခု တောင်တန်းကြီး၏ တောင်ဘက် ဓာတ်တော်ကြီးဘုရားတွင် သာသနာပြုလုပ်ငန်းများဖြင့် သာသနာပြုနေသော ဆရာတော်ကြီးဖြစ်နေပါသည်။ သက်တော် (၈၀)နှစ်ကျော်နေပါပြီ။

ဒုတိယအကြိမ် ဂေါပကအသစ်ဖွဲ့ပြီး- **တောင်တွင်းကြီးမှ ကိုယ်တော်တစ်ပါးနှင့် ကိုရင်တစ်ပါး** လာရောက်သီတင်းသုံးကြောင်း သိရှိရပါသည်။ ထိုကိုယ်တော်ကြီးသည် လွိုင်လင်မြို့သို့ ကြွသွားပြီး အဆက်ပြတ်သွားပါသည်။

**၁၉၈၄–ခုနှစ်၊ တရုတ်ဘုန်းကြီး**-တစ်ပါး လာရောက်သီတင်းသုံးပြီး ဂူထဲတွင်တရားများကို ကျင့်ကြံအားထုတ်နေသည်။ ထိုနှစ် ဆောင်းတွင်း ဂူထဲ၌ တရားထိုင်ယင်း ပျံလွန်တော်မူသွားပါသည်။ ဝါပြား တရုတ်ဘုံကျောင်းမှ အလောင်းကို လာရောက်ယူပြီး ဂူသွင်းသင်္ဂြိုဟ်လိုက်ကြပါသည်။

**၁၉၈၅– ခုနှစ်၊** တွင် **ဦးပညာဇောတ ၊ ဦးဝိစာရ** ရဟန်းနှစ်ပါး ရောက်လာပါကြသေးသည်။ သို့သော်- ဘာမျှ သာသနာမပြုနိုင်ခဲ့ကြ။

တဖန် **(၁၈–၈–၈၅)နေ့**တွင် ရှမ်းပြည်နယ်တောင်ပိုင်း **ရှာင်မြို့နယ်** မှ **ကိုထိန်ဝင်း(ခေါ်) ဦးနန္ဒာဘာသ** သည် ရောက်လာပြီး သီတင်းသုံးပြန်သည်။ **(၁၃–၁–၈၆)** နေ့တွင်

မြေပြန့်ဘက်သို့ ဂန္ဓာရီခရီး ထွက်မည်ဆိုကာ ထွက်သွားရာ ပြန်မပေါ်လာတော့ချေ။

ထို့ကြောင့် ဂေါပကအဖွဲ့မှ သြဝါဒါစရိယ မင်းကွန်းဆရာတော် ထံ သံဃာတစ်ပါးပို့ပေးပါရန် လျှောက်ထားရာ **ဦးဧသိကဓမ္မ** ကို ရွှေဘုန်းပွင့်ဘုရားကို စောင့်ရှောက်စေသည်။

ဦးဧသိကဓမ္မသည် ထိုရွှေဘုန်းပွင့်ဘုရားတွင် သာသနာပြုရန် အကြောင်းပါလာသဖြင့် ဘုရားတွင် တိုးတက်မှုများ ဖြစ်လာပါတော့သည်။

**(၁၉၈၆)–ခုနှစ်** မှစ၍ ကျောင်းထိုင်ဆရာတော် အဖြစ် သာသနာပြုလုပ်ငန်းကို ဆောင်ရွက်ခဲ့သည်မှာ **၂၀၀၃–ခုနှစ်၊ ၁၃၆၄–ခုနှစ်၊ တပေါင်းလပြည့်နေ့** ပျံလွန်တော်မူသည်အထိ ၁၇–နှစ် တိုင်တိုင် သီတင်းသုံးသွားပါသည်။

မြောက်ဘက်ခြမ်း ပစ္စယံပြို

**၁၉၈၆–ခုနှစ်၊** တွင် ဘုရားမြောက်ဘက်၊ သောကြာထောင့် ပစ္စယံနေရာ ပြိုပျက်ခဲ့ပါသည်။

ဂျီအီးတပ်မှ ဦးထွေး က ပုံစံဆွဲပြီး ဂေါပကအဖွဲ့ဝင် ဦးဝင်းမောင်ဦး ကြီးကြပ်၍၊ စစ်ဦးစီးမှူးပထမတန်း ဗိုလ်မှူးကြီး အောင်သိန်း၊ စစ်ဦးစီးဌာနတို့မှ လိုအပ်သည်များကို လှူဒါန်းပံ့ပိုးပြီး ပြန်လည်ပြုပြင်ခဲ့ကြပါသည်။

တဖန်ဆက်၍ မြောက်ဘက်ပစ္စယံအောက်တစ်ဆင့်

ခိုင်ခန့်စေရန် ကမ္ဘာ့ကျောက်များ စီခြင်းကို လုပ်ဆောင်ကြရာ ဦးသိန်းအောင် ဦးဆောင်သည့် (၂၃၂)-ဆေးတပ်မှ စနေနေ့-တနင်္ဂနွေနေ့တိုင်း ဝေယျာဝစ္စ-ကုသိုလ် လာပေးကြရာ (၄)လကြာသောအခါပြီးစီးခဲ့ပါသည်။ ၄-လအတွင်း ကုသိုလ်ယူသူ စုစုပေါင်းလျှင် **(၁၂၇၅)-ဦး** ရှိသည်ဟု မှတ်တမ်းတင်ထားပါသည်။

## တံတိုင်းပြုပြင် ခင်းရင်ပြင်

ရင်ပြင်တော်ခင်းရန် အတွက် မြေကာနံရံ အုတ်တံတိုင်းများကို ခိုင်အောင် ကာရံရသည်။ ထို့နောက် ရင်ပြင်တော်ကို ခင်းကြပါသည်။

ထိုသို့ ပြုပြင်ရာတွင် တိုင်းတွင်း ပညာပေးသင်တန်း အမှတ်စဉ်-(၈၅) မှ သင်တန်းသားများ **(၁-၁၁-၈၆)နေ့နှင့် (၈-၁၁-၈၆)နေ့** များတွင် ၁၆-ဦး ဖြင့်လည်းကောင်း။

ဦးညိုနှင့် ၈-ဦးအဖွဲ့။ ဘုရားအမိဋ္ဌာန်ဝင် ၁၀-ဦးအဖွဲ့က **(၁-၁၁-၈၆)နေ့** တွင် လည်းကောင်း။

ရဲတပ်ဖွဲ့မှ ကိုသန်းကြည်နှင့်အဖွဲ့ ကလည်း **(၂၅-၁၁-၈၆) (၂၁-၁၂-၈၆)နေ့** များတွင်လည်းကောင်း။

တပ်မ-(၅၅)၊ တပ်ခွဲ-(၁၃) (၁၄) မှ တပ်သား ၂၁၀ တို့ကလည်းကောင်း။

တပ်ခွဲ-(၄၃) မှ တပ်ကြပ်ကြီး ကိုစောထွန်း မှလည်း

၃-လကြာအောင် အပတ်စဉ် ဝေယျာဝစ္စ-ကုသိုလ် ယူခဲ့ကြပါ
သည်။

### ၇-ရက်သားသမီးများ ကုသိုလ်ပွား

ထိုကဲ့သို့ အကြမ်းခင်းပြီးသောအခါ (၁၉၈၆)-ခုနှစ် အကုန်တွင် ဦးဇေယျကမ္မနှင့် တနင်္ဂနွေ-**သားသမီး** တို့သည် **ပစ္စယံ-တနင်္ဂနွေထောင့်**ကို အချောခင်းရာတွင် အလှူငွေများ ပါဝင်လှူဒါန်းပြီး ခင်းခဲ့ကြပါသည်။

ပြည်တော်သာရပ်မှ ဦးထွန်းမြင့်နှင့် အဖွဲ့က **ပစ္စယံ-တနင်္လာထောင့်** ကိုလည်းကောင်း။

**ပစ္စယံ-အင်္ဂါထောင့်**ကို တောင်ကြီးမြို့ ရေအေးကွင်း ရပ်နေ ဆရာမဒေါ်ညွန့်ညွန့်လှိုင်နှင့် မြို့မရပ်နေ (စန်းမော်-ပရိဘောဂ) မှ ဒေါ်စန်းစန်းနွယ် နှင့် ကန်ရှေ့ရပ် (နေဗိုးစာကူး စာရိုက်) မှ ဦးစိုးအောင် တို့ကလည်းကောင်း။

တောင်ကြီးမြို့ သစ်လုပ်ငန်းကော်ပိုရေးရှင်းမန်နေဂျာ ဦးလွင်စိန်+ဒေါ်မြင့်မြင့်စိုး (မိသားစု) ကလည်း **ပစ္စယံ-ဗုဒ္ဓဟူး ထောင့်** အားလည်းကောင်း။

ကျန် **စနေထောင့်၊ ကြာသပတေးထောင့်၊ သောကြာ ထောင့်၊ ရာဟုထောင့်**များကို ရန်ကုန်မြို့မှ ဦးသံဒိုင် ဦးဆောင် သော ဆီမီး (၉၀၀၀)-အဖွဲ့မှ အလှူငွေ (၂၀၃၁၀/-)ကျပ် အကုန်ခံ၍ လည်းကောင်း-

အသီးသီး လှူဒါန်းကြပြီး ရင်ပြင်တော်ကို အချော ခင်းကြသဖြင့် ရွှေဘုန်းပွင့် ရင်ပြင်တော်ကြီးသည် သပ်ယပ် ရှင်းလင်းပြီး ဘုရားဖူးရ အဆင်ပြေလာပါတော့သည်။

(၂၅–၄–၈၇)–ခုနှစ် တွင်လည်း ဗျာဒိတ်ပေးဘုရား ဂန္ဓာကုဋီကို အချောကိုင်ခဲ့ရာ (၂၅–၆–၈၇)–ရက်နေ့ တွင် ပြီးစီးခဲ့ပါသည်။

## ၁၉၈၇–ခုနှစ် ဂေါပကအသစ်

တောင်ကြီးမြို့ မင်းကွန်းကျောင်းတွင် (၂၇–၁၂–၈၇) နေ့တွင် အဖွဲ့ဝင်(၁၈)-ဦးပါသော ရွှေဘုန်းပွင့်ဂေါပက အဖွဲ့ အသစ်ကို ပြန်လည်ဖွဲ့စည်းခဲ့သည်။

| | | |
|---|---|---|
| ဦးဓမ္မပါလာဘိဝံသ | | ဩဝါဒါစရိယဆရာတော် |
| ဆရာကျော် | (ရန်ကုန်) | ဩဝါဒဆရာ |
| ဦးတင်အုန်း | (ဈေးပိုင်း) | နာယက-၁ |
| ဦးမြင့်ဝေ | (စက်မှု ထက) | နာယက-၂ |
| ဦးတင်လှ | (မြို့မရပ်) | နာယက-၃ |
| ဦးအောင်မြင့် | (ပြည်တော်သာပုံနှိပ်) | ဥက္ကဋ္ဌ |
| ဦးသန်းရွှေ | (စက်မှုအထက) | ဒု-ဥက္ကဋ္ဌ(၁) |
| ဦးတင်ဝင်း | (မြို့မရပ်) | ဒု-ဥက္ကဋ္ဌ(၂) |
| ဦးစိုးအောင် | (နေစိုး-စာစီ/ရိုက်) | အတွင်းရေးမှူး |
| ဦးအောင်ဝင်း | (နိုးတူးဝပ်ရှော့) | တွဲ- ။ |

| | | |
|---|---|---|
| ဦးတင်ရွှေအေး | (မြန်မာ့စီးပွားဘဏ်) | ဘဏ္ဍာရေးမှူး |
| ဦးမြတ်ဦး | (ဆက်သွယ်ရေး) | စာရင်းစစ်(၁) |
| ဦးနီ | (မြို့မရပ်) | စားရင်းစစ်(၂) |
| ဦးမောင်၂အေး | (ပောက်ကုန်း) | အဖွဲ့ဝင် |
| ဦးနေဦးခေါင် | (ပြည်/ပညာရေး) | အဖွဲ့ဝင် |
| ဦးကြည်ဖေစိန် | (အထက်တန်းရှေ့နေ) | အဖွဲ့ဝင် |
| ဦးသန်းစိန် | (ကန်ရှေ့) | အဖွဲ့ဝင် |

တို့ဖြစ်ကြပါသည်။

## ရွှေဘုန်းပွင့်အောင်မြေ

**၁၉၈၉–ခုနှစ်၊ ဒီဇင်ဘာလ**အတွင်းတွင် ရွှေဘုန်းပွင့်စေတီတော် ရာဟုဒေါင့်ပြိုသွားရာ ပျက်စီးသွားသောစေတီအထက်ပစ္စယံကို ပထမံဆရာကျော်က **ကျပ်ငွေ လေးသောင်းခွဲ**ကျော် အကုန်ကျခံ ပြုပြင်ခဲ့ပါသည်။ ထိုမြေနေရာကိုလည်း **ရွှေဘုန်းပွင့်အောင်မြေ** အဖြစ် သတ်မှတ်ခဲ့ပါသည်။

ထိုနေရာတွင် သက်သတ်လွတ်စား မေတ္တာဘာဝနာပွားများ အဓိဋ္ဌာန်ဝင်လျှင် အောင်မြင်ကြောင်း ဆရာကျော်က ပြောကြားခဲ့ပါသည်။ အမိကမှာ ယုံယုံကြည်ကြည်နှင့် ပြုလုပ်ရန်ဖြစ်သည်။

## ဘုရားဝတ္တကမြေ

**၁၉၉၀–ခုနှစ်၊ ဇွန်လ(၆)–ရက်နေ့** တွင်တောင်ကြီးမြို့နယ် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ စီမံချက်ဖြင့် မြေစာရင်းဌာနမှ မြေတိုင်းအဖွဲ့နှင့် ဝေါပကအဖွဲ့တို့ပူးပေါင်း၍၊ ရွှေဘုန်းပွင့်ဘုရား ဝတ္တကမြေအဖြစ် မြေတိုင်း တာခြင်း မြေပုံရေးဆွဲခြင်းများ ပြုလုပ်ကြပြီး၊ အောက်ပါအတိုင်း ရွှေဘုန်းပွင့်ဘုရား-ဝတ္တကမြေကို တိုးချဲ့သတ်မှတ်ပြီး အတည်ပြုခဲ့ကြပါသည်။

| | |
|---|---|
| ရွှေဘုန်းပွင့်ကုန်းတော် | ၂. ၅၆၈ ဧက |
| နဂါးရေထွက် | ၄. ၀၁၅ ဧက |
| ပတ္တမြားလှိုဏ်ဂူ | ၁. ၂၉၀ ဧက |
| စုစုပေါင်း | ၇. ၇၈၃ ဧက |

## ဆရာတော်အလှူကျ ကြေးထီးရ

**၁၉၉၀–ခုနှစ်**၊ အကုန်လောက်တွင် ရန်ကုန်မြို့နေ ဦးလှကြိုင် ဆိုသူသည် တောင်ကြီးမြို့သို့ လယ်ယာနှင့် စိုက်ပျိုးရေးဝန်ကြီးဌာနတာဝန်ဖြင့် အလုပ်ပြောင်းရွှေ့လာသည်။

ဦးလှကြိုင်သည် တောင်ကြီးမြို့သို့ ရောက်သည်နှင့် ယက္ကန်းစင်တောင်ဆရာတော် တည်ခဲ့သည့်ဘုရား မည်သည့်နေရာတွင်ရှိကြောင်း မေးမြန်းရင်း ရွှေဘုန်းပွင့်တောင်ပေါ်သို့

ရောက်သွားပြီး၊ ဆရာတော်ဦးဇေသိကဓမ္မ နှင့်တွေ့ဆုံပြီး-

**ဦးလှကြိုင်–** 'တပည့်တော် ဒီဘုရားမှာ ကြေးထီးတော် တင်လှူချင်လို့ပါဘုရား'

**ဦးဇေသိက–** 'ဒီလိုဆို ဘုရားရဲ့ ဩဝါဒါစရိယ-မင်းကွန်း ဆရာတော်ဆီကို သွားတွေ့လိုက်ပါ'

ညွှန်ကြားလိုက်၍ မင်းကွန်းကျောင်းသို့ သွားရောက်ပြီး ဆရာတော်အားဖူးမြော်ပြီး လျှောက်ထားသည်။

**ဦးလှကြိုင်–** 'ဆရာတော် ဒီစေတီဟာ ဘယ်သူ တည်ခဲ့တာပါလဲ ဘုရား'

**ဆရာတော်–** 'ယက္ကန်းစင်တောင် ဆရာတော်တည်ခဲ့တာကွဲ့။ ဒကာကြီးက ဘာကိစ္စရှိလို့လဲ-'

**ဦးလှကြိုင်–** 'တပည့်တော်ရဲ့ ဆရာတော် က တောင်ကြီးမြို့ ယက္ကန်းစင်တောင်တည်ခဲ့တဲ့ ဘုရားမှာ မင်း **ကြေးထီး**သွားတင်ရမယ်ဆိုလို့ လာခဲ့တာပါဘုရား။

ဒီထီးကို ဆရာတော် အနှစ်-(၂၀) အဓိဋ္ဌာန်ခဲ့ပါတယ် ဘုရား။ တပည့်တော် ကလည်း တောင်ကြီးမြို့မှာ တာဝန်ကျလို့ ရောက်လာပါတယ်ဘုရား-'

**ဆရာတော်–** 'စေတီဂေါပကအဖွဲ့နဲ့ တွေ့ဆုံဆွေးနွေးပြီး ဆောင်ရွက်ပါ-' လမ်းညွှန် မိန့်လိုက်သည်။

ဦးလှကြိုင်သည် ရွှေဘုန်းပွင့်စေတီ ဂေါပက ဥက္ကဋ္ဌ ဖြစ်သူ ဦးအောင်မြင်နှင့် ဂေါပကလူကြီးများကို တွေ့ဆုံပြီး

အကြောင်းစုံ ရှင်းလင်းပြောကြားခဲ့သည်။ အဖွဲ့ကလည်း-

ယက္ကန်းစင်တောင်-ဆရာတော် က **ကြေးထီးတော်** တင်လိုသော်လည်း တပည့်ဖြစ်သူ ဦးအာစာရမှ **သံထီးတော်** ပင့်ဆောင်ခဲ့သဖြင့် ဘဝင်မကျဖြစ်နေရာ ယခုကြေးထီးတော် ရောက်လာ၍ ဝမ်းသာဖြစ်မိပြီး လက်ခံခဲ့ကြပါသည်။

### ဒုတိယအကြိမ် ကြေးထီးလှူ

မင်းကွန်းဆရာတော် ဦးဓမ္မပါလာဘိဝံသ ထံမှသံဃာ့ အဆုံးအမ ဩဝါဒကိုခံယူ၍ ဂေါပကအဖွဲ့၏ ဆုံးဖြတ်ချက် ဖြင့် **၁၉၉၂-ခုနှစ်**တွင် ထီးတော်တင်လှူရန် ရက်သတ်မှတ်ခဲ့ ပါသည်။

ကြေးထီးတော်ကို ၃-လတာမျှ အများပြည်သူတို့၏ အပူဇော် ခံခဲ့ပါသည်။ ထိုနောက် ယက္ကန်းစင်တောင်ဆရာ တော်ဘုရားကြီး တင်လှူခဲ့သော **သံထီးတော်**ကို အောက်သို့ ပင့်ချ ခဲ့ကြပြီးလျှင်-

**၁၃၅၃-ခုနှစ်၊ တပေါင်းလပြည့်နေ့ (၁၈-၃-၉၂) ရက် ဗုဒ္ဓဟူးနေ့** တွင် အရံစေတီ (၈)-ဆူ၏ ထီးတော်များ ကို ဦးအေး-(ဂုဏ်ရောင်မုန့်တိုက်) သဒ္ဒါတရားထက်သန်စွာ ဖြင့် ဦးစီးတင်လှူ အောင်မြင်ခဲ့ပါသည်။

ထီးတော်ကြီးကိုမူ မတင်ဖြစ်သေးပေ။

**အများကောင်းစေလို့ သစ္စာဆို**

ဦးလှကြိုင်သည် သမထကျင့်ကြံမှု အားကောင်းသလို ပါရမီကလည်း ပုဂ္ဂိုလ်များနှင့် အဆက်အသွယ်ရှိသည်။

ယက္ကန်းစင်တောင်ဆရာတော် သည် ဦးးအာစာရ ကြောင့် လွဲမှားခဲ့ရသော သံထီးအစား ကြေးထီးတော်ကို နောင်အခါတင်ရန် သင်္ကန်းကျွန်းမြို့နယ် တိုးချောင်လေးရွာ ဘက်မှ ရဟန်းတစ်ပါး အား မှာကြားခဲ့ပါသည်။

ထိုရဟန်းက ယခုအချိန်ကျပြီ ဖြစ်၍ မိမိအား တာဝန်ပေးလိုက်ခြင်းဖြစ်ကြောင်း။ ထီးတော်သည် ခါတ်အရ တင်ရခြင်းဖြစ်ကြောင်း။ ပေါ့ပေါ့ဆဆ လုပ်၍မရကြောင်း။ အသေးစိတ် ရှင်းပြပါသည်။

ထီးတင်ခါနီး ထီးကိစ္စအတွက် အဓိဋ္ဌာန်သစ္စာပြုလုပ်သည်။ ထိုစဉ် အာရုံထဲ- **'ရွှေတိဂုံရာဟုထောင့်တွင် ထိုင်နေသော အသားညိုညို ရဟန်းတစ်ပါးကိုသွားဖူး၊ မယ်လမုဘုရား ကိုလည်းသွား'** ဟု အာရုံပေးသဖြင့်-

နံနက် ရွှေတိဂုံရင်ပြင် ရာဟုထောင့်တွင် သပိတ်ဘေးချလျှက် ပုတီးစိပ် နေသော ရဟန်းတစ်ပါးတည်းသာတွေ့ရ၍ သွားရောက်ဖူးမြော်သည်။ ထိုရဟန်းက-

**ရဟန်း–** 'ဘုန်းကြီး (၁၀၈)-ရက် အဓိဋ္ဌာန်ဝင်ထားတယ်။ ဒကာကြီးတို့ မယ်လမုဘုရားကိုသွားနှင့်ပါ ဘုန်းကြီးလိုက်ခဲ့မယ်-'

ဦးလှကြိုင် အံ့အားသင့်သွား၏။ သူ မယ်လမုဘုရား သွားမည်ကို သိနေသောကြောင့်ခော်တ်မှန်သည်ဟု နားလည် လိုက်ပြီး၊ ထိုရဟန်းအား တောင်ကြီးသို့ပင်ဆောင်လာခဲ့သည်။ ဘွဲ့အမည်မှာ **ဦးဝိဇယ** ဖြစ်ပါသည်။

ထို့ကြောင့် ဦးလှကြိုင်သည် ဦးဝိဇယကို ခေါ်တ်မှန်၍ ပိုကြည်ညိုပြီး ထီးတော်တင်ရေးကိစ္စကိုလည်း သူ့အားဦးစီး စေခဲ့ပါသည်။ ကြေးထီးတော်ကို တင်လှူသူ ဆရာတော် သံ ဃာတော်နှင့် ဒကာ ဒကာမများဝိုင်း၍ သစ္စာဆိုကြပြီး-

**၁၉၉၂-ခုနှစ်၊ ဧပြီလ(၉)-ရက်၊ ၁၃၅၃-ခုနှစ်၊ တန်ခူးလဆန်း(၇)-ရက် ကြာသပတေးနေ့၊ နံနက်(၉း၀၀) နာရီ** တွင် မင်းကွန်းကျောင်းဆရာတော်-ဦးဓမ္မပါလာဘိဝံသ ကိုယ်တော်တိုင် **စိန်ဖူးတော် ငှက်မြတ်နားတော် နှင့် ကြေးထီး တော်**ကို အောင်အောင်မြင်မြင် တင်လှူပေးခဲ့ပါသည်။

နှစ်ပေါင်း (၂၂)-**နှစ်** ကြာမှ ယက္ကန်းစင်တောင် ဆရာတော် ဦးဩဘာသ အလိုတော်ကျ **ကြေးထီးတော်ကြီး** ဖြစ်ခဲ့ပါတော့သည်။

ထူးခြားသည်မှာ သံထီးနှင့် ကြေထီး တစ်ရွယ်တည်း တစ်ပုံစံတည်း ဖြစ်နေသည်။

**သံနှင့်ကြေးထီး တစ်ရွယ်တည်း**
**ရွှေပြည်ကြီး ငြိမ်းစေသတည်း။**

## တတိယအကြိမ် ဂေါပက

ဒုတိယအကြိမ် ထီးတော်တင်ပြီးနောက် စေတီတော် ဂေါပကအဖွဲ့ကို ပြန်လည်ဖွဲ့စည်းပြန်သည်။

| | |
|---|---|
| ဦးဓမ္မပါလာဘိဝံသ | ဩဝါဒါစရိယ-ဆရာတော် |
| ဆရာကျော် | ဩဝါဒါစရိယဆရာ |
| ဦးတင်လှ (မြို့မရပ်) | နာယက (၁) |
| ဦးမြင့်ဝေ (စက်မှု-အ. ထ. က) | နာယက (၂) |
| ဦးထင် (မြို့မဈေး တ/က) | နာယက (၃) |
| ဦးအောင်မြင့် (ပြည်တော်သာပုံနှိပ်) | ဥက္ကဋ္ဌ |
| ဦးတင်ဝင်း (ခန်းမော်ပရိဘောဂ) | ဒု-ဥက္ကဋ္ဌ |
| ဦးဇ (မြသူခရုပ်ရှင်ရုံမန်နေဂျာ) | ဒု-ဥက္ကဋ္ဌ |
| ဦးအောင်ဝင်း (နှိုးတူးဝင်း ဝေါ့ရှော့) | အတွင်းရေးမှူး |
| ဦးသိန်းစိုး (မြို့လယ်ဓမ္မာရုံ) | တွဲ-အတွင်းရေးမှူး |
| ဦးမြတ်ဦး (ဆ. သ. ရ) တ/က | ဘဏ္ဍာရေးမှူး |
| ဦးနီ (မြင်းခြံ-ဆီဆိုင်) | စာရင်းစစ် |
| ဦးကြည်ဖေစိန်(အထက်တန်းရှေ့နေ) | အဖွဲ့ဝင် |

## နေလင်းကုမ္ပဏီ ပါရမီ

ရွှေဘုန်းပွင့်ဘုရားမြောက်ဘက်ရှိချောက်မှာ အနက်ပေ ၄၀၀-ခန့် ရှိပါသည်။ (သောကြာထောင့်) အရံစေတီတည်နေရာသည် မြေမာ-တစ်ဝက်၊ ဖို့မြေ-တစ်ဝက် ဖြစ်သည်။

စေတီပတ်လမ်း ပြုလုပ်ရန် မြောက်ဘက် မြေနေရာ မကျန်တော့ပါ။

ဘုရားပုရဝုဏ် တိုးချဲ့ရေးအတွက် ထိုချောက်ကြီးကို ငွေအား လူအားနှင့် အကြိမ်ကြိမ်ကြိုးစား၍ အုတ်, ကျောက်များဖို့ပြီး အင်္ဂတေလောင်းခဲ့ကြသည်။ ၁၉၇၀ မှ ၁၉၉၃-ခုနှစ်အထိ ကြိမ်ကြိမ် ကြိုးစားခဲ့သော်လည်း မိုးရေက တိုက်စားပြီး ပါပါသွားတော့သည်။

**၁၉၉၃-ခုနှစ်** တွင် နေလင်းကုမ္ပဏီသည် တောင်ကြီးမြို့မဈေးကို တာဝန်ယူဆောက်လုပ်နေစဉ် ကုမ္ပဏီပိုင်ရှင်သည် ရွှေဘုန်းပွင့်ဘုရား ဟု နာမည်ကြားလျှင် မနေနိုင်ကြောင်း-သဒ္ဓါတရားထက်သန်စွာဖြင့် ကူညီဆောင်ရွက်ပေးလေသည်။ အကြောင်းမှာ-

ကုံလုံဆရာတော်ဘုရားကြီး ရွှေဘုန်းပွင့်စေတီ တစ်ဆူတည်နေကြောင်း ကြားသိရ၍ ဘိလပ်မြေအိတ်၅၀၀အိတ် ပေးပို့ လှူဒါန်းခဲ့ဘူးကြောင်း။ ထို့ကြောင့်-

တောင်ကြီးမြို့ ရွှေဘုန်းပွင့်ဘုရားသို့ ရောက်လာပြီး ဘုရားအတွက် လိုအပ်ချက်များရှိပါက ဆောင်ရွက်ပေးလိုကြောင်း။ ဂေါပကအဖွဲ့သို့ လာရောက်ပြောကြားလေသည်။

ဂေါပကအဖွဲ့ ဥက္ကဋ္ဌ-ဦးအောင်မြင့် (ပြည်တော်သာ ပုံနှိပ်တိုက်) ကလည်း ထိုချောက်ကြီး၏ အခြေအနေကို ရှင်းပြလိုက်၏။ ချက်ချင်းပင် လူအင်အား တစ်ရာခန့်ဖြင့် ၂-လ

တာမျှ ဆောင်ရွက်လိုက်ရာ ပြီးစီးအောင်မြင်ခဲ့ပါသည်။

## ကပ်ကျော်ဖို့ရာ ထီးဌာပနာ

အောက်သို့ ချလိုက်သော ထီးကို စနစ်တကျ မသိမ်းဆည်းထားကြဘဲမိုးထဲလေထဲတွင် ထားကြသည်ကို တွေ့၍ ဦးလှကြိုင်၏ဇနီး ဒေါ်ဝင်းဝင်းကြည်က စိတ်မကောင်းစွာဖြင့် ထီးတော်ကို ဗျာဒိတ်ပေးဘုရား ထဲသို့ ရွှေ့ပြောင်းပြီး သိမ်းဆည်းထားလိုက်သည်။ ကြေးထီးမှန်း မသိခဲ့ကြပေ။

တောင်ငူမှ ဦးစောလှ၏သား ဘုန်းဘုန်းကြီး ရောက်လာသောအခါ ပထမထီးနှင့် နောက်ထီးမှာ ပုံစံတူနေသောကြောင့် ထီးတော်ကို သံထီးလော-? ကြေးထီးလော-? ဟု သံချောင်းဖြင့် ခြစ်ကြည့်ရာ **'ကြေး'** ဖြစ်နေသည်။

ထီးတော်ကိုငုံ၍ စေတီတည်ထားလျှင် အလွန်ပင် သင့်မြတ်မည်ဖြစ်ကြောင်း **ဆရာမဒေါ်ချိုချိုဝင်း၏** အခါပေးချက်ဖြင့် ဦးတင်ဝင်း ဒေါ်စန်းစန်းနွယ် မိသားစုက ရာဟုထောင့် ရပ်တော်မူ ဗျာဒိတ်ပေးဘုရားကြီး၏ မြောက်ဘက်နေရာကို ရွေးချယ် သတ်မှတ်ခဲ့ကြပါသည်။

မိသားစု၏ စု ဗူးအလှူတော်ငွေဖြင့် ဒုတိယကြေးထီးတော်ကိုဌာပနာ၍ ကိုးတောင်ပြည့်စေတီတစ်ဆူ တည်လိုက်ကြပါသည်။

၁၃၅၇-ခုနှစ်၊ ဝါဆိုလပြည့်နေ့၊ ၁၉၉၅-ခု၊ ဇူလိုင်

လ၊ ၁၉-ရက်၊ **စနေနေ့၊ နံနက် (၉)-နာရီတိတိ** မိုးထဲလေထဲ ထီးတော်တင်ပွဲ အောင်မြင်စွာ ဆင်နွှဲနိုင်ခဲ့ပါသည်။ ထိုစဉ်က ထီးတော်ကို စာရေးသူ ကိုယ်တိုင် တင်လှူပေးခဲ့ပါသည်။

ကပ်ဆိုးဘေးဆိုးများ ကျော်လွှားစေခြင်းနှင့် ကျက်သရေမင်္ဂလာအဖြာဖြာ ပြည့်စုံစေရန် ဆရာမဒေါ်ချိုချိုဝင်းက-

**"အောင်မင်္ဂလာ လာဘ်ပေါ်ကပ်ကျော်စေတီတော်"**

ဟု ဘွဲ့အမည် ပေးခဲ့ပါသည်။

## ဓါတ်ဘုရားမို့ ဓါတ်မမှားနဲ့

ဤရွှေဘုန်းပွင့်ဘုရားသမိုင်း စတင်ရေးရာ၌ စာအုပ်တွင် ထည့်ရန် ဓါတ်ပုံများကို လေ့လာရာမှ ဒုတိယတင်လှူသော **ကြေးထီးဓါတ်ပုံ** နှင့် ကပ်ကျော်စေတီတွင် ဌာပနာလိုက်သော ထီးဓါတ်ပုံတူနေ၍ မေးမြန်းရာတွင်လည်း-

နေလင်းကုမ္ပဏီက သဒ္ဓါတရားတိုးပွားပြီး ထီးတော်များအားလုံးကို ရွှေချလိုကြောင်းပြောသဖြင့် ဂေါပကလည်း **ရွှေချပြီး ပြန်တင်ကြမည်ဟု**သာ ထင်မှတ်ခဲ့၍ ခွင့်ပြုလိုက်ပါသည်။

သို့သော်- မည်သူ၏ စီစဉ်ကြောင့်မှန်းမသိ **ဒုတိယကြေးထီး** ကို ရွှေမချစေဘဲ၊ **မူလသံထီး** ကိုသာ ရွှေချပြီး ပြန်တင်လှူခဲ့သည်ဟု နောက်ပိုင်းမှ သိရသည်ဟု ဆိုပါသည်။

သို့သော် ဓါတ်မှား၍ အဆင်မပြေမှုများ ဖြစ်လာရ

သလို အချို့ စီးပွားပျက် ဖြစ်သွားကြကြောင်း သိပါရသည်။ စေတီတစ်ခုတွင် ချပြီးသားထီးကို ပြန်တင်သည်ဆိုသည်မှာ မဖြစ်သင့်သော အရာတစ်ခုဖြစ်သည်။

ထို့ကြောင့် ဓါတ်ဘုရားမို့ နားမလည်က ဓါတ်မမှား ကြဖို့ အရေးကြီးပါသည်။

## အေးချမ်းလွှမ်းခြုံ ဓမ္မာရုံ

ရွှေဘုန်းပွင့်ဘုရားတောင်ပေါ် သို့ ပြည်တွင်း ပြည်ပမှ ဘုရားဖူးများ၊ မြို့ရှုခင်းကို လာရောက်လေ့လာသူများနှင့် တဖြည်းဖြည်းစည်ကား များပြားလာသည့်အတွက် **၁၉၉၇– ခုနှစ် မှ ၂၀၀၀–ပြည့်နှစ်အတွင်း** အောက်ပါအဆောက်အဦး များ တိုးချဲ့ဆောက်လုပ်ခဲ့ကြပါသည်။

မိုးကာလတွင် ဘုရားဖူးများ လေဒဏ်မိုးဒဏ် မခံရဘဲ အေးချမ်းစွာဖြင့် ဘုရားဖူးနိုင်ရန်ငှင်း၊ တရားပွဲများ၊ အလှူပွဲများ ကောင်းမွန်စွာ ကျင်းပနိုင်ရန်ငှင်း၊ ရည်ရွယ်၍ ဘုရားတောင်ဘက်ကမ်းပါးကို မေးတင်၍၊ ၅၀-ပေ × ၃၀-ပေ၊ နှစ်ထပ် ဓမ္မာရုံကို တည်ဆောက်လုပ်ကြပါသည်။

**၁၃၆၀–ခုနှစ်၊ ဝါဆိုလပြည့်၊ (၈–၇–၉၈)ရက်၊ ဗုဒ္ဓဟူးနေ့** တွင်၊ သံဃာတော်များကို ပင့်ဖိတ်ပြီး၊ ဓမ္မာရုံ ရေစက်ချပွဲကို ကျင်းပခဲ့ပါသည်။ ၇-ရက်သားသမီး အများစု၏ ကောင်းမှုဖြစ်ပြီး၊ စုစုပေါင်း **ကျပ် ၃၆–သိန်း** ကုန်ကျခဲ့၏။

ထိုမဏ္ဍာရုံဆောက်လုပ်ပြီးစီးသောအခါ ဦးဧသိကဓမ္မ ကမိမိတစ်ပါးတည်းဖြင့် မဏ္ဍာရုံကိုပါ **မစောင့်ရှောက်နိုင်သဖြင့်** သံဃာတစ်ပါးထပ်ပင့်ရန် တောင်းဆိုသဖြင့် ဂေါပကအဖွဲ့မှ စာရေးသူအရှင်အား ထိုစဉ်က လာရောက်ပင့်ကြပါသည်။

စာရေးသူအနေနှင့် သာသနာ့ကိစ္စ များပြားနေသည်မို့ မတက်ရောက်နိုင်သေးကြောင်းအကြောင်းပြန်ပေးခဲ့ပါသည်။

ထို့ကြောင့် မင်းကွန်းကျောင်းမှ သံဃာ ၁-ပါးတောင်းခံခဲ့ရာ ဦးနန္ဒမာလာ ကို စေလွှတ်သီ တင်းသုံးစေခဲ့ပါသည်။

ဦးဧသိကဓမ္မ ပျံလွန်တော်မူပြီး တစ်နှစ်ခန့်အကြာတွင် ဘုရားပေါ် ရာသီဥတုနှင့် သူ၏ကျန်းမာရေးသည် သဟဇာတမဖြစ်၍ ဆက်လက်သီးတင်းမသုံးတော့ချေ။

ဦးနန္ဒမာလာ သည် **၁၉၉၉–ခုနှစ်၊** မှ **၂၀၀၄–ခုနှစ်၊ မေလ** (၁၃၆၆-ခုနှစ်၊ ကဆုန်လပြည့်) အထိ။ (၅)-နှစ်ခန့်၊ သီတင်းသုံး သွားခဲ့ပါသည်။



## သဒ္ဒါရှင် ရောက်လာလျှင်

မဏ္ဍာရုံဆောက်လုပ်ပြီးနောက်၊ ကမ္ဘောဇဘဏ် ဥက္ကဋ္ဌ ဖြစ်သူ ဦးအောင်ကိုဝင်းသည် ညောင်ရွှေ ကန်ကြီးကျောင်းတိုက် ကန်ကြီးဆရာတော်အား ဥပဇ္ဈာယ်ပြု၍ ဒုလ္လဘရဟန်းဝတ်ပြီး၊ ရွှေဘုန်းပွင့်ဘုရားတွင် ချမ်းသာစွာ တရားအားထုတ်ရန် ရောက်လာပါသည်။

ဓမ္မာရုံတွင် သီတင်းသုံးနေစဉ်၊ ဆွမ်းစားကျောင်း၌ ဆွမ်းဘုန်းပေးသည့်အခါ၊ ဆွမ်းချက်သည့်နေရာ ဘေးတွင် ဆွမ်းဘုန်းပေးနေရသည့်အတွက် နေရာကျဉ်းပြီး သန့်ရှင်းမှုလည်းမရှိ၍၊ နောင် သံဃာတော်များ ချမ်းသာစွာ ဆွမ်းဘုန်းပေးနိုင်ပါစေခြင်း အကျိုးငှါ၊ **ဆွမ်းစားကျောင်း** ပြုပြင် ဆောက်လုပ်လှူဒါန်းလိုသည့် သဒ္ဓါတရား ဖြစ်ပေါ်လာပြန်သည်။

ဂေါပကအဖွဲ့ဝင် ဦးတင်ဝင်းအား သူ၏ဆန္ဒကိုပြောပြသည်။ ဦးတင်ဝင်း မှ ဂေါပကအဖွဲ့နှင့် တိုင်ပင်ခဲ့ပါသည်။ ပထမတွင် ဂေါပက ကဆောက်လုပ်လျှင်၊ သူ (၅)-သိန်း အလှူငွေ ထည့်ဝင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထိုနေ့ညနေပိုင်းတွင် သဒ္ဓါတရား ပိုမိုဖြစ်ပေါ်လာ၍၊ မိမိပင် ကုန်ကျငွေအားလုံးကို တစ်ဦးတည်းပင်လှူဒါန်းမည် ဖြစ်ကြောင်း အကြောင်းပြန်ကြားလာပါသည်။

ဂေါပကအနေဖြင့် ဝမ်းမြောက်ဝမ်းသာဖြင့် အလှူရှင် စိတ်ကြိုက်ကန်ထရိုက်-ဦးတင်ဦး အား အပ်နှံ၍ တွက်ချက်စေရာ **ကျပ်ငွေ ၂၆–သိန်း** ကုန်ကျမည်ဖြစ်ပါသည်။

**(၁၈–၇–၉၉)ရက် တနင်္ဂနွေနေ့** တွင်ပင့်သံဃာ ၂၁-ပါးကို ပင့်ဖိတ်ဆွမ်းကပ်ပြီး၊ ဆွမ်းစားကျောင်း အလှူငွေကို ရွှေဘုန်းပွင့်ဂေါပက အား ရေစက်ချလှူဒါန်းခဲ့ပါသည်။

အလှူငွေကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ လည်းဖြစ်၊ ရွှေဘုန်းပွင့်ဘုရား ဂေါပက

ဥက္ကဋ္ဌ ဖြစ်သော **ဦးဘိုးတု** က လက်ခံခဲ့ပါသည်။

ဆွမ်းစားကျောင်းကို ၂-လနှင့် ပြီးစီးအောင်ဆောက်ခဲ့ပါသည်။ ထိုဆွမ်းစားကျောင်းဆောင် ကို **'အောင်ဘောဓနဆွမ်းစားကျောင်း'** ဟုအမည်ပေးခဲ့ပါသည်။

ဆွမ်းစားကျောင်း ပုံစံဆွဲစဉ်က၊ အပေါ် မြေညီ တစ်ထပ်တည်းသာ။ အောက်ထပ်ကို အုတ်နံရံကာလိုက်လျှင် ပိုမို၍ခိုင်ခန့်ပြီး၊ အခန်းများလည်း ဖြစ်ပေါ်လာမည်။

ဂေါပကအဖွဲ့အနေနှင့် လုပ်လက်စ ကလည်းဖြစ်နေ မြေနေရာမှာ ကျဉ်းနေသောကြောင့် အောက်ထပ်ကို အုတ်နံရံကာလျှင် ကျပ် ၁၀-သိန်းကုန်ကျမည်ဖြစ်၍၊ အောက်ထပ်ကို အခန်းပြုလုပ်ရန် ဂေါပကအဖွဲ့မှ ဆုံးဖြတ်ခဲ့ကြပါသည်။

အရှေ့ဘက်ကမ္ဘားကို မေးတင်ဆောက်လုပ်ထားပါသည်။ ၃၆-ပေ × ၂၂-ပေ၊ နှစ်ထပ်ကျောင်းဆောင် ဖြစ်လာပါတော့သည်။ အောက်ထပ်သည် ၇-ရက် သားသမီး အများကောင်းမှုဖြစ်ပါသည်။

**သဒ္ဒါမရပ် ကုသိုလ်ထပ်**

**(၁၆-၄-၂၀၀၀)ပြည့်နှစ်** ဆွမ်းစားကျောင်းရေစက်ချပွဲ အခမ်းအနားတွင် ဦးအောင်ကိုဝင်းနှင့်ဇနီး ဒေါ်နန်းသန်းထွေး (မိသားစု)သည် သဒ္ဒါတရားကမရပ် ကုသိုလ်တွေထပ်လိုက်ပုံက **ဆွမ်းချက်ကျောင်းဆောင်** ဆောက်လုပ်ရန်

**ကျပ်ငွေ ၂၈–သိန်း** ကို ထပ်မံ လှူဒါန်းကြပြန်သည်။

ဆွမ်းချက်ဆောင် ကို ဆွမ်းစားကျောင်းဆောင် ၏ မြောက်ဘက်တွင် အာရ်စီတိုင်၊ ကွန်ကရစ်အခင်းဖြင့် နှစ်ထပ် ဆွမ်းချက်ဆောင်ကို ဆောက်လုပ်ခဲ့သည်။ ဆွမ်းချက်ဆောင် သည် သပ်ရပ်သွားပြီး ကျယ်ဝန်းလာသဖြင့် အလှူအတန်း ဆွမ်းချက်ရသည်မှာ အဆင်ပြေသွားပါသည်။

## ကတ္တရာလမ်းနှင့် အဝင်မုခ်ဦး

ပတ္တမြားဂူထဲတွင်လည်း စေတီတစ်ဆူ တည်ခဲ့ကြပါ သေးသည်။ ဘွဲ့အမည်မှာ **ပတ္တမြား–စေတီတော်** ဖြစ်ပါသည်။

ရွှေဘုန်းပွင့်ဘုရားသို့ အနယ်နယ်အရပ်ရပ်မှ ဘုရား ဖူးများ လာသည့်အခါ၊ မော်တော်ကားများ အန္တရာယ်မဖြစ် စေရန် တောင်ပေါ်ပတ်လမ်းနှင့် ရွှေဘုန်းပွင့်ဘုရားသို့ လမ်းခွဲ သည့်နေရာမှ စ၍ရွှေဘုန်းပွင့်ဘုရားသို့အရောက် ကတ္တရာ လမ်းကို တိုးချဲ့ကတ္တရာလမ်း အဖြစ်ခင်းခဲ့ကြပါသည်။

အမှတ်(၁) တည်းခိုရေးစခန်းမှ ဗိုလ်ကြီးမြင့်ဟန် ဦးစီး ၍ လူအင်အား ၃၀-၄၀-ခန့် ဖြင့် ပြုလုပ်ကြသည်ဟု သိရပါ သည်။ ဗိုလ်ကြီးမြင့်ဟန် မိသားစုသည် ရာဟုထောင့် အဓိဋ္ဌာန် အောင်မြေနေရာကို ကျောက်ပြားများ ခင်းလှူခဲ့ပါသည်။

ဘုရားကုန်းတော် အတက်တွင်- ရွှေဘုန်းပွင့် အဝင် ကျက်သရေတင့်စေရန် အဝင်မုခ်ဦးကို တမ္ပဝတီဦးဝင်းမောင်

၏ ပုဂံအနုပညာလက်ရာပုံစံဖြင့် လှပစွာဆောက်လုပ်ခဲ့ပြန်ပါသည်။ ရွှေဘုန်းပွင့်စေတီတော်သည် ပိုမိုကြည်ညိုဘွယ် ဖြစ်လာပါတော့သည်။

**၁၃၆၄–ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁၂)–ရက် (၁၆–၁၁– ၂၀၀၂)–ခုနှစ်၊ စနေနေ့၊ နံနက် (၉း၄၅)–နာရီ** အချိန်တွင် အလှူရှင်များဖြစ်ကြသော ကမ္ဘောဇဘဏ်လီမိတက် (ဥက္ကဋ္ဌ)-ဦးအောင်ကိုဝင်း နှင့် ဇနီး ကမ္ဘောဇဘဏ်-လီမီတက် (ဒု-ဥက္ကဋ္ဌ)- သီဟသုဓမ္မသိင်္ဂီ ၊ သီရိသုဓမ္မသိင်္ဂီ ၊ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်နန်းသန်းထွေး (လူမှုထူးချွန်-ပထမဆင့်) မိသားစုမှ -

| | |
|---|---|
| ဆွမ်းချက်ဆောင်အတွက် | ငွေကျပ် ၂၈-သိန်း၊ |
| မုခ်ဦးအတွက် | ငွေကျပ် ၇၀-သိန်း၊ |
| ကားလမ်းအတွက် | ငွေကျပ် ၁၀၀-သိန်း၊ |

ရွှေဘုန်းပွင့်ဓမ္မာရုံ လင်းနို့တောင်ပံ-ပန်းဆွဲ အပါအဝင် လှူဒါန်းမှုစုစုပေါင်း ငွေကျပ်သိန်း-၂၀၀ကျပ် ကျော် လှူဒါန်းပွဲ၌ သံဃာတော်များအား ပင့်ဖိတ် ဆွမ်းဆက်ကပ်ပြီး ရေစက်ချ လှူဒါန်းခဲ့ကြပါသည်။

**ပုဗ္ဗေ စ ကတပုည ကြောင့် ဘောဂသမ္ပတ္တိ** ၏ပြည့်စုံခြင်း မင်္ဂလာတွေပါ။

## ၂၀၀၄ ခု–နှစ်
## တောင်ကြီးမြို့ ရွှေဘုန်းပွင့်ဘုရား ဂေါပကအဖွဲ့

ဗိုလ်ချုပ်ခင်မောင်မြင့် (ရပခ-တိုင်းမှူး) နာယက
ဦးအောင်ကိုဝင်း (**KBZ**-ဘဏ် ဥက္ကဌ) နာယက

| | |
|---|---|
| ၁။ ဦးတင်ဝင်း | ဥက္ကဌ |
| ၂။ ဦးထွန်းတင် | ဒု-ဥက္ကဌ |
| ၃။ ဦးသိန်းစိုး | အတွင်းရေးမှူး |
| ၄။ ဦးရဲဖေ | တွဲ-အတွင်းရေးမှူး |
| ၅။ ဦးမင်းဝေ | ဘဏ္ဍာရေးမှူး |
| ၆။ ဦးရဲတင့် | တွဲ-ဘဏ္ဍာရေးမှူး |
| ၇။ ဦးသိန်းညွန့် | အဖွဲ့ဝင် |
| ၈။ ဦးညာဏ်ထွန်း | အဖွဲ့ဝင် |
| ၉။ ဦးတင်မောင်အေး | အဖွဲ့ဝင် |
| ၁၀။ ဦးစိုးလှိုင် | အဖွဲ့ဝင် |

တို့ ပါဝင်သောဂေါပကအဖွဲ့ကို ဖွဲ့စည်းခဲ့ပါသည်။

### ပထမအကြိမ်ကျင်းပ ဗုဒ္ဓပူဇနိယ

စာရေးသူအရှင် ကျောင်းထိုင်သည့် ၂၀၀၅-ခုနှစ် တွင်။ (ရ. ပ. ခ)တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့် က ဦးစီး ဦးဆောင်ပြုကာ ပထမ-အကြိမ် ရွှေဘုန်းပွင့်စေတီတော်မြတ်

**ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော် (တပေါင်းပွဲ)ကို ၁၃၆၆–ခုနှစ်၊ တပေါင်းလဆန်း (၁၄)–ရက်မှ တပေါင်းလပြည့်ကျော်(၄)–ရက်။ ၂၀၀၅–ခုနှစ်၊ မတ်လ ၂၃–ရက် မှ ၂၈–ရက် အထိ** (၆)-ရက်တိုင်တိုင် ကျင်းပခဲ့ကြပါသည်။

ဩဝါဒါစရိယ ဆရာတော်ကြီးများဖြစ်သော သိမ်တောင်ကျောင်းဆရာတော်ကြီး၊ ဥတ္တရာရုံကျောင်း ဆရာတော်ကြီး၊ ဘုရားကြီးအနောက်ကျောင်းဆရာတော်ကြီး တို့ တက်ရောက် ချီးမြှင့်ပေးတော်မူကြပါသည်။

ထိုပွဲတွင် ဆီမီး တစ်ထောင်ညစဉ်ထွန်းညှိပူဇော်ခြင်း။ ပန်းတစ်ထောင်ပူဇော်ခြင်း၊ တို့ကို ပြုလုပ်ခဲ့ကြပြီး ဘဏကသံဃာ ၁၂-ပါးတို့က(၆)-ရက်တိုင်တိုင် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ် ပူဇော်ခဲ့ကြသည်။

ဖွင့်ပွဲကို တိုင်းမှူး ဗိုလ်ချုပ်-ခင်မောင်မြင့်နှင့်ဇနီး ဒေါ်ဝင်းဝင်းနု တို့ကိုယ်တိုင် ပွင့်လှစ်ပေးခဲ့သည်။

ထူးခြားချက်မှာ-

(၂၂-၃-၂၀၀၅) ပွဲတော် အကြိုည (၈း၁၅) နာရီအချိန်တွင် ၃-ပေအရှည်ခန့် လင်းမြွေငယ်-တစ်ကောင် သည် စေတီတော် ရင်ပြင်တော်ပေါ်သို့ တက်ရောက်လာပြီး၊ ဗုဒ္ဓဟူးထောင့် အောက်ပစ္စယံတွင် အကြိမ်ကြိမ် ဦးချကန်တော့သည်ကို လူအများမြင်တွေ့ကြရပြီး၊ဓာတ်ပုံရိုက်ထားရန် ပြောကြဆိုကြသည်။ သို့သော် ကင်မရာပါလာသူ မရှိချေ။

ပြည်နယ်မီးသတ် ဦးစီးမှူး ဦးမျိုးမြင့်က ဖုန်းဆက်၍ သူတပည့်အား ကင်မရာ ယူတက်လာခိုင်းသည်။ ၄၀-မိနစ်ကြာမှ ကင်မရာ ရောက်လာသည်။ ဓါတ်ပုံရိုက်ယူပြီး ခဏအကြာတွင် မြွေငယ်ကိုသွားကြည့်ရာ ထိုနေရာတွင်မရှိတော့ချေ။

တိုင်းမှူးက ထိုနေရာတွင် မြွေငယ်ဘုရားဖူးဟန်ရုပ်တု ထုလုပ်ရန် ဂေါပကအား လမ်းညွှန်ပေးခဲ့ပါသည်။

စေတီတည်ပြီးသည်မှာ ၃၅-နှစ်ကြာခဲ့ပါပြီ။ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့် လက်ထက်ရောက်မှ သတ်သတ်မှတ်မှတ် ရွှေဘုန်းပွင့်တပေါင်းဘုရားပွဲ ဖြစ်မြောက် လာပါတော့သည်။

အရှေ့ပိုင်းတိုင်း တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်သည် သူ၏သဒ္ဓါဖြင့် ရွှေဘုန်းပွင့်-စေတီတော်မြတ်ကြီးကို တောင်အောက်နှင့် အဝေးမှ အများပြည်သူတို့ သပ္ပါယ်စွာ ဖူးမျှော်နိုင်ရန် ခြောက်သိန်းကျပ်ခန့်တန်သော မီးဆလိုက်ကြီး လေးခုကို လှူဒါန်းခဲ့ပါသည်။ စေတီတော် အပေါ်ပစ္စယံတွင် သံမုခ်ဦးလေးခု ကိုလည်း လှူဒါန်းခဲ့ပါသည်။

(ရ. ပ. ခ)တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ကမ္ဘောဇဘဏ်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းတို့ ဘုရား၏ နာယကကြီးများအဖြစ်ဝင်ရောက်လာသည့် အချိန်မှ စ၍ ရွှေဘုန်းပွင့်ဘုရားသည် ယခင်ကထက် ပိုမိုစည် ကားလာပါသည်။

ကမ္ဘောဇဘဏ် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းသည် ၂၀၀၄ ခုနှစ်မှ စ၍ ရွှေဘုန်းပွင့်စေတီတော်တွင် သင်္ကြန်အကျ နေ့မှ နှစ်ဆန်းတစ်ရက်နေ့ တိုင်အောင် နေ့စဉ် ရွှေဘုန်းပွင့်ဘုရားသို့ ကျောင်းတက်လာသော အယုတ်အလတ်အမြတ်မရွေး လူပရိတ်သတ် ၃-ထောင်ကျော်ကိုစတုဒိသာ အဖြစ်ကြာဆန် ဟင်းခါး၊ မုန့်လက်ဆောင်း၊ မုန့်လုံးရေပေါ်၊ ထမင်း အာဟာရ တို့ဖြင့် ကျွေးမွေး ဧည့်ခံပါသည်။ နေ့စဉ် ကျပ် ၁၀-သိန်းမှ ၁၅-သိန်း အထိ အလှူငွေကုန်ကျပါသည်။

## အောင်မြင်ကံဆင့် ရွှေဘုန်းပွင့်

ကမ္ဘောဇဘဏ် ဥက္ကဋ္ဌ ဒကာကြီး- ဦးအောင်ကိုဝင်း သည် ဘော်ဆိုင်း-တွဲဖက်အထက တွင် ကျောင်းဆရာ အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်ပါသည်။

၁၉၈၀-ခုနှစ် ခန့်ဆီက ရွှေဘုန်းပွင့်ဘုရားသို့ မကြာခဏ အဓိဋ္ဌာန်ဝင်ပုတီးစိပ် လေ့ရှိသည်။ အောင်မြင်ခဲ့ပါသည်။ များမကြာမီ သူ၏လုပ်ငန်းများလည်း တစ်ဆင့်ထက်တစ်ဆင့် အောင်မြင်တိုးတက်ခဲ့ပါသည်။ အတိတ်က ကံအားကောင်း များရှိခဲ့သလို ပစ္စုပ္ပန်တွင်လည်း ထိုကံရေစီးလာစေရန် စရဏ ကံများ၊ ဘာဝနာကံများ၊ ဒါနကံများ၊ ပြုခဲ့သဖြင့် အံ့မခန်း အောင် အကျိုးပေးခဲ့ပါသည်။

ဤသို့ အောင်မြင်ရန် ရွှေဘုန်းပွင့်တွင် ကံဆင့် ခဲ့၍၊

အဓိဋ္ဌာန်ဝင်ခဲ့၍ အောင်မြင်ခဲ့ရကြောင်း။ ဒကာကြီးက သူ၏ ဖြစ်စဉ်အကျဉ်းအား ဖွင့်ပြောပြခြင်းကို ဦးတင်ဝင်းမှ ဖေါ်ပြစေ လို၍ သမိုင်းရေးသူက အများပြည်သူတို့ကိုလည်း လောက ရေးရာ အောင်မြင်စေလို၍ စေတနာကောင်းဖြင့် စာဖတ်သူ များအား တင်ပြရင်း ရွှေဘုန်းပွင့်-သမိုင်းကို နိဂုံးကမ္ပတ် အဆုံးသတ်လိုက်ပါသတည်း- - -။

သူတော်အလေ့ ပွားထုံမွေ့၍
ဣန္ဒြိဖုံဖုံ ကုံလုံပြည့်ကာ၊
ဘုန်းကံကြွယ်ဖြိုး လူဖြစ်ရကျိုး
တကယ်နပ်အောင် ဆောင်နိုင်ကြပါစေ-။

စာရှုသူအပေါင်း-
သမိုင်းသုတ တိုးပွားကြပါစေ၊
ဆုမွန်ရွှေလျှက်---

ဘဒ္ဒန္တဝါသေဋ္ဌ
(ရွှေဘုန်းပွင့်ဆရာတော်)
တောင်ကြီးမြို့။

ပြီးပါပြီ